Arakan Post
Monthly Journal
ရခိုင်သတင်းစဉ်

နိုဝင်ဘာလ ၂၀၁၀
သီတင်းကျွတ်–တန်ဆောင်မုန်းလ ၁၃၇၂
အတွဲ ၄ အမှတ် ၁

ဒီရေများ
မြင့်တက်နေမှုကြောင့်
သောင်းချီသော
စပါးစိုက်ခင်းများ
ပျက်စီး



ရခိုင်တေးစီးရီး
လောကသို့
တစေ့တစောင်း

ရခိုင်အမျိုးသမီးများကရွေးကောက်ပွဲအားဆန့်ကျင်ဆန္ဒပြ

ဂီရိမုန်တိုင်းကြောင့်ရခိုင်တွင်အိမ်ခြေပေါင်း ၇၀၉၇၅ ပျက်စီးပြီး
လူပေါင်း ၂ သိန်းကျော်ဒုက္ခရောက်

နေစရာ အိမ်မကျန်လိုက်သော ကျေးရွာများမြင်ကွင်း

ထွန်းထွန်း
၀၂၊ ၁၁၊ ၁၀

အောက်တိုဘာလ ၂၂ ရက်နေ့က တိုက်ခတ်ခဲ့သော ဂီရိကြောင့် အိမ်ခြေပေါင်း ၇၀၉၇၅ ပျက်စီးပြီး လူပေါင်း ၂ သိန်းကျော် ဒုက္ခရောက်နေကြောင်း အောက်တိုဘာလ ၁ ရက်နေ့က ထုတ်ပြန်သော ယူအန် အစီရင်ခံစာတွင် ဖေါ်ပြသည်။

မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး ခံလိုက်ရသည့် မြို့နယ်များမှာ မြေပုံ၊ ပေါက်တော၊ ကျောက်ဖြူ၊ မင်းပြားမြို့နယ်တို့ ဖြစ်ကြောင်းနှင့် အဆိုပါ မြို့နယ် ၄ ခုထဲတွင် အပျက်အစီး အများဆုံးဒေသမှာ ကျွန်းသာယာ (မြေပုံ)နှင့် ဖရုံကာကျွန်း (ပေါက်တော)ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖေါ်ပြထားသည်။

စစ်အစိုးရဘက်မှ ထုတ်ပြန်ချက်ကို ကိုးကားပြီး သေဆုံးသူ ၄၅ ဦး၊ ပျောက်ဆုံး ၁၀ ဦးနှင့် ဒဏ်ရာရသူ ၄၉ ဦး ဖြစ်ကြောင်း ဖေါ်ပြရေးသားသည်။

၎င်းပြင် ခန့်မှန်းခြေအရ စိုက်ပျိုးနေသောလယ်မြေကေပေါင်း ၁၇၅၀၀ မှာ လုံး၀ ပျက်စီးခဲ့ပြီး အခြေခံမူလတန်းကျောင်းပေါင်း ၂၇၉ လုံးနှင့် အလယ်တန်းကျောင်းပေါင်း ၂၄ လုံး၊ အထက်တန်းကျောင်းပေါင်း ၁၅ လုံးမှာ ပျက်စီးသွားကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖေါ်ပြသည်။ ယူအန်နှင့် အစိုးရ

စာမျက်နှာ ၂ ကော်လံ ၁

မြေပုံမြို့နယ်မှ သေဆုံးသူ ၈၃ ဦးစာရင်း

မင်းဆက်ခိုင်
၂၉၊ ၁၀၊ ၁၀

ရခိုင်ပြည်နယ် စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်တွင် ယခုလ ၂၂ရက်နေ့က ၀င်ရောက်တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီး သောင်းချီသောပြည်သူများ အိုးမဲ့အိမ်မဲ့ ဖြစ်နေကြရသည်။

မြေပုံမြို့နယ်မှာ အဆိုးရွားဆုံး မုန်တိုင်းဒဏ်ကို ခံလိုက်ရသော မြေပုံမြို့နယ်ဖြစ်ပြီး မြို့နယ်တစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်းမှာ ပျက်စီးသွားခဲ့သည်။

ယခုအချိန်ထိ မြေပုံမြို့နယ်တွင် သေဆုံးသူ အလောင်း ၈၃လောင်းကို ရှာဖွေတွေ့ရှိထားပြီး ကျန်ပျောက်ဆုံးနေသည့် အလောင်းများကိုလည်း ရှာဖွေနေဆဲဖြစ်သည်ဟု နိရဉ္ဇရာမှ စုံစမ်းသိရှိရသည်။

နိရဉ္ဇရာသို့ မြေပုံမြို့နယ် လူမှုကယ်ဆယ်ရေးအဖွဲ့မှပေးပို့သော လူသေအလောင်းနှင့် ကျေးရွာများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ငရွှေကျေးရွာ – ၁ယောက်
၂။ အမျက်ထွက်ကျေးရွာ – ၅ယောက်
၃။ မြေပုံ ကမ်းသာချောင်းဝရပ်ကွက် – ၁ယောက်
၄။ သဲချောင်းကျေးရွာ – ၂ယောက်
၅။ မြိုင်သာယာကျေးရွာ – ၆ယောက်
၆။ ပြင်ဝန်း ကျေးရွာ – ၂၇ယောက်
၇။ တောင်ချောင်းကျေးရွာ – ၆ယောက်
၈။ တောင်ဖိုင်ကျေးရွာ – ၃ယောက်
၉။ ကြာအင်းတောင်ကျေးရွာ – ၁ယောက်
၁၀။ ကျီးခေါင်းတောင်ကျေးရွာ – ၁၁ယောက်
၁၁။ ရေရှင်ကျေးရွာ – ၁ယောက်

စာမျက်နှာ ၂ ကော်လံ ၁

ဓါတ်ပုံသတင်း

မြ၀တီမြို့ကို တိုးတက်သော ကရင် ဗုဒ္ဓဘာသာတပ်မတော် DKBA သိမ်းပိုက်ပြီးနောက် ထိုင်းနိုင်ငံသို့ ထွက်ပြေးလာကြသော မြ၀တီမြို့မှ ဒေသခံပြည်သူများ မဲဆောက်မြို့တွင် ခိုလှုံနေကြစဉ်။ ယခုအခါ မြ၀တီမြို့ကို နအဖ စစ်တပ်မှ ပြန်လည်သိမ်းပိုက်လိုက်ပြီဖြစ်သော်လည်း အများစုမြန်မာ ပြည်သူများမှာ မဲဆောက်မြို့၌ ခိုလှုံနေကြဆဲဖြစ်ကြောင်း သိရသည်။

Arakan Post
Monthly Journal ရခိုင်သတင်းစဉ်
November 2010

ဂီရိမုန်တိုင်းကြောင့်ရခိုင်တွင်အိမ်ခြေပေါင်း ၇၀၉၇၅ ပျက်စီးပြီးမှ အဆက်

အဖွဲ့အစည်းတွေက လေဘေးအကူအညီများ ဖြန့်ဝေပေးနေသော်လည်း ထိုဒေသတွင် ဖြန့်ဝေနေသော ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် အစားအစာ၊ ရေသန့်၊ ဆေးဝါး၊ ရေဘေးဒုက္ခသည်များ ကျန်းမာရေးနှင့် အခြေအနေအရပ်ရပ်ကို အနီးကပ် စောင့်ကြပ်ပေးရန် အကြီးအကျယ် လိုအပ်နေကြောင်းလည်း ဖော်ပြထားသည်။

အောက်တိုဘာ ၂၉ ရက်နေ့က WFP အဖွဲ့ ဆန်အိပ်ပေါင်း ၅၄၀ လုံးကို မြို့နယ်လေးခုမှ အိမ်ခြေပေါင်း ၁၁၀၅၀ ကို တစ်လအတွက် ဖြန့်ဝေပေးနိုင်ခဲ့သည်ဟု ဆိုသည်။

အောက်တိုဘာလ ၂၈/၂၉ ရက်နေ့က စစ်တွေမြို့ရှိ အစိုးရ အရာရှိများနှင့် အင်ဂျီအိုအဖွဲ့များဖြစ်သည့် RC^HC, UNHCR, UNDP and OCHA မှကိုယ်စား လှယ်များနှင့် UN, INGO^NGO တွေ့ဆုံဆွေးနွေးချက်အရ ၂၉ ရက် နေ့က ယူအန်မှ တချို့ကိုယ်စား လှယ်များ ပေါက်တောမြို့နယ်သို့ သွားရောက်ကြည့်ရှုခဲ့သည်ဟု ဆို သည်။

မုန်တိုင်း ကျရောက်ခဲ့သည့် တချို့နေရာများသို့ အလှူပစ္စည်းများ သယ်ယူပို့ဆောင်ရန် လမ်းပန်းဆက်သွယ်ရေး ဆိုးဝါးနေသဖြင့် အခက်အခဲများ ရှိနေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

မြေပုံမြို့နယ်မှ သေဆုံးသူ ၈၃ ဦးစာရင်းမှ အဆက်

၁၂။ ဝမ်းခေါက်မော် ကျေးရွာ – ၁ယောက်

၁၃။ မြေပုံ ရွာသစ်တည်ရပ်ကွက် – ၁ယောက်

၁၄။ ကြို့ဟင်းခင်းကျေးရွာ – ၁ ယောက်

၁၅။ မင်းချောင်းကျေးရွာ – ၃ ယောက်

၁၆။ ရေနီကြီးကျေးရွာ – ၂ ယောက်

၁၇။ အင္ဂူကျေးရွာ – ၁ ယောက်

၁၈။ ထူးချေကျေးရွာ – ၁ ယောက်

၁၉။ ဒိုင်းပုံကျေးရွာ – ၅ ယောက်

၂၀။ နပ်လှကျေးရွာ – ၂ ယောက်

၂၁။ ကန်းညင်ကြီးကျေးရွာ – ၁ ယောက်

၂၂။ (အမည်မသိရွာ) – ၁ ယောက်

မြေပုံမြို့နယ်တွင် ကျေးရွာအုပ်စု ၅၁အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၅၀ကျော်ရှိသည်။ နအဖ စစ်အစိုးရမှ ရခိုင်ပြည်နယ် တစ်ခုလုံးတွင် ၂၇ ဦးသာ သေဆုံးကြောင်း ထုတ်ပြန်ထားသည်။ သေဆုံးသူ ၈၃ ဦး စာရင်းရထားသော်လည်း ယခုရရှိထားသည့် စာရင်းထက် ပိုမိုများပြားနိုင်ကြောင်း ဒေသခံများက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွှတ်ပေးဖို့မှ အဆက်

တွင်း ပိုမိုပေါင်းစည်းရေး ကြိုးပမ်းမှု များအပေါ် အများကြီး ဂယက် ရိုက်ခတ်လာနိုင်ကြောင်း အာဆီယံ ခေါင်းဆောင်များကို သတိပေး ပြောကြားခဲ့သည်ဟု သိရသည်။

မြန်မာ စစ်အစိုးရပြုလုပ်မည့် ရွေးကောက်ပွဲသည် စစ်အုပ်ချုပ်ရေးကို အရပ်သား မျက်နှာဖုံး တပ်ရန် ကြိုးပမ်းချက်တရပ်သာ ဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအတော်များများက ဝေဖန်ပြောဆိုနေကြသည့် အချိန်မှာ အာဆီယံအစည်းအဝေး တက်ရောက်လာခဲ့သည့် စစ်အစိုးရဝန်ကြီး ဦးဉာဏ်ဝင်းက ရွေးကောက်ပွဲအပြီး မကြာခင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် ရှိကြောင်း အာဆီယံခေါင်းဆောင်များကို ပြောဆိုခဲ့ပါသည်။

ကြံ့ခိုင်ရေးပါတီ ၈၀ ရာနှုန်းအနိုင်ရကြောင်းကျေညာမှ အဆက်

မှာလည်း ၄၇ နေရာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာတွင် ၄ နေရာသာ အနိုင်ရရှိခဲ့သည်။

တိုင်းရင်းသား ပါတီများထဲတွင် ကျားဖြူခေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှာ နေရာ ၁၅၆ နေရာတွင် ယှဉ်ပြိုင်ခဲ့ရာ အမတ်နေရာ ၅၇ နေရာ အနိုင် ရရှိခဲ့သည်၊

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှာလည်း ၄၄ နေရာ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အမတ်နေရာ ၃၅ နေရာတွင် အနိုင်ရရှိခဲ့သည်၊

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှာ လည်း ၃၄ ဦး႞ဝင်ရောက် ယှဉ်ပြိုင်ရာတွင် ၁၆ ဦး အနိုင်ရရှိခဲ့ပြီး ကရင်ပြည်သူ့ပါတီမှာ ၁၆ နေရာ ယှဉ်ပြိုင်ရာတွင် လောလောဆယ် ၇ နေရာအနိုင် ရရှိထားကြောင်း သိရသည်၊

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် လွှတ်တော် အမတ်နေရာမှာ စုစုပေါင်း ၁၁၅၇ နေရာ ရှိကြောင်း သိရသည်။

ခရိုင်ဥက္ကဌကို လေဘေးအမျိုးသမီးတစ်ဦးကမက်မန်းထုတ်နဲ့ပစ်အဆက်

ရိုက်ပြီး နောက်ပိုင်းတွင် အာဏာပိုင်များက လေဘေးပစ္စည်းများကို ပြန်လည် သိမ်းယူသွားခဲ့သည်ဟု မျက်မြင် ကျောက်ဖြူမြို့ခံအများအ ပြားက နိုရဥ္စရာသို့ ပြောသည်။

ယခု ခရိုင်ဥက္ကဌဦးအောင်ကျော်ဇော မက်မန်းထုတ် ဖြင့် ပစ်ပေါက်ခံရသောသတင်းမှာ နေပြည်တော်ထိ ရောက်ရှိသွား ပြီဖြစ်ကြောင်းနှင့် အဆိုပါသတင်း မှာ ယခုအခါ ကျောက်ဖြူတွင် လူပြော အများဆုံး သတင်းဖြစ်နေကြောင်း သတင်းရရှိသည်။

နအဖ ထုတ်ပြန်သော အသေအပျောက် စာရင်းမှအဆက်

စုဆောင်းထားတဲ့ စာရင်းအရ ကျောက်ဖြူ လေကျွန်းမှာ တစ်ဦး၊ ပေါက်တောမှာ ၉ ဦး၊ မင်းပြားမှာ ၈ ဦးနဲ့ မြေပုံတမြို့နယ် မှာတင် ၇၄ ဦးသေတယ်လို့ သိရပါတယ်။ တခြား လက်လှမ်းမမှီတဲ့နေရာတွေ ကျွန်းတွေလည်း အများကြီး ရှိပါသေးတယ်''ဟု ကယ်ဆယ်ရေး လုပ်နေသူက ပြောသည်။

ပေါက်တော မြို့နယ်တွင် အင်ဂရားချိုင်ကျွန်းမှ ဖျိုင်းသိုက်၊ ကျောက်မောင်း၊ ပြင်ကြီး၊ ငရီချိုင်၊ ရီပိုက်ချိုင်၊ သဲဒွေနှင့် ငမဲပြင်ကျေးရွာများ ဒီရေလှိုင်းများနှင့်အတူ မျောပါသွားခဲ့ပြီး လူသောင်းချီပြီး အိုးမဲ့အိမ်မဲ့ ဖြစ်နေကြသော်လည်း ယခုအချိန်ထိ တရားဝင် အစိုးရမှ နေရာချထားပေးခြင်း အကူအညီပေးခြင်း မရှိကြောင်းသိရသည်။

ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ထုတ်ပြန်ချက်တွင်လည်း မြေပုံတမြို့နယ်တည်းတွင် သေဆုံးသူ ၇၄ ဦးရှိကြောင်း ဖော်ပြသည်။

သမီးအားမုဒိမ်းပြုကျင့်သော တပ်ကြပ်ကြီးကို ဖခင်ဖြစ်သူက ခုတ်သတ်မှ

ပါဘူး''ဟုပြောသည်။

ကျောက်တော်မြို့နယ် ကံစောက်အနီးတွင် တောင်မင်းကျေးရွာ၊ ကြိမ်ချောင်းရွာ၊ ရွှေပန်းခိုင်ရွာ၊ ငှက်ယောင်ချောင်းရွာ၊ ဖက်ဝမ်းချောင်းရွာ၊ သိန်းချောင်းရွာ၊ ကင်ပိရွာ၊ ခမောင်းရွာ၊ သဲဝရွာ၊ ကျွန်းသာယာရွာ၊ လီငွေရွာ တို့တည်ရှိပြီး အဆိုပါရွာများတွင် ယခုကဲ့သို့ နအဖ စစ်သားများ၏ မတော်မတရား ပြုကျင့်ခြင်းကို အမျိုးသမီးများအနေဖြင့် မကြာခဏ ခံနေကြရပြီး ယခု စစ်သား သေဆုံးမှုမှာ ပထမဆုံးဖြစ်သည်ဟု သိရသည်။

အလားတူ လွန်ခဲ့သည့် ဧပြီလ ၈ ရက်နေ့ကလည်း ပလက်ဝမြို့နယ်မှ ရခိုင်အမျိုးသမီးတဦးအား စစ်တွေအခြေ စိုက် ခလရ ၂၃၂ တပ်ရင်းမှ စစ်ဗိုလ်တဦးမှ အတင်းအဓမ္မပြုကျင့်မှုကို ခံခဲ့ရသော်လည်း အထက်အာဏာပိုင်များက တစုံတရာအရေးယူ ဆောင်ရွက်ခြင်း မရှိကြောင်းသိရသည်။

မဲမသမာမှုများရှိသည်မှအဆက်

ကြောင့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုကြောင်း ထုတ်ပြန် မှာဖြစ်သည်ဟု ဘီဘီစီကို ပြောသွားသည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီက ဦးလှသိန်းကလည်း စစ်တွေမှာရှိတဲ့ မွတ် စလင် အမျိုးသားများကို မဲပေးခွင့်မပေးပဲ အကြာကြီးတားထားခဲ့သည့်အတွက် လူ ၁၅၀၀လောက် မဲပေး ခွင့်မရခဲ့ဟု ဘီဘီစီကို ပြောသွားသည်။

စစ်တွေ ဆင်ခြေဖုံးရပ်ကွက် အစိုးရကျောင်းများတွင် စာမသင်နိုင်သောကျောင်းသားမှအဆက်

ထိုကဲ့သို့ စာမသင်နိုင်သောကလေးများအတွက် စာသင်နိုင်ရန်ဖွင့်လှစ်ထားသော ဇမ္ဗူရတနာ ဘုန်းတော်ကြီး ပညာသင်ကျောင်းတွင် ယခုအခါ ကျောင်းသားအရေအတွက်မှာ အထူးတိုး ပွားလာခဲ့သည်။

''အခု လက်ရှိ အဲဒီဘုန်းတော်ကြီးကျောင်းမှာ ကလေးအရေအတွက် ၃၀၀ နီးပါးတောင် ရှိနေပါပြီ။ ဘုန်းတော်ကြီး ကျောင်းရပ်တည်ရေးကိုတော့ စစ်တွေမြို့ပေါ်က အလှူရှင်တွေ ထည့်ဝင်တဲ့ငွေနဲ့ ရပ်တည်နေတာ ဖြစ်ပါတယ်။ ဆရာဆရာမတွေအတွက် ကျောင်းသားတစ်ဦးဆီက လစဉ် ၅၀၀ ကျပ်ကောက်ပါတယ်။ သိရတာကတော့ အများစု ကျောင်းသားတွေက အဲဒီကျောင်းကြေး ၅၀၀ ကိုတောင်မထည့်နိုင်ဘူးလို့ သိရပါတယ်'' ဟု ဘုန်းတော်ကြီး ကျောင်းနှင့်နီးစပ်သူ လူငယ် တစ်ဦးက ပြောသည်။

စစ်တွေမြို့ရှိ ဆင်ခြေဖုံးရပ်ကွက်များတွင် နေထိုင်သူအများစုမှာ ပုဂ္ဂလိက ရေခဲစက်၊ ငါးလုပ်ငန်း၊ ပုဇွန်လုပ်ငန်းများနှင့် ကြုံရာကျဘမ်းအလုပ်များတွင် လုပ်ကိုင်ကြသည်ဟု သိရသည်။ ပုဂ္ဂလိက စက်ရုံများတွင် ယခင်က တစ်နေ့ကို ကျပ်ငွေ ၁၀၀၀ နှုန်းဖြင့် အလုပ် လုပ်ကိုင်နိုင်ကြသော်လည်း ယခုအခါ စက်ရုံများမှ နေ့တွက်မပေးတော့ဘဲ သက်သာအောင် လစာစနစ်ဖြင့် ပေးဆောင်လာခဲ့သည်ဟုသိရသည်။ ထိုသို့ ပေးဆောင်ရာတွင် အမျိုးသမီးတစ်ဦးကို ကျပ်နှစ်သောင်းခွဲပေးပြီး အမျိုးသားတစ်ဦးကို စားပြီးသောက်ပြီး ကျပ်တစ် သောင်းခွဲပေးကြောင်း သိရသည်။ အဆိုပါ ရရှိသော ဝင်ငွေမှာ လူတစ်ဦး၏ တလအသုံးစရိတ်ကိုတောင် ဖုံလုံမှုမရှိသဖြင့် အများစု မိသားစု များမှာ စားဝတ်နေရေး အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့နေရကြရသည်။

''ထမင်းဝတ်တာတော့ မဟုတ်ဘူးပေါ့။ ထမင်းဝအောင် မစားရတဲ့အခြေအနေကို ရောက်နေတာပါ။ မိသားစု ငါးယောက်ရှိတယ်ဆိုရင် လိုအပ်တာက ဆန်နို့ဆီဗူး ၅ လုံးလိုတယ်။ ဆန် နို့ဆီဗူးသုံးလုံးချက်ပြီး မဝမလင် စားသောက်နေရတဲ့ အနေအထားပေါ့နော်။ ဒါမျိုးတွေကို ဆတ်ရိုးကျရပ်ကွက်တွေက မိသားစု အများစုက ကြုံတွေ့နေရတာဖြစ်ပါတယ်'' ဟု အဆိုပါ လူငယ်က နိုရဥ္စရာသို့ ပြောသည်။

ရခိုင်ပြည်နယ်တွင် ပြည်သူများအနေဖြင့် ယခုအခါ အထူးစီးပွားရေးအကျပ်အတည်း ဆိုက်ရောက်နေကြပြီး အများစုပြည်သူများမှာ အဆိုပါ စီးပွားရေးအကျပ်အတည်းဒဏ်ကို မကြုံဖူးအောင် အလူးအလိမ့် ခံနေကြရသည်ဟု သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည် မဲထည့်ရန်ငြင်းဆိုသည့် သတင်းမှအဆက်

ငင်းပြင် ဒေါ်အောင်ဆန်းစုကြည်မှ သူမကို မဲပေးခွင့်ပြုခြင်းမှာ စစ်အစိုးရက ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့် လွဲချော်မှုရှိနေသဖြင့် သူမအနေဖြင့် မဲပေးမှာ မဟုတ်ကြောင်း ပြန်လည်ပြောဆိုခဲ့သည်ဟု သတင်းစာများက ရေးသားသည်။

မြန်မာနိုင်ငံတွင် နအဖ စစ်အစိုးရ၏ လက်ရှိ ရွေးကောက်ပွဲ ဥပဒေတွင် လက်ရှိ ထောင်ဒဏ်ကျခံနေရသူများနှင့် ပြစ်ဒဏ်စီရင်ခံရသူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မရှိကြောင်း ဖော်ပြထားသဖြင့် ထောင်ဒဏ်ကျခံနေရသူ ဒေါ်အောင်ဆန်းစုကြည်ကို မဲထည့်ရန် အခွင့်အရေးပေးခြင်းမှာ ဒေါ်အောင်ဆန်းစုကြည်မှာ ထောင်ကျနေခြင်းမဟုတ်ကြောင်း ကမ္ဘာသို့ လိမ်လည် လှည့်ဖျားလို၍ ဖြစ်ကြောင်း သတင်းစာများက ရေးသားဖော်ပြကြသည်။

ဒီရေများမြင့်တက်နေမှုကြောင့်စပါးစိုက်ခင်းများပျက်မှ အဆက်

ရောက်နေကြရကြောင်း သိရသည်။ ရခိုင်ပြည်နယ် ပင်လယ် ကမ်းရိုးတန်းမြို့နယ်များ ဖြစ်ကြသော မာန်အောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မြေပုံ၊ ပေါက်တော၊ စစ်တွေနှင့် မောင် တောမြို့နယ်များတွင် ရာချီသော တာတမံများ အောက်တိုဘာလ ၉ ရက်နေ့က ဖြစ်ပေါ်ခဲ့သော မုန်တိုင်းကြောင့် ဒီရေများ တက်ကာ ကျိုးပေါက် ပျက်စီးသွားခဲ့သည်။

ဒေသခံ လယ်သမားများ အပြောအရ နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင် လပြည့်လကွယ်နေ့များတွင် ဒီရေများ တက်လေ့ရှိသော်လည်း ယခုနှစ်ကဲ့သို့ အခြေအနေမဆိုးကြောင်း ယခုနှစ်တွင် ဒီရေတက်မှုမှာ အထူးဆိုးရွားပြီး တာတမံများကိုကျော်လွန်ပြီး လယ်ကွင်းများသို့ ရေများဝင်ရောက်လာသည်ဟု ပြောကြားသည်။

ယခုနှစ်တွင် ယခုကဲ့သို့ အခြေအနေများကြောင့် မြန်မာနိုင်ငံအတွင်း အဓိက စပါးထွက်ရာဒေသထဲတွင် တခုအပါအဝင်ဖြစ်သော ရခိုင်ပြည်နယ်၏ စပါးအထွက်နှုန်း အလွန်ကျဆင်းနိုင်ကြောင်း လယ်သမားများက ပြောကြားသည်။

စစ်တွေစည်ပင်သာယာကလေးလုပ်သားများအသုံးပြုမှုအဆက်

လမ်းတွေမှာ ပေါက်ရောက်နေတဲ့ ပေါင်းမြက်တွေကို ရှင်းလင်းတဲ့ နေရာတွေမှာ ခေါ်ယူအသုံးပြုနေတာဖြစ်ပါတယ်။ အဲသလိုခေါ် ယူပြီး အလုပ်ခိုင်းတဲ့အပေါ်မှာ ကလေးတွေရဲ့ အခွင့်အရေးကို ချိုးဖေါက်တယ်လို့ စစ်တွေမြို့ခံတွေကမမြင်ကြဘဲ ကလေးတွေအလုပ်ရတော့ တမင်းစားရတာ ကောင်းတယ်ဆိုပီး မြင်တဲ့လူက ပိုများပါတယ်''ဟု သူက ဆက်ပြောသည်။

ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူအများစုမှာ လူ့အခွင့်အရေး၊ ကလေးအခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးများ ဆိုသည်ကို ကောင်းစွာမသိရှိကြသဖြင့် ကလေးများကို အလုပ်စေခိုင်းမှုအပေါ် အပြစ်မြင်သူ မရှိသလောက်ပင်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

မြန်မာရေတပ်မှ ဘင်္ဂလာငါးဖမ်းသမားများမှ အဆက်

တောင်ဘက် မိုင်(၃၀)ခန့်အကွာ တွင်ရှိသည့် ဗိုင်စတာမီးပြတိုက်ကျွန်းအနီး မြန်မာ့ရေပိုင်နက်ထဲတွင် ငါးခိုးဖမ်းနေစဉ် လိုက်လံဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

ယခုနှစ် စက်တင်ဘာ(၂၇)နေ့တွင်လည်း မြန်မာရေတပ်မှ ကင်းလှေနေစဉ် မြန်မာရေပိုင်နက်အတွင်း ငါးခိုးဖမ်းနေသည့် ဘင်္ဂလာငါးဖမ်းလှေ(၄)စီးကို ဖမ်းမိခဲ့သည်။ အဆိုပါလှေ (၄)စီးအနက်မှ အကောင်းဆုံး (၃)စီးကို ငါးဖမ်းပိုက်များအားလုံးနှင့်အတူ မြန်မာရေတပ်မှ သိမ်းယူထားလိုက်ပြီး၊ အဟောင်းဆုံး လှေတစီးပေါ်တွင် ဘင်္ဂလာငါးဖမ်းသမားများကို တင်ပြီး နေရပ်ပြန်လွှတ်လိုက်ကြောင်း သိရှိရသည်။

ဘင်္ဂလာရေပိုင်နက် ပင်လယ်ပြင်တွင် ငါးများ အထူးရှားပါးလာနေခြင်းကြောင့် ဘင်္ဂလီ ငါးဖမ်းသမားများသည် မြန်မာရေပိုင်နက်ထဲသို့ ခိုးဝင် ငါးဖမ်းနေကြသည်သာမက ပင်လယ်ပြင်အတွင်း မြန်မာ့ ငါးဖမ်းလှေများမှ ငါးများကိုလည်း ဝယ်ယူနေကြကြောင်း မြန်မာငါးဖမ်းသမားများ၏ ပြောကြားချက်အရ သိရှိရသည်။

မြန်မာနှင့် ဘင်္ဂလာဒေ့ရှ် နိုင်ငံအကြား ရေပြင်ပိုင်နက် သတ်သတ်မှတ်မှတ်မရှိသဖြင့် ယခုကဲ့သို့ ဖမ်းဆီးမှုများနှင့် ပြန်လှန်စွပ်စွဲမှု ပြဿနာများ မကြာခဏ ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

ဝမ်းဗိုက်ထဲယာဘားဆေးပြား ၁၅၀၀ မှ အဆက်

ဗိုက်ထဲတွင်မျို၍ချပြီး ယူဆောင်လာ ခဲ့သော်လည်း သူ့ကို တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဟု ရဲအရာရှိက ပြောသည်။

ဘူလူမှာ ဘင်္ဂလီစကားကို ပီပီသသမပြောနိုင်သည့် အပြင် နေရပ်လိပ်စာများကိုလည်း မှန်မှန်ကန်ကန်မပြောနိုင်သဖြင့် ဘင်္ဂလာရဲအဖွဲ့က သူ့မှာ မြန်မာနိုင်ငံသား မွတ်ဆလင်တစ်ဦး ဖြစ်နိုင်ကြောင်း ပြောဆိုသည်။

ယနေ့ထုတ် The Independent သတင်းစာနှင့် တခြားသတင်းစာများတွင် ဘူလူကို မြန်မာနိုင်ငံသား ရိုဟင်ဂျာဟု ဖော်ပြထားသည်။

စစ်တွေ ဆင်ခြေဖုံးရပ်ကွက် အစိုးရကျောင်းများတွင်
စာမသင်နိုင်သောကလေးအရေအတွက် အထူးတိုးပွားလာ

၁၉၊ ၀၉၊၁၀

ရခိုင်ပြည်နယ် စစ်တွေဆင်ခြေဖုံးရပ်ကွက်များရှိ အစိုးရကျောင်းများတွင် မိဘများဆင်းရဲကျပ်တည်းမှုကြောင့် ကျောင်းနုတ်ထွက်သွားရသော ကလေးငယ်များ အရေအတွက် တိုးပွားလာနေသလို အနီးအနားရှိ ဘုန်းတော်ကြီး ပညာသင်ကျောင်းများတွင် ကျောင်းအပ်နှံသော ကလေးငယ်အရေအတွက်မှာ အထူး တိုးပွားလာကြောင်း သတင်းရရှိသည်။

စစ်တွေမြို့ ဆင်ခြေဖုံးရပ်ကွက်များဖြစ်ကြသော အနောက်ဆတ်ရိုးကျ၊ အရှေ့ဆတ်ရိုးကျ၊ အောင်ချမ်းသာနှင့် မင်းဒရားချိတ်ကျေးရွာများတွင် အစိုးရမှ ဖွင့်လှစ်ထားသော မူလတန်းကျောင်းများရှိသော်လည်း ကျောင်းဝင်ကြေး အပါအဝင် တခြားကျောင်းကြေးများ ပေးဆောင်ရသည်ကို မိဘများက မတတ်နိုင်ရာမှ ရာပေါင်းများစွာသော ကလေးငယ်များမှာ ကျောင်းမှနုတ်ထွက်ခဲ့ကြရပြီး အနီးအနားရှိ ဘုန်းတော်ကြီး ပညာသင်ကျောင်းသို့ ပြောင်းရွှေ့အပ်နှံခဲ့ကြရသည်။

ကျောင်းသား မိဘတစ်ဦးက ''ကျွန်တော်တို့ ဆတ်ရိုးကျချောင်းတလျှောက်မှာရှိတဲ့ ရပ်ကွက်တွေမှာ လူအများက လက်လုပ်လက်စားတွေ များကြပါတယ်။ အခု အလုပ်အကိုင်လည်း အဆင်မပြေကြတဲ့အတွက် အလုပ်လက်မဲ့ ဖြစ်နေသူတွေ အရမ်းများနေပါတယ်။ ထမင်းနပ်မမှန်တဲ့ မိသားစုတွေလည်း အများကြီးရှိနေပါတယ်။ အဲသလိုအခြေအနေတွေကြောင့် သားသမီးတွေကို ကျောင်းထားမယ့်ကိစ္စထက် ထမင်းနပ်မှန်အောင် စားရဖို့ကိစ္စက ပိုအရေးကြီးနေတော့ ရပ်ကွက်ထဲက ကလေးငယ်တွေအများစုက ကျောင်းမနေနိုင်တော့တဲ့ အခြေအနေထိ ရောက်သွားကြရတာ ဖြစ်ပါတယ်'' ဟု ပြောသည်။

ထိုကဲ့သို့ စာမသင်နိုင်သော

စာမျက်နှာ ၂ ကော်လံ ၄

မဲ မသမာမှုများရှိသည်ဟု နိုင်ငံရေးပါတီများက ထုတ်ပြော

၀၉၊ ၁၁၊ ၁၀

BBC

ရွေးကောက်ပွဲမှာ မဲ မသမာမှုများ ကျယ်ကျယ် ပြန့်ပြန့်ရှိခဲ့သည်ဆိုသည့်သတင်းများ ထွက်ပေါ်နေသည့်အချိန်မှာ မဲ မသမာမှုတွေကို နိုင်ငံရေးပါတီများက မကျေနပ်လို့ ထုတ်ဖော်ပြောဆိုနေကြသည်။

အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ NDF က မြစ်ကြီးနားမှာ ဝင်ပြိုင်ခဲ့သည့် ဦးမာခါးက ''လူတွေ မဲထည့်တဲ့နေရာမှာ မဲရုံက တာဝန်ရှိသူတွေက ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ နေရာကို လက်နဲ့ထောက်ပြီး ထည့်ခိုင်းတာတွေ တွေ့ရတဲ့အကြောင်း၊ ပြည်တော်သာ အမှတ် ၁၄ မဲရုံမှာ ရဲတပ်ဖွဲ့မှ ရဲမေတဦးက မဲပေးသူ လူ ၁၀၀ လောက်ကို မဲခြစ်တဲ့ နေရာအထိ လိုက်လံညွှန်ကြားနေခဲ့တာကိုတွေ့ရတယ်'' ဟု ဘီဘီစီကို ပြောသည်။

သူ့အနေဖြင့် ယခုကျင်းပခဲ့တဲ့ ရွေးကောက်ပွဲရလဒ်ကို လက်မခံသည့်အကြောင်းနှင့် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌကို နှုတ်ဖြင့် တိုင်ကြားထားပြီးဖြစ်သည်ဟု ဦးမောင်ခါးက ပြောသည်။

ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီက လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလှသိန်းကလည်း ကြံ့ဖွံ့ပါတီကို မဲပေးဖို့ နည်းမျိုးစုံနှင့် အကြပ်ကိုင်ခဲ့သည်များရှိသည်ဟု ပြောဆိုသည်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင်း ကျေးရွာအချို့မှာ အာဏာပိုင်များက ရခိုင်ပါတီကို ထောက်ခံရင် နောက်မှ နောင်တရလိမ့်မည်။ အဲဒီအခါကျမှ ငါတို့ကို အဖေလို့မခေါ်နဲ့ဆိုပြီး ရိုင်းစိုင်းစွာ ခြိမ်းခြောက်ပြီး ကြံ့ခိုင်ရေးပါတီကို မဲထည့်ရန်ရွာသားများကို ညွှန်ကြားခဲ့သည်ဟု သိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီမှ ဦးအေးလွင်ကလည်း မဲစာရင်းပြုစုတဲ့နေရာမှာ ကြံ့ခိုင်ရေးကို မထောက်ခံဘူးလို့ ထင်ရတဲ့သူတွေကို မဲစာရင်းမထည့်ပဲ ထားတာမျိုးတွေရှိတဲ့အကြောင်း၊ ကြိုတင်မဲခေါ်းစဉ်တပ်ပြီး ကြံ့ခိုင်ရေးနိုင်မဲများကို ကော်မရှင်ကိုယ်တိုင်က လိုက်လုပ်သည့်အကြောင်း၊ အဲဒီ

စာမျက်နှာ ၂ ကော်လံ ၃

နအဖ ထုတ်ပြန်သော အသေအပျောက်
အပျက်အစီးစာရင်း ပကတိအပျက်အစီးစာရင်းနှင့်ကွဲလွဲမှုရှိ

စံလင်း

၂၆၊ ၁၀၊ ၁၀

နအဖ စစ်အစိုးရမှ ထုတ်ပြန်သော အသေအပျောက်နှင့် အပျက်အစီးစာရင်းမှာ ဒေသခံများ ကောက်ယူ စုဆောင်းထားသော စာရင်းများနှင့် များစွာကွဲလွဲမှုရှိနေကြောင်း လူမှုကယ်ဆယ်ရေး လုပ်နေသူတစ်ဦးက ပြောသည်။

'' နအဖ စစ်အစိုးရက ဂီရိမုန်တိုင်းကြောင့် သေဆုံးသူ ဦးရေ ၂၇ ယောက်ရှိကြောင်း ဖော်ပြထားပါတယ်။ လက်ရှိ အောက်တိုဘာလ ၂၆ရက်နေ့ထိ ကောက်ခံရရှိတဲ့စာရင်းအရ မြေပုံမြို့နယ်တစ်ခုတည်းမှာ သေဆုံးသူ ၇၄ ဦးရှိနေပါပြီ။ ဒီထက် သေဆုံးသူ အရေအတွက် ပိုများနိုင်တယ်လို့ အများက ခန့်မှန်းထားကြပါတယ်။ ဒါကြောင့် နအဖ စစ်အစိုးရ စာရင်းဟာ ဒေသအတွင်းကကောက်ခံစုဆောင်းထားတဲ့ စာရင်းတွေနဲ့ အများကြီး ကွာဟနေပါတယ်'' ဟု ပြောသည်။

နအဖ စစ်အစိုးရသတင်းစာများမှ ကျေညာရာတွင် ဆိုင်ကလုန်းမုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်မှုကြောင့် မြေပုံမြို့နယ်တွင် လူ ၂၂ ဦးသေဆုံးပြီး ၁၅ ဦး ပျောက်ဆုံးနေကြောင်း ပြောသည်။

ဇင်းပြင် တံတားနှစ်စင်းကျိုးပြီး အိမ် ၂၀၈၈ လုံး၊ ဘုန်းကြီးကျောင်း ၈ ကျောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံ ၃၄ လုံးနှင့် စာသင်ကျောင်း ၁၃ ကျောင်းပျက်စီးကာ စက်လှေ အစင်း ၈၀ နစ်မြုပ်ပျက်စီးခဲ့သည်ဟု ထုတ်ပြန်သည်။

မင်းပြား မြို့နယ်တွင်လည်း လူ ၅ ဦး သေဆုံးပြီး အိမ် ၅၉၇ လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ သုံးလုံး၊ စာသင်ကျောင်း လေးကျောင်းပျက်စီးကြောင်း ပြောသည်။

ကျောက်ဖြူ မြို့နယ်တွင် အိမ် ၁၀၃၅ လုံး၊ ဌာနဆိုင်ရာ အဆောက်အအုံ အလုံး ၄၀၊ စာသင်ကျောင်း နှစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ပြီး မုန်တိုင်းဝင်ရောက်ရာ လမ်းကြောင်းတလျှောက် အဆောက်အအုံအချို့ အမိုးလန်ပျက်စီးခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း နအဖ စစ် အစိုးရစာရင်းတွင် လူ ၉ ဦးထိ သေဆုံးခဲ့ရပြီး လူပေါင်း သောင်းချီ၍ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသော ပေါက်တောမြို့နယ်အကြောင်းကိုမူ တစုံတရာ ထုတ်ဖော်ပြောကြားခြင်း ယနေ့ထက်ထိ မရှိသေးကြောင်း သိရသည်။

'' အခု ကျွန်တော်

စာမျက်နှာ ၂ ကော်လံ ၃

ကင်းချောင်း ရထားလမ်းတွင် လက်နက်ကိုင်တပ်ဖွဲ့များမှ
အကောက်ဂိတ်ဖွင့်၍ ဆက်ကြေးကောက်

၁၉၊ ၀၉၊ ၁၀

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကင်းချောင်းကို ရထားလမ်းအတွက် ပိတ်ဆို့ဆည်ထားသောနေရာတွင် လက်နက်ကိုင်တပ်ဖွဲ့များမှ အကောက်ဂိတ်များဖွင့်လှစ်ပြီး လာလာသမျှ စက်လှေ၊ မော်တော်ဘုတ်နှင့် လှေသမ္ဗာန်များမှ ဆက်ကြေးများ ကောက်ခံနေကြောင်း သတင်းရရှိသည်။

''အခု အကောက်ဂိတ်ဖွင့်ပြီး အကောက် ကောက်ခံနေတာက ခမရ ၅၅၀၊ စရဖနဲ့ ရဲအဖွဲ့တို့ပူးပေါင်းပြီး ဖွင့်လှစ်ထားတဲ့ အကောက်ဂိတ်က ကောက်ခံနေတာဖြစ်ပါတယ်။ တရားဝင် ဘယ်ဟုတ်ပါ့မလဲ။ သူတို့ကိုယ်ကျိုးအတွက် ကောက်ခံနေတာ ဖြစ်ပါတယ်'' ဟု ကုန်သည်တစ်ဦးက ပြောသည်။

ထိုသို့ ကောက်ခံရာတွင် စက်လှေ အကြီးတစီးကို ၃၀၀၀ ကျပ်၊ အငယ်တစီးကို ၂၀၀၀ ကျပ်၊ သမ္ဗာန်တစီးကို ၁၅၀၀ ကျပ်နှင့် လှေတစီးကို ၅၀၀ ကျပ်ကျစီ ကောက်ခံနေသည်ဟု သူက ပြောသည်။

''မပေးလို့ မရပါဘူး။ ပစ္စည်းတောင် လှေပေါ်ကမချရသေးဘူး။ သူတို့က လှေပေါ်တက်လာပြီး ဘယ်ပစ္စည်းတွေကို ပါတာကြည့်တယ်။ ပီးရင် ပိုက်ဆံတောင်းတော့တာပါဘဲ''ဟု သူက ဆက်ပြောသည်။

ယခုကဲ့သို့ ငွေကြေးများ ကောက်ခံနေသဖြင့် စက်လှေကြီးများဖြင့် ခရီးသွားလာနေသူ စီးပွားရေး သမားများအတွက် မထောင်းသာလှသော အနီးအနား ပတ်ဝန်းကျင်မှ ကောက်ပဲသီးနှံများ လာရောက်ရောင်းချသူများမှာ အထူး ထိခိုက်နစ်နာမှု ရှိနေသည်။

''အဓိကတော့ ပုဏ္ဏားကျွန်းမြို့နယ် တောဖျားချောင်းဘက်က ထွက်တဲ့ကောက်ပဲသီးနှံတွေကို လာရောင်းတဲ့ တောင်သူလယ်သမားတွေအနေနဲ့ အထူး ထိခိုက် နစ်နာမှုရှိနေပါ တယ်။ ချောင်းကိုပိတ်ပြီး ရထားလမ်းဆည်ထားတဲ့အတွက် သွားလာလို့မရ ဖြစ်နေတဲ့အထဲမှာ အကောက်တွေပါ ထပ်ကောက်ခံနေတော့ တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်နေကြရပါတယ်'' ဟု သူက ပြောသည်။

ကင်းချောင်းမှာ မေယုမြစ်နှင့် ကုလားတန်မြစ်အကြား အချိန်တိုအတွင်း ဖြတ်သန်းသွားလာနိုင်သော ချောင်းဖြစ်သော်လည်း ယခုအခါ နအဖ စစ်အာဏာပိုင်များက ရထားလမ်းအတွက် ပိတ်ဆို့ဆည်ထားသဖြင့် ရခိုင်လူထုအနေဖြင့် ခရီးသွားလာရာတွင် အထူး အခက်အခဲကြုံတွေ့နေကြသည်။

ထိုသို့ ရခိုင်ပြည်သူလူထုအနေဖြင့် အခက်အခဲများ ကျရောက်ဖြစ်ပေါ်နေသည့် အပေါ် နအဖ စစ်အာဏာပိုင်များက တစ်စုံတစ်ရာ ထည့်သွင်းမစဉ်းစားသည်သာမက ရထားလမ်းကို ဖြတ်ပြီး ဟိုဘက် သည်ဘက် ပစ္စည်းများသယ်ယူနေရသော လှေမှန် သမျှထံမှ လိုင်စင်ရမ်းပြများကဲ့သို့ ဆက်ကြေးများ ကောက်ခံနေခြင်း ဖြစ်သည်။

ကျောက်ဖြူခရိုင် ဥက္ကဋ္ဌကို လေဘေးအမျိုးသမီးတစ်ဦးက
မက်မန်းခေါက်ဆွဲထုပ်ဖြင့် ပစ်ပေါက်

၃၁၊ ၁၀၊ ၁၀

ကျောက်ဖြူခရိုင် ဥက္ကဋ္ဌ ဦးအောင်ကျော်ဇောကို လေဘေးဒုက္ခသည် အမျိုးသမီးတစ်ဦးက လေဘေး အကူအညီပေးစဉ် မက်မန်းခေါက်ဆွဲထုပ်ဖြင့် ပစ်ပေါက်ခဲ့သည်ဟု သတင်းရရှိသည်။

မည်သည့် အတွက်ကြောင့် သာမန် လေဘေးအမျိုးသမီးတစ်ဦးက ခရိုင်ဥက္ကဋ္ဌ တစ်ဦးကို မက်မန်း ခေါက်ဆွဲထုတ်ဖြင့် ပေါက်ပစ်ရပါသလဲဟု လေဘေးကူညီနေသူတစ်ဦးကို မေးမြန်းရာ သူက ယခုကဲ့သို့ပြောသည်။

''ဖြစ်တာက လွန်ခဲ့တဲ့ အောက်တိုဘာလ ၂၈ ရက်နေ့က ကျောက်ဖြူ ဘော်လုံးကွင်းမှာ လေဘေး ဒုက္ခသည်တွေကို ခရိုင်ဥက္ကဋ္ဌက လေဘေးပစ္စည်းတွေကို ဖြန့်ဝေပေးတဲ့အခါ ဖြစ်ပွားခဲ့တာ ဖြစ်တယ်။ အဲသလို ပေးတဲ့အခါ ဒန်အိုးဒန်ခွက်တွေအပါအဝင် ထင်သာမြင်သာရှိတဲ့ ပစ္စည်းတွေကို ပါကင်ထုတ်ပြီး အဲဒီအမျိုးသမီးကို ခရိုင် ဥက္ကဋ္ဌက ပေးတာပေါ့။ အဲသလို ပေးနေစဉ် ဗွီဒီယို၊ ဓါတ်ပုံရိုက်တာပေါ့လေ။ ရိုက်ပီးတဲ့အခါ ပစ္စည်းတွေကို ပြန်သိမ်းယူသွားပြီး အဲဒီအမျိုးသမီးကို မက်မန်းခေါက်ဆွဲတစ်ထုပ်နဲ့ ဖယောင်းတိုင် တစ်ထုပ်ပေးတယ်။ အဲသလိုလုပ်တာကို မကျေနပ်တဲ့အတွက် အမျိုးသမီးက ခေါက်ဆွဲထုပ်နဲ့ ဖယောင်းတိုင်ထုပ်ကို ခရိုင် ဥက္ကဋ္ဌ ထိုင်နေတဲ့ ခုံရှေ့ကို ပစ်ပေါက်လိုက်တာ ဖြစ်ပါတယ်။''

ကျောက်ဖြူခရိုင် ဥက္ကဋ္ဌ ဦးအောင်ကျော်ဇောမှာ အဆိုပါ အမျိုးသမီး၏ ပစ်ပေါက်ခံရမှုကြောင့် အထူး အရှက်ရသွားခဲ့သည်ဟု သိရသည်။

''ဒီလောက်များတဲ့ ဒုက္ခသည်တွေအပါအဝင် ဌာနဆိုင်ရာက အရာရှိကြီးတွေရှေ့မှာ ခုလို ပစ်ပေါက်ခံရတော့ ခရိုင် ဥက္ကဋ္ဌ အထူး အရှက်ရသွားတာပေါ့လေ။ ဒီပစ္စည်းတွေဟာ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဒုဝန်ကြီးက လေဘေးဒုက္ခသည်တွေကို ပေးဖို့ နေပြည်တော်ကနေ ပို့ဆောင်ထားတဲ့ပစ္စည်းတွေ ဖြစ်တယ်လို့သိရပါတယ်။ မက်မန်းထုပ်နဲ့ ပစ်ပေါက်တဲ့အမျိုးသမီးကို အရေးယူရင် ဒီထက်ရှက်စရာ ကောင်းနိုင်တဲ့အတွက် အရေး တစုံတရာယူတာတော့ မရှိပါဘူး'' ဟု သူက ဆက်ပြောသည်။

အလားတူ ဆွေသုံးဆွေ ဝန်ကြီးအဖွဲ့ (ဦးသိန်းဆွေ၊ ဦးမောင်မောင်ဆွေ၊ ဦးဖုန်းဆွေ) ကျောက်ဖြူကို ရောက်စဉ်ကလည်း ဒုက္ခသည်များကို လေဘေးအကူညီများ ပေးနေပုံများကို ဓါတ်ပုံရိုက်ပြီး နောက်ပိုင်းတွင် အာဏာ

စာမျက်နှာ ၂ ကော်လံ ၁

ဒုတိယပင်လုံညီလာခံကျင်းပရေးကို ရခိုင်ပြည်အမျိုးသားကောင်စီ ထောက်ခံ

၀၁၊ ၁၁၊ ၁၀

RFA

ကလေးမြို့တွင် အောက်တိုဘာလ ၂၄ ရက်နေ့ကကျင်းပခဲ့သည့် ၂၂ နှစ်မြောက် ဇိုမီးအမျိုးသား ကွန်ဂရက်နှစ်ပတ်လည်နေ့အခမ်းအနားမှ ထွက်ပေါ်လာခဲ့သော ဒုတိယ ပင်လုံညီလာခံခေါ်ယူရေး ဆုံးဖြတ်ချက်ကို ထောက်ခံကြိုဆိုကြောင်း ရခိုင်ပြည်အမျိုးသားကောင်စီက နိုဝင်ဘာလ ၁ ရက်နေ့ နေ့စွဲဖြင့် ကြေငြာချက်တစောင် ထုတ်ပြန်လိုက်သည်။

အဆိုပါ ကြေငြာချက်နှင့်ပတ်သက်ပြီး ရခိုင်ပြည်အမျိုးသားကောင်စီ အထွေထွေအတွင်းရေးမှူးကိုထွန်းဇော်က '' ကလေးမြို့ကြေညာစာတမ်းကတော့ ကျွန်တော်တို့ရဲ့ သဘောထားနဲ့ ထပ်တူကျတယ်ဗျ။ ဘာကြောင့်လဲဆိုတဲ့ အခါကျတော့ လက်ရှိတိုင်းပြည်ရဲ့ ပြဿနာက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာပြဿနာ၊ ပြီးတော့ အမျိုးသား ပြန်လည်သင့်မြတ်မှု မရှိတဲ့ ပြဿနာ၊ နောက်ပြီးတော့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေး ဆိတ်သုဉ်းနေတဲ့ ပြဿနာဖြစ်တယ်။ အဲဒါကြောင့် ဒီပြဿနာတွေကို ဖြေရှင်းဖို့ဆိုလို့ရှိရင်တော့ ဒီ ၄၇ ခုနှစ်က တိုင်းရင်းသားခေါင်းဆောင်တွေ သဘောတူညီမှုရခဲ့တဲ့ ပင်လုံသဘောတူညီချက်လိုမျိုး ပင်လုံစိတ်ဓာတ်ပေါ်မှာ အခြေခံပြီးတော့မှ ပင်လုံညီလာခံတရပ်လိုမျိုး ထပ်ပြီးတော့ ခေါ်ဖို့လိုတယ်ဆိုတဲ့ သဘောထားပေါ်မှာ ကျွန်တော်တို့ရဲ့ သဘောထားနဲ့ထပ်တူထပ်မျှကျလို့ ကျွန်တော်တို့ ကလေးမြို့ကြေညာစာတမ်းကို ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ထောက်ခံကြိုဆိုလိုက်တာဖြစ်ပါတယ်။'' ဟုပြောသည်။

အဆိုပါ ကြေညာချက် အမှတ် ၀၆/၂၀၁၀ မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စစ်အာဏာရှင် သက်ဆိုးရှည်ကြာရေးလုပ်ငန်းရပ်အားလုံးကို တိုင်းရင်းသားပြည်သူများနဲ့ တစည်းတလုံးတည်း လက်တွဲ ရင်ဆိုင်ဖြေရှင်းသွားမှာဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးပါဝင်ပြီး လွတ်လပ်ရေးရယူခဲ့တဲ့ ပင်လုံစိတ်ဓာတ်မျိုးဖြင့်သာ ပြည်ထောင်စု စစ်စစ်ကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ခံယူကြောင်း၊ တိုင်းရင်းသားအားလုံး တန်းတူရည်တူရှိသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတရပ်ကို တည်ဆောက်ရေးအတွက် ဒုတိယ ပင်လုံညီလာခံကို မဖြစ်မနေခေါ်ယူရန် အစဉ်တစိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လေဘေး၊ ရေဘေးဒုက္ခသည်များကို
သာသနာ့ဦးသျှောင်ထောက်ပံ့လှူဒါန်း

၀၁၊ ၁၁၊ ၁၀

RFA

မန္တလေးနှင့် ရခိုင်ပြည်နယ်က သဘာ၀ဘေးအန္တရာယ် ရင်ဆိုင်ခဲ့ရသော ဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာ တသောင်း ပေးပို့လှူဒါန်းခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု အခြေစိုက် သာသာနာ့ဦးသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်က အောက်တိုဘာ ၃၁ ရက်နေ့က သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါ အလှူငွေများကို ပြည်ပရောက် မြန်မာလူမျိုးများက ဝိုင်းဝန်းကူညီသည့်အနေနဲ့ လက်လှမ်းမီသော လူမှုရေး အဖွဲ့အစည်းများကတဆင့် အလှူငွေ တတ်နိုင်သလောက် လှူဒါန်းခဲ့ခြင်း ဖြစ်သည်ဟု သာသနာ့ဦးသျှောင် အတွင်းရေးမှူး အရှင်နာယကက မိန့်ကြားသည်။

အောက်တိုဘာလ လယ်လောက်က မြန်မာပြည်အထက်ပိုင်း မန္တလေးမြို့နယ်တဝိုက် မိုးအကြီးအကျယ်ရွာခဲ့ပြီး မြစ်ချောင်း များ ရေလျှံကာ ဆည်မြောင်းများကို ဖောက်ထုတ်ပစ်သောကြောင့် လူနေအိမ်ခြေနှင့် စိုက်ခင်းများနစ်မြုပ်ပြီး ရေဘေးသင့်ဒုက္ခသည် သောင်းနဲ့ချီရှိခဲ့သည်။

အောက်တိုဘာလ ၂၂ရက်နေ့က ရခိုင်ပြည်နယ် ကျောက်ဖြူဒေသတဝိုက် ဗဟိုပြုတိုက်ခိုက်ခဲ့သော ဂီရီ ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူတရာကျော်သေဆုံးခဲ့ပြီး ရှစ်သောင်းနီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

မုန်တိုင်း ဒုက္ခသည်များကို အရေးပေါ်ကယ်ဆယ်ရန် အမေရိကန်အစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ NGO အဖွဲ့များက ဝိုင်းဝန်းကူညီနေကြသော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အကူအညီများ နှောင့်နှေးခဲ့သည်ဟု သိရသည်။

ပေါက်တောမြို့နယ် အသေအပျောက်နှင့်အပျက်အစီးစာရင်း

မင်းဆက်ခိုင်

၃၁၊ ၁၀ ၊ ၁၀

နိုရဂ္ဂရာမှ ပြည်တွင်း လူမှုကယ်ဆယ်ရေး အဖွဲ့များမှတဆင့် စုဆောင်းရရှိသော ပေါက်တောမြို့နယ်မှ သေဆုံးသူ ၁၁ ဦးနှင့် အပျက်အစီးစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(ငရီပိုက်ချိုင်ကျေးရွာ)

ပေါက်တောမြို့နယ် အင်းဂရားချိုင်ကျွန်း ငရီပိုက်ချိုင်ကျေးရွာတွင် သေဆုံးသူ ၆ ဦးရှိပြီး အိမ်ခြေပေါင်း ၂၃၅ ဆောင်ရှိရာတွင် အိမ်ခြေ ၂၃၀ မှာ လုံး၀ ပျက်စီးသွားခဲ့သည်။ အိမ် ၅ ဆောင်သာ တပိုင်းအပြိုအပျက်ဖြင့် ကျန်နေခဲ့သည်။ ငါးဖမ်းစက်လှေ ၈၆ စီးနှင့် လှေ ၄၂စီး မုန်တိုင်းနှင့်အတူ ပါသွားခဲ့သည်။ ငါးဖမ်းပိုက် ၁၀၀ ခု ပါ ရေထဲပါသွားခဲ့ပြီး ဆားငံရေဝင်ရောက်မှုကြောင့် သောက်ရေကန်ကြီး ၂ ကန် ပျက်စီးသွားခဲ့သည်။

(ပြင်ကြီးကျေးရွာ)

အင်းဂရားချိုင်ကျွန်းရှိ ပြင်ကြီးကျေးရွာတွင် လူအသေအပျောက်မရှိသော်လည်း အပျက်အစီး အလွန်များကြောင်း သိရသည်။ ပြင်ကြီးကျေးရွာတွင် အိမ်ခြေ ၉၆ ဆောင်ရှိရာမှ ၉၃ဆောင် လုံး၀ ပျက်စီးသွားခဲ့သည်။ စက်လှေပေါင်း ၂၈စီးနှင့် လှေ ၇စီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သည်။ ငါးဖမ်းပိုက် ၃၇ ခုလည်း ပျက်စီးဆုံးရှုံးသွားခဲ့သည်။ ၎င်းအပြင် နွား ၄၂ကောင်နှင့် ကျွဲ ၃ကောင် သေကြေဆုံးရှုံးခဲ့သည်။

(ငရီချိုင်ကျေးရွာ)

ငရီချိုင်ကျေးရွာတွင် သေဆုံးသူ ၄ဦးရှိပြီး အိမ်ခြေ ၁၃၆ ဆောင်ရှိခဲ့ရာတွင် အိမ်ခြေ ၁၃၀ ပျက်စီးသွားခဲ့သည်။ ငါးဖမ်းစက်လှေ ၈၆ စီးနှင့် လှေ ၄၂ စီး ဆုံးရှုံးခဲ့သည်။ ငါးဖမ်း တန်းပိုက်ကြီး ၁၆၂ ဖုံ ဆုံးရှုံးခဲ့ပြီး ဆားငံရေဝင်ရောက်မှုကြောင့် သောက်သုံးရေကန်ကြီး ၁ကန် ပျက်စီးခဲ့သည်။

(ခမောင်းကွေးကျေးရွာနှင့် ကိုင်းပြင်ကျေးရွာ)

အိမ်ခြေ ၁၅၅ဆောင်ရှိရာ အားလုံးပျက်စီးသွားခဲ့ပြီး ငါးဖမ်းစက်လှေ ၂၄စီးနှင့် လှေ ၂၁စီး ပျက်စီး ဆုံးရှုံးခဲ့သည်။ ငါးဖမ်းပိုက် ၄၇ခု ဆုံးရှုံးခဲ့ပြီး သောက်သုံးရေကန်ကြီး ၃ကန် ပျက်စီးသွားကာ နွား ၃၇ကောင်နှင့် ကျွဲ ၅ ကောင် သေဆုံးခဲ့သည်။

(သပြုချိုင်ကျေးရွာ)

သပြုချိုင် ကျေးရွာတွင်လည်း အိမ်ခြေ ၆၅ဆောင်ရှိရာ အားလုံး ပျက်စီးသွားခဲ့သည်။ စက်လှေ ၁၁စီးနှင့် ငါးဖမ်းလှေ ၅၃စီး ဆုံးရှုံးခဲ့ကြရသည်။ ငါးဖမ်းပိုက်ကွန် ၃၂ ခုနှင့် ရေကန်ကြီး ၁ကန် ပျက်စီးသွားခဲ့သည်။

(ငမဲပြင်ကျေးရွာ)

အိမ်ခြေ ၁၁၀ အားလုံး လုံး၀ ပျက်စီးသွားခဲ့ပြီး ငါးဖမ်းစက်လှေ ၁၁စီးနှင့် ငါးဖမ်းလှေ ၁၈စီး ဆုံးရှုံးသွားခဲ့သည်။ ငါးဖမ်း ကျားပိုက် ၃၁ခုနှင့် တန်းပိုက်ကြီး ၆ ဖုံလည်း ရေထဲပါသွားခဲ့သည်။ သောက်သုံးရေကန်ကြီး ၂ကန်ပျက်စီးသွားပြီး နွား ၆ကောင် ဆုံးရှုံးသွားသည်။

(မညင်းကိုင်းနှင့် ပြင်ဖြူချိုင်ကျေးရွာ)

အိမ်ခြေ ၁၁၀ရှိရာ အိမ်ခြေအားလုံး ပျက်စီးသွားပြီး ငါးဖမ်းစက်လှေ ၁၀စီးနှင့် ငါးဖမ်းလှေ ၁၀စီး ဆုံးရှုံးသွားခဲ့သည်။ ငါးဖမ်းပိုက် ၁၄ခုနှင့် ရေကန်ကြီး ၁ကန် ပျက်စီးသွားခဲ့သည်။

(ကွမ်းချိုင်ကျေးရွာ)

ကွမ်းချိုင် ကျေးရွာတွင်လည်း အိမ်ခြေ ၆၁ ဆောင်ရှိရာ အားလုံး ပျက်စီးသွားခဲ့ပြီး ငါးဖမ်းစက်လှေ ၆စီး၊ လှေ ၆စီးနှင့်အတူ ငါးဖမ်းပိုက်ကွန် ၈ခု ဆုံးရှုံးခဲ့သည်။ ဆားငံရေ ဝင်ရောက်မှုကြောင့် သောက်ရေကန်ကြီး ၁ကန်လည်း ပျက်စီးသွားခဲ့သည်။

ဖျိုင်းသိုက် ကျေးရွာအုပ်စု ကျောက်မောင်းကျေးရွာတွင် လူတဦး သေဆုံးခဲ့သည်။

တခြား အပျက်အစီးစာရင်းကို ဆက်လက်စုံစမ်းဆဲဖြစ်သည်။

ပေါက်တောမြို့နယ် လေဘေးသင့်ကျေးရွာများတွင် ယခုအချိန်ထိ နအဖ အစိုးရ အာဏာပိုင်များ၏ အကူအညီများ လုံး၀ မရရှိသေးကြောင်း သိရသည်။ စေတနာ ဝန်ထမ်း လူမှုကယ်ဆယ်ရေးအဖွဲ့များ၏ အကူအညီများမှအပ အစိုးရနှင့် ယူအန်အဖွဲ့များမှ အကူအညီများ မရသေးကြောင်း သိရသည်။

(ရခိုင်ပြည်နယ် လေဘေးကို နအဖ ထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် ဆင်ဖြူတော်လောက်ပင် စိတ်ဝင်စားမှု မရှိကြောင်း ပြည်တွင်းတွင် ဝေဖန်မှုများ ထွက်ပေါ်နေကြောင်း သိရသည်။)

နောက်ဆုံး ရရှိသောစာရင်းအရ မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူဦးရေမှာ မြေပုံမြို့နယ်တွင် ၁၃၈ဦး၊ မင်းပြားတွင် (၅ ဦး အစိုးရ စာရင်းအရ) ပေါက်တောမြို့နယ်တွင် ၁၁ဦးနှင့် ကျောက်ဖြူမြို့နယ် ၃ဦး ဖြစ်ကြောင်း သိရသည်။

လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ ၆ ခု
စစ်ရေး၊ နိုင်ငံရေးမဟာမိတ်ဖွဲ့

၀၄၊ ၁၁၊ ၁၀

RFA

တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များပူးပေါင်းပြီး ရွေးကောက်ပွဲအလွန် စစ်ရေး၊ နိုင်ငံရေးမဟာမိတ်အဖြစ် ကော်မတီတရပ်ကို ထိုင်းမြန်မာနယ်စပ် တနေရာမှာ နိုဝင်ဘာ ၄ ရက်နေ့က စတင်ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ဖယ်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေး ကော်မတီဟုအမည်ပေးထားသော အဆိုပါကော်မတီကို တိုင်းရင်းသား လက်နက်ကိုင် ၆ ဖွဲ့မှ ခေါင်းဆောင်များက ဖွဲ့စည်းခြင်းဖြစ်ပြီး ၆ ဖွဲ့ထဲမှာ စစ်အစိုးရနဲ့ အပစ်အခတ်ရပ်ထားပြီး နယ်ခြားစောင့်တပ်ဖွဲ့ဖို့ ငြင်းဆန်ထားကြသည့် KIO ကချင်လွတ်လပ်ရေးအဖွဲ့၊ NMSP မွန်ပြည်သစ်ပါတီ၊ SSA ရှမ်းပြည်မြောက်ပိုင်းတပ်မတော်တို့ ပါဝင်သကဲ့သို့ စစ်အစိုးရနှင့် လက်နက်ကိုင်တိုက်နေဆဲ KNU ကရင်အမျိုးသား အစည်းအရုံး၊ KNPP ကရင်နီတိုးတက်ရေးပါတီ၊ CNF ချင်းအမျိုးသားတပ်ဦးတို့လည်း ပါဝင်ကြောင်း သိရသည်။

ယခု ဖွဲ့စည်းလိုက်သည့် ဖယ်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးကော်မတီမှာ ဥက္ကဋ္ဌအဖြစ် KIO အဖွဲ့၏ ဒုဥက္ကဋ္ဌ ဗိုလ်ချုပ်အင်ဘန်လ၊ ဒုဥက္ကဋ္ဌအဖြစ် KNU အဖွဲ့မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်မူတူးစေဖိုး၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်သစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာ၊ တွဲဖက်အတွင်းရေးမှူးအဖြစ် KNPP အဖွဲ့က ဦးရွှေမျိုးသန့်တို့ပါဝင်သည်ဟု သိရသည်။

ဖယ်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးကော်မတီအနေဖြင့် ဖယ်ဒရယ် တပ်မတော်တရပ် ဖွဲ့စည်းနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဟု အမည်မဖော်လိုသည့် တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တဦးကပြောသည်။

ရွေးကောက်ပွဲ အလွန်ကာလများမှာ စစ်အစိုးရတပ်များက ထိုးစစ်ဆင်လာလျှင် ယခု ဖွဲ့စည်းထားသည့် ဖယ်ဒရယ် ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီပါ လက်နက်ကိုင်အဖွဲ့များအနေဖြင့် စစ်ရေးအရ ဟန်ချက်ညီညီ ပူးပေါင်းလှုပ်ရှားသွားမည်ဟု သိရသည်။

ဤသတင်းစာအား ပြည်သူများအ–ကားကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဖြန့်ဝေပေးခြင်းဖြင့် အမျိုးသားရေး တာဝန်ကို ထမ်းရွက်–က။

ဒေါ်အောင်ဆန်းစုကြည်ကို

ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် CALD ချီးမြှင့်

၂၀၊ ၀၉၊ ၁၀

RFA

ဖိလစ်ပိုင်နိုင်ငံ အခြေစိုက် အာရှလစ်ဘရယ်နှင့် ဒီမိုကရက်ကောင်စီ CALD အဖွဲ့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တသီးပုဂ္ဂလ ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် စက်တဘ်ာလ ၂၀ရက်နေ့မှာ ဆုတံဆိပ်ချီးမြှင့်ပေးအပ်လိုက်သည်။

ဆုပေးပွဲ အခမ်းအနားကို ဗြိတိန်နိုင်ငံ လီဗာပူးလ်မြို့မှာ ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါဆုကို ဗြိတိန်နိုင်ငံအခြေစိုက် Burma Campaign UK အဖွဲ့က မဇိုရာဖန်းက ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား လက်ခံ ယူခဲ့သည်။

ဒေါ်အောင်ဆန်း စုကြည်ကိုယ်စား ဆုယူရသည့်အတွက် သူ့အနေဖြင့် ဝမ်းသာဝမ်းနည်းဖြစ်မိသည်ဟု မဇိုရာဖန်းက ယခုကဲ့သို့ ပြောသည်။

‘‘ ပထမ အချက်ပေါ့နော်၊ ကျွန်မကတော့ ဒီ ကျွန်မတို့ရဲ့၊ တိုင်းပြည်ရဲ့ ဒီမိုကရေစီခေါင်းဆောင်အတွက်ပေါ့နော်၊ ကျွန်မတို့ ဒီလိုမျိုးသွားယူပေးရတာ အင်မတန်ကို ကျွန်မဂုဏ်ယူမိပါတယ်။ ဒါပေမယ့် ကျွန်မစိတ်မကောင်းတာ တခုကတော့ သူက ကိုယ်တိုင်လာပြီးတော့ မယူနိုင်တဲ့အတွက်ကြောင့်ပေါ့နော်၊ သူက နေအိမ်အကျယ်ချုပ်မှာပဲ ရှိနေသေးတယ်ဆိုတော့ အဲဒါ စိတ်မကောင်းစရာ ဖြစ်ပါတယ်။’’

အဆိုပါ ဆုပေးပွဲအခမ်းအနားကို ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီအဖွဲ့ NGUB အဖွဲ့ကိုယ်စား ဦးညိုအုန်းမြင့်လည်း တက်ရောက်ခဲ့သလို ဗြိတိန်နိုင်ငံက နိုင်ငံရေးသမားများ၊ အာရှတိုက်မှ CALD အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့သည်။

ဆုချီးမြှင့်သည့် CALD အဖွဲ့ကို ၁၉၉၃ ခုနှစ်တွင် အာရှတိုက်က လက်ဘရယ်နှင့် ဒီမိုကရက်ပါတီများက စုပေါင်းထည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိန်၊ ထိုင်း၊ ထိုင်ဝမ်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်္ကာပူနှင့် အင်ဒိုနီးရှားစသည့်နိုင်ငံများမှာ ပါတီများ ပါဝင်သည်ဟု သိရသည်။

မြန်မာ့အရေးအတွက် မိမိကိုကူညီကြဖို့

အာဆီယံကို ကုလအတွင်းရေးမှူးချုပ်ပန်ကြား

၂၆၊ ၀၉ ၁၀

RFA

မြန်မာနိုင်ငံကို စစ်မှန်သော ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိအောင် ဆောင်ရွက်ရာတွင် မိမိကိုကူညီကြရန် ကုလအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အာဆီယံခေါင်းဆောင်များကို ပန်ကြားပြောဆိုလိုက်သည်။

အဆိုပါပန်ကြားချက်ကို စက်တဘ်ာလ ၂၄ ရက်နေ့ နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်တွင်ကျင်းပခဲ့သော ကုလသမဂ္ဂနှင့် အာဆီယံဝန်ကြီးများတွေ့ဆုံဆွေးနွေးပွဲတွင် ပန်ကြားလိုက်ခြင်းဖြစ်သည်။

ကုလသမဂ္ဂနှင့် အာဆီယံမှာ မြန်မာနိုင်ငံတည်ငြိမ်တိုးတက်ရေးကို လိုလားကြပြီး လွတ်လပ်မျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်ပေါ်ရန်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအရေးကြီးပုံကိုလည်း သဘောတူညီကြကြောင်း၊ ၎င်းမျှော်မှန်းချက်များ မပြည့်ဝ မအောင်မြင်ခြင်းမှာ အာဆီယံ၏တန်ဖိုး၊ အခြေခံမူများထိခိုက်ရခြင်းပင်ဖြစ်ကြောင်း၊ သို့သော်လည်း တချိန်တည်းမှာ မိမိတို့မှာ မြန်မာနိုင်ငံကို ကူညီကြရမှာဖြစ်ကြောင်း၊ မိမိမှာ မြန်မာပြည်အရပ်ဘက် ဒီမိုကရေစီအုပ်ချုပ်ရေးအောင်မြင်အောင် အာဆီယံ၏ အကူအညီဖြင့် ဆက်လက်ပြီး မမိုတ်မသုန် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိမိနှင့်အတူ လက်တွဲဆောင်ရွက်လာရေးအတွက် အာဆီယံကို အားကိုးအားထားပြုပါကြောင်း မစ္စတာဘန်ကီမွန်းက ပြောကြားခဲ့သည်။

လွန်ခဲ့သောအပတ်ကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ကို ဖျက်သိမ်းကြောင်း ရွေးကောက်ပွဲကော်မရှင်ကတဆင့် စစ်အစိုးရက ကြေငြာခဲ့သည့်အပေါ် စိုးရိမ်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောဆိုခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးရေဒီအစီအစဉ်ဆု RFA ရရှိ

၂၇၊ ၀၉၊ ၁၀

၂၀၁၀ ပြည့်နှစ်အတွက် New York Festivals အဖွဲ့က ချီးမြှင့်သော ကမ္ဘာ့အကောင်းဆုံး ရေဒီယိုအစီအစဉ်များ ဆုပေးပွဲတွင် လွတ်လပ်သော အာရှအသံ RFA ၏ ဗီယက်နမ်နှင့်မြန်မာဌာန ၂ခုက ရွှေနှင့်ကြေးတံဆိပ်များရရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် စက်တဘ်ာလ ၂၅ ရက်နေ့က ကျင်းပခဲ့သော ဆုပေးပွဲအခမ်းအနားတွင် RFA မြန်မာပိုင်း အစီအစဉ်က ထုတ်လွှင့်ခဲ့သော မလေးရှားရောက် မြန်မာဒုက္ခသည်များနှင့် လူမှောင်ခိုလုပ်ငန်းများ အခန်းဆက်အစီအစဉ်နှင့် အကောင်းဆုံး အခမ်း ဆက်သတင်းတင်ပြချက် (Best Ongoing News Story) ဆုမှာ အကောင်း ဆုံး ကြေးတံဆိပ်ဆု (Bronze World Medal) ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆုပေးပွဲတွင် RFA ဗီယက်နမ်ဌာနမှ သတင်းထောက်က ခေတ်သစ်လူမှောင်ခိုကူမှုပြဿနာ အသံလွှင့်အစီအစဉ်နှင့် အထူးသတင်းတင်ပြမှု အကောင်းဆုံး ရွှေတံဆိပ်ဆုရရှိခဲ့သည်။

New York Festivals ဆုသည် ရေဒီယိုအသံလွှင့်လောကမှာ ဂုဏ်သိက္ခာကြီးသောဆုဖြစ်ပြီး ယခုနှစ်ဆုပေးပွဲမှာ အဖွဲ့၏ ၅၃ ကြိမ်မြောက်ဆုပေးပွဲဖြစ်သည်။

ဆုပေးပွဲအခမ်းအနားကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဩစတြေးလျ၊ နယ်သာလန်၊ ဗြိတိန်၊ အိန္ဒိယ စသောနိုင်ငံကြီးများမှ နာမည်ကျော် ရေဒီယိုဌာနများမှ သတင်းထောက်များနှင့် အစီအစဉ်မှူးများ ဆုအသီးသီးရရှိခဲ့ရာ ကနေဒါနိုင်ငံ တိုရွန်တိုအခြေစိုက် ကနေဒါ အသံလွှင့်ဌာန CBC က ဆုတံဆိပ် ၁၇ ဆုနှင့် ၂၀၁၀ ပြည့်နှစ်အတွက် အကောင်းဆုံးရေဒီယိုဆု Broadcaster of the Teas ကို ရရှိသွားခဲ့သည်။

အဆိုပါဆုကို ၂၀၀၉ ခုနှစ်က လွတ်လပ်သောအာရှအသံ RFA က ဆုတံဆိပ် ၇ ခုနှင့် ရရှိခဲ့သည်။ RFA မြန်မာဌာနက နာဂစ်မုန်တိုင်းသတင်း အဆက်မပြတ်သတင်းတင်ပြမှုနှင့် Best Ongoing News Story အဖြစ် အကောင်းဆုံးရွှေတံဆိပ်ဆုကို ရရှိခဲ့သည်။

ရွေးကောက်ပွဲ တရားမျှတမှုမရှိသည်မှာ

ထင်ရှားကြောင်း နိုဘယ်လ်ဆုရှင်ပြောကြား

ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် Ms Jody Willams

၀၁၊ ၁၁၊ ၁၀

RFA

မြန်မာနိုင်ငံက ရွေးကောက်ပွဲမှာ တရားမျှတမှုရှိမရှိ စောင့်ကြည့်ဖို့မလိုကြောင်း၊ နဂိုကတည်းက တရားမျှတမှုနှင့် သန့်ရှင်းမှုမရှိဖြစ်နေသည်မှာ အထင်အရှားဖြစ်ကြောင်း ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် Ms Jody Willams က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နိုဝင်ဘာလ ၁ ရက်နေ့က ကျင်းပခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့် ဆွေးနွေးပွဲတွင် နိုင်ငံခြားသတင်းထောက်များကို ပြောကြားခဲ့သည်။

‘‘ မြန်မာနိုင်ငံ ရွေးကောက်ပွဲရဲ့အဖြေကို လူတိုင်း သိပြီးသားပါ။ ဒါကြောင့် ကမ္ဘာကြီးကို ကျွန်မအကြံပြုလိုတာက ရွေးကောက်ပွဲရလဒ်ကို သိပ်ပြီး အလေးထား မနေကြပါနဲ့။ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ ပြဿနာ မဟုတ်ပါဘူး’’ဟု ပြောသည်။

၎င်းအပြင် သူမက ‘‘ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ဆွေးနွေးရမှာက တရားမျှတမှုကင်းနေတာ၊ သန့်ရှင်းမှု မရှိဖြစ်နေတာပါ။ အနောက်နိုင်ငံတချို့ဟာ ရွေးကောက်ပွဲရလဒ်ကိုကြည့်ပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်လို့ ပြောနေကြတယ်။ ကျွန်မတို့အနေနဲ့ စစ်အစိုးရနဲ့ ပတ်သက် ဆက်နွယ်သူတွေကို ကြဉ်ပစ်ဖို့ ကြိုးစားနေမှာဖြစ်ပါတယ်။’’ ဟု ပြောဆိုသွားသည်။

ရွေးကောက်ပွဲကို နိုင်ငံတကာက ဝေဖန်

၀၈၊ ၁၁၊ ၁၀

BBC

မြန်မာနိုင်ငံမှာ ကျင်းပခဲ့သော ရွေးကောက်ပွဲနဲ့ပတ်သက်၍ နိုင်ငံတကာ၏ ဝေဖန်ပြောကြားမှုများ ထွက်ပေါ်လာခဲ့သည်။

မြန်မာနိုင်ငံမှာ ပြုလုပ်သော ရွေးကောက်ပွဲများမှာ နိုင်ငံတကာအဆင့်အတန်းနဲ့မကိုက်ညီသည့်အပြင် တရားမျှတမှုလည်းမရှိဟု ဥရောပသမဂ္ဂက ထုတ်ဖော်ပြောဆိုပြီး ကန့်ကွက်လိုက်သည်။

ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး Kevin Rudd ကလည်း မြန်မာရွေးကောက်ပွဲများမှာ လွတ်လပ်တရားမျှတသည်ဟုပြောနိုင်ရန် ဝေးလွန်းသည်ဟု ထုတ်ဖော်ပြောဆိုလိုက်ပြီး မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲရလာဒ်များကို ဘယ်လိုတိတိကျကျ ထုတ်ပြန်မလဲဆိုတာ အနီးကပ်စောင့်ကြည့်နေသည်ဟု ပြောဆိုလိုက်သည်။

အာဆီယံနိုင်ငံများဘက်မှ ယခုချိန်အထိ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး တရားဝင်ထုတ်ဖော် ဝေဖန်တာမရှိသော်လည်း တနိုင်ငံချင်းစီအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသမ္မတ Benigno Aquino က ရွေးကောက်ပွဲမှာ မဲလာပေးသူနည်းခြင်းမှာ ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ခွင့်မပေးသည့်အတွက်ဖြစ်သည်ဟု ပြောဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးရန် တောင်းဆိုလိုက်သည်။

အိန္ဒိယနိုင်ငံတွင် ရောက်နေသည့် အမေရိကန်သမ္မတ အိုဘားမားကလည်း အိန္ဒိယအစိုးရအနေဖြင့် မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုခြင်းမရှိသည့်အတွက် ဝေဖန်ပြောဆိုလိုက်သည်။

ဩစတြေးလျနိုင်ငံတွင်ရောက်နေသည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟေလာရီကလင်တန်ကလည်း ဒီရွေးကောက်ပွဲမှာ ချို့ယွင်းမှုများအများကြီးရှိနေသည်ဟု ဝေဖန်ပြောဆိုလိုက်ပါသည်။ သို့သော်လည်း ရွေးကောက်ပွဲအပြီး တက်လာမည့် နောက်အစိုးရသစ်အနေနှင့် မြန်မာနိုင်ငံမှာ အပြောင်းအလဲများဖြစ်လာအောင် ဆောင်ကျဉ်းပေးနိုင်ရန် သူမအနေနှင့် မျှော်လင့်နေပါသည်ဟု ပြောဆိုသွားသည်။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ဂ်ကလည်း ဒီရွေးကောက်ပွဲတွင် ချို့ယွင်းမှုများရှိနေပြီး မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲရေးအတွက် ကိုယ်စားပြုမှာမဟုတ်ဟု ဝေဖန် ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး အင်ဒရူးဟိုင်းန်ကလည်း မြန်မာနိုင်ငံမှာ ကျင်းပခဲ့သည့် ရွေးကောက်ပွဲမှာ မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် ဆောင်ကျဉ်းပေးနိုင်ရန်၊ အမျိုးသား ရင်ကြားစေ့ရေးကိုဖေါ်ဆောင်ပေးနိုင်ရန် အခွင့်အလမ်းကောင်း တခုဖြစ်ခဲ့သော်လည်း အခုအခါ အဆိုပါအခွင့်အရေးကို ကောင်းကောင်းကြီး လက်လွတ်ဆုံးရှုံးသွားရပြီဟု ပြောဆိုသွားသည်။

အိမ်နီးချင်း တရုတ်နိုင်ငံက မြန်မာရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သူတို့နိုင်ငံ၏ သတင်းမီဒီယာများမှာ ကျယ်ကျယ် ပြန့်ပြန့်ဖော်ပြထားသည်ကိုတွေ့ရသော်လည်း ထုတ်ဖော်ဝေဖန်ပြောဆိုခြင်းမရှိဟု သိရသည်။

ကော့ဘဇားရှိအထင်ကရ ဘုန်းတော်ကြီးကျောင်းမှ စိတ်ကြွဆေးပြား ၉၀၀၀ ကျော်ဖမ်းမိ

မောင်အေး

၀၇၊ ၁၁၊ ၁၀

ဘင်္ဂလာဒေ့ရှ်နိုင်ငံ ကော့စ်ဘဇား(ဖလောင်းချိတ်)မြို့ရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ မြန်မာဘက်မှ ၀င်ရောက်လာသည့် စိတ်ကြွဆေးပြား ၉၀၀၀ ကျော်ကို ဘင်္ဂလာရဲမှ နိုဝင်ဘာလ ၆ ရက်နေ့ညနေပိုင်းက ဖမ်းဆီးခဲ့သည်။

စိတ်ကြွဆေးပြား ဖမ်းဆီးရမိသည့် ဘုန်းတော်ကြီးကျောင်းမှာ ကော့စ်ဘဇားမြို့ အချက်အချာကျသည့် သိမ်ကုန်းတွင်တည်ရှိသည့် ဇေယျသုခကျောင်းမှ ဖြစ်သည်။

''ဘုန်းကြီးနေတဲ့ တိုက်ခန်းထဲကရတယ်၊ ဘုရားကြီးနောက်ကလည်းရတယ်၊ ပြီးတော့ ဆန်အိပ်ထဲကလည်းရတယ်။ ဆေးပြား ၉၃၀၀ လို့ပြောတယ်။ တချို့ပြောတော့လည်း ဆေးခြောက်လည်းပါတယ်လို့ ပြောပါတယ်။'' ဟု ကော့စ်ဘဇားမြို့ခံတဦးက ပြောသည်။

အဆိုပါ ဖမ်းဆီးရမိသည့် ဆေးပြား၏ ကာလတန်ဖိုးမှာ တာကာငွေ သိန်း ၅၀ ဖိုးရှိကြောင်းနှင့် မြန်မာ တံဆိပ်ရိုက်နှက်ထားသည့် စုစုပေါင်း ဆေးပြား အထုပ်ပေါင်း ၃၁ ဖြစ်ကြောင်း ဘင်္ဂလီသတင်းစာတစောင်တွင် ရေးသားဖော်ပြသည်။

ယခုကဲ့သို့ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တကျောင်းမှ မူးယစ်ဆေး၀ါး ဖမ်းဆီးရမိသည်မှာ ပထမဆုံးအကြိမ်ဖြစ်ပြီး မူဆလင်အမျိုးသားများမှ ဗုဒ္ဓ ဘာသာကို ပိုမိုအထင်သေးသွားနိုင်ကြောင်း မြို့ခံလူငယ်က ယခုကဲ့သို့ ပြောသည်။

''ဒီက ဘင်္ဂလီကုလားတွေက အယင်းကတည်းက ဗုဒ္ဓဘာသာကို ကြည့်ရတာမဟုတ်ဘူး။ ဒီလိုဖြစ်သွားတော့ ဗုဒ္ဓဘာသာကို ကုလားတွေပြောဖို့ အပေါက်ရသွားတယ်။ နောက်ပြီး တခြားဘုန်းကြီးတွေ ခရီးသွားရတာလည်း ခက်သွားလိမ့်မယ်။ ရှက်ဖို့လည်း ကောင်းတယ်။''

ဇေယျသုခကျောင်းမှာ နိုင်ငံခြားသားများနှင့် ကော့စ်ဘဇားမြို့သို့ အလည်အပတ်ရောက်ရှိသူများ အဓိကသွားရောက် လည်ပတ်လေ့ရှိသည့် သိမ်ကုန်းတွင် တည်ရှိသည်။

ယခု ဆေးပြားများ ဖမ်းမိသည့်ကျောင်းသို့ မြန်မာဘက်မှ ကုန်သည်များ မကြာခဏရောက်ရှိတည်းခိုလေ့ရှိပြီး ဦးဇောတိပါလမှာလည်း မြန်မာ ထောက်လှမ်းရေးအာဏာပိုင်များနှင့် ဆက်စပ်မှု ရှိသည်ဟု ယခင်ကတည်းက လူတချို့သံသယရှိနေကြသည်။

ဇေယသုကျောင်း ကျောင်းထိုင်ဆရာတော် ဦးဇောတိပါလမှာ ရဲတပ်ဖွဲ့များလာရောက်စဉ် ထွက်ပြေးလွတ်မြောက်သွားပြီး ယခုအချိန်ထိ ရှာမတွေ့သေးကြောင်း သိရသည်။

ဦးဇောတိပါလမှာ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် လက်၀ဲခတ်ကျေးရွာဇာတိဖြစ်ပြီး ယခင်က နယ်စပ် တက်ကနက်မြို့တွင် နေထိုင်ခဲ့ပြီး ကော့ဘဇားမြို့သို့ ရောက်ရှိလာသည်မှာ ၁၀ နှစ်ခန့်ရှိပြီး ဖြစ်သည်။

ချင်းအမျိုးသားခေါင်းဆောင်တစ်ဦး လူ့အခွင့်အရေးဆုရ



ချင်းတိုင်းရင်းသား သားအမိနှစ်ဦး ခရစ်တော်လက်ဝါးကပ်တိုင်ပုံချိတ်ဆွဲထားတဲ့ အခန်းငယ်တခန်း

၁၁၊ ၁၀၊ ၁၀

RFA

နော်ဝေးနိုင်ငံအခြေစိုက် Norwegian Mission to the East ခရစ်ယာန်ဘာသာ အခြေပြုအဖွဲ့အစည်းမှ ချီးမြှင့်သည့် လူ့အခွင့်အရေးဆုတဆုကို ချင်းအမျိုးသား လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးဖြစ်သူ ဦးဗစ်တာဗျက်လျံ (Victor Biak Lian) ကရရှိသွားသည်။

အဆိုပါဆု ချီးမြှင့်ခံရခြင်းနှင့်ပတ်သက်၍ ဦးဗစ်တာဗျတ်လျံက ''ကျွန်တော်ကို အဲဒီဆု ချီးမြှင့်တာဟာ ဒီလူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ လှုပ်ရှားတဲ့အပေါ်မှာရော၊ နောက်ပြီးတော့ Religious freedom (ဘာသာရေးလွတ်လပ်ခွင့်)နဲ့ပတ်သက်တဲ့ အဲဒီလှုပ်ရှားမှုတွေအပေါ်မှာ၊ နောက်ဒီပြည်ထောင်စု မြန်မာနိုင်ငံအတွင်းထဲမှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေရှင်းကြဖို့၊ ဒီအမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ပြီးတော့ လုပ်တဲ့ ကျွန်တော်တို့ရဲ့လုပ်ငန်းအပေါ်မှာ ကြည့်ပြီးတော့ အဲဒီဆုကိုချတယ်လို့ သူတို့ပေးတဲ့စာထဲမှာ ပါပါတယ်'' ဟု ပြောသည်။

ဦးဗစ်တာဗျတ်လျံရရှိသောဆုကို နော်ဝေးနိုင်ငံအခြေစိုက် Norwegian Mission to the East အဖွဲ့က လာမည့်နိုဝင်ဘာလ ၉ ရက်နေ့တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဟု သိရှိရသည်။

လေဘေးကယ်ဆယ်ရေးပစ္စည်းများကို ရယကများရောင်းစား

စောသူဝင်း

၀၄၊ ၁၁၊ ၁၀

ကျောက်ဖြူမြို့နယ်တွင် ဒေသဆိုင်ရာ ရယက ဥက္ကဌတချို့မှ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့သော လေဘေးကယ်ဆယ်ရေးပစ္စည်းများကို ကိုယ်ကျိုးအတွက် ရောင်းစားနေကြောင်း သတင်းရရှိပါသည်။

ရောင်းစားနေသော ယရက ဥက္ကဌ တချို့မှာ တောင်ရင်းအုပ်စု ဥက္ကဌနှင့် အရှေ့ပိုင်းရပ်ကွက် ဥက္ကဌတို့ဖြစ်ကြောင်း ဒေသခံများကပြောသည်။

တောင်ရင်းအုပ်စုမှ အမျိုးသမီးတစ်ဦးက '' တောင်ရင်းအုပ်စု ဥက္ကဌက ဆန် ၁၀ အိတ်ကို တစ်အိတ်ကို ၁၅၀၀၀ ကျပ်နှုန်းနဲ့ ရောင်းစားနေတာကို ကျွန်မကိုယ်တိုင်မြင်ခဲ့ရပါတယ်။ ခုလို ဒုက္ခသည်တွေကို ကူညီတဲ့ဆန်အိတ်တွေကို ရောင်းစားနေတာကို မြင်ရတော့ အထူးစိတ်မကောင်းဖြစ်မိပါတယ်'' ဟု ပြောသည်။

ကျောက်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် ဥက္ကဌမှလည်း လေဘေးသင့် ထောက်ပံ့ပစ္စည်းများဖြစ်ကြသည့် ဆန်အိတ်များနှင့် အမိုးအကာများကို ဆိုက်ကားများဖြင့် သယ်ယူပြီး တောင်ရင်းရပ်ကွက်မှ စီးပွားရေး သမားတစ်ဦးထံသို့ ရောင်းချခဲ့သည်ဟု မျက်မြင်များက ပြောသည်။

အဆိုပါဆန်များမှာ လေဘေး ဒုက္ခသည်များအတွက် ကျောက်ဖြူမြို့ကို လှည့်လည်၍ ကောက်ခံထားသော ဆန်နှင့် တခြားမြို့နယ် အလှူရှင်များထံမှ ဒုက္ခသည်များအတွက် လှူဒါန်းထားသော ဆန်အိတ်များဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ကျောက်ဖြူ အပါအ၀င် ရခိုင်မှ လေဘေးသင့်ဒေသများတွင် ဆန်အပါအ၀င် လေဘေးအကူအညီများကို ကျေးရွာရပ်ကွက် ဥက္ကဌများမှတဆင့် လှူဒါန်းနေကြရာ မသမာသူ ရယက ဥက္ကဌ တချို့မှ ထိုသို့ လေဘေးအကူအညီများကို ကိုယ်ကျိုးအတွက် ရောင်းစားနေကြခြင်း ဖြစ်သည်။

ကျေးရွာ ရယကများ သာမက ရေတပ်နှင့် စစ်တပ်မှလည်း လေဘေးအကူအညီများ ယူဆောင်လာ သောစက်လှေနှင့် မော်တော်ဘုတ်များကို လမ်းမှဖြတ်ပြီး ဆန်အိတ်များကိုတောင်းခံကာ ကိုယ်ကျိုးအတွက် ရောင်းစားနေကြသည်ဟု ဒေသအတွင်းကလာသော သတင်းများတွင်ဖော်ပြသည်။

စစ်တွေမှ သူဌေးအမျိုးသမီးတစ်ဦးက လေဘေးဒုက္ခသည်များအား လှူဒါန်းရန် မော်တော်ဘုတ်တစီးဖြင့် ယူဆောင်လာသော ဆန်အိတ် ၆၀၀ မှ ဆန်အိတ် ၂၀၀ ကို ပေါက်တောမြို့နယ်တွင် ကင်းလှည့်နေသော နေဗီတစီးမှ ''ကျန်တာကို သွားလှူ၊ ငါတို့အတွက် အိတ်၂၀၀ ထားခဲ့ပါ''ဟု ဆိုကာ အတင်းအဓမ္မ ယူဆောင်သွားခဲ့သည်ဟု သိရသည်။

အလားတူ မြေပုံမြို့နယ်တွင်လည်း အတွင်းငခူချောင်းကျေးရွာ၊ ငရွှေကျေးရွာ၊ မြေပုံ အလယ်ပိုင်း၊ အထက်ပိုင်းရပ်ကွက်များမှ ရယက ဥက္ကဌများလည်း ဆန်အပါအ၀င် လေဘေးကူညီရေးပစ္စည်းများကို ကိုယ်ကျိုးအတွက် ပေါ်ပေါ် ထင်ရောင်းစားနေကြသည် ဟုသိရသည်။

ငြိမ်းချမ်းရေးနေ့ ရခိုင် ၄ မြို့နယ်တွင်

ရွေးကောက်ပွဲဆန့်ကျင်ရေးလုပ်ရှားမှုပေါ်ပေါက်

၂၁၊ ၀၉၊ ၁၀

စက်တဘာ်လ ၂၁ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် ရခိုင်ပြည်နယ်မှ မြို့နယ်လေးမြို့နယ်တွင် ရွေးကောက်ပွဲဆန့်ကျင်သည့် စာရွက်စာတန်းဖြန့်ဝေသည့် လှုပ်ရှားမှုတခု ပေါ်ပေါက်ခဲ့သည်။

မောင်တောမြို့မှ ကျောင်းဆရာမတစ်ဦးက '' စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်နဲ့ ကျွန်မတို့ နေထိုင်တဲ့ မောင်တောမြို့မှာ ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ မောင်တောမှာဆိုရင် နေရာတိုင်းမှာ ရွေးကောက်ပွဲဆန့်ကျင်တဲ့ စာရွက်တွေ ကပ်ထားတာကို တွေ့ရပါတယ်။ စာရွက်တွေမှာ ငြိမ်းချမ်းရေး ချိုးငှက်ပုံနဲ့ စာတန်းတွေ ရေးထားတာကိုတွေ့ရပါတယ်'' ဟု ပြောသည်။

မောင်တောမြို့တွင် နိုင်ငံတကာငြိမ်းချမ်းရေးနေ့တွင် ဖြန့်ဝေသော စာရွက်စာတန်းများကို အစိုးရရုံးအပြင် အုတ်နံရံများ၊ သစ်ပင်များနှင့် လျှပ်စစ်မီးတိုင်များတွင် ကပ်၍တွေ့ရသည်ဟု သူမက ပြောသည်။

''ကပ်ထားတဲ့ စာရွက်တွေမှာ ရေးသားထားတာကတော့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ကြ။ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကြဆိုတဲ့ စာတန်းတွေ ရေးသားထားတာကို တွေ့ရပါတယ်။ ကွန်ပျူတာနဲ့ ကျကျနန ရေးသားပြီး အဲဒီစာရွက်တွေကို မောင်တောမြို့တစ်ခုလုံးမှာ ကပ်ထားတာကို တွေ့ရပါတယ်'' ဟု သူမက ဆက်ပြောသည်။

နံနက် ၉ နာရီ အချိန်ထိ အဆိုပါစာရွက်များကို မောင်တောသပြေလမ်းတွင် တွေ့မြင်ရပြီး နောက်ပိုင်းတွင် ရဲနှင့် နစကတပ်ဖွဲ့များရောက်ရှိလာပြီး စာရွက်များကို ဆုတ်ဖြဲပစ်ပြီး အချို့ကို ရဲစခန်းသို့ ယူဆောင်သွားကြသည်ဟု သိရသည်။ မောင်တော အမှတ် ၄ရပ်ကွက်မှ အရပ်သား တစ်ဦးကလည်း ''ခုလို စာရွက်စာတန်းတွေ မြို့တစ်ခုလုံး အနှံ့ကပ်တာကတော့ ဒါ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့ စာရွက်တွေဆိုတော့ မြို့လူထုကတော့ စိတ်၀င်စားကြပါတယ်။ ပီးတော့ မောင်တောက ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ခြင်္သေ့တံဆိပ်မှာ လည်ဆံမွေးနဲ့ မဟုတ်တော့ဘဲ မုတ်ဆိတ်မွေး ပေါက်နေတဲ့အတွက် လူတွေက တော်တော့ကို အံ့ဩနေကြပါတယ်။ ခုလို အခြေအနေမျိုးမှာ ရွေးကောက်ပွဲ ဆန့်ကျင်တဲ့စာရွက်တွေကို မောင်တောမှာကပ်တော့ လူတွေက ဒီအကြောင်းကိုဘဲ ပြောနေကြတာပါဘဲ'' ဟု ပြောသည်။

ရွေးကောက်ပွဲ ဆန့်ကျင်သည့် စာရွက်စာတန်းများကို မြို့အနှံ့တွင် ကပ်ထားသဖြင့် ယခုအခါ အာဏာပိုင်များက အဆိုပါစာများကပ်ထားသူများကို အပူတပြင်း လိုက်လံ စုံစမ်းရှာဖွေနေကြောင်း သိရသည်။

ရခိုင် ရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲ ဥပဒေများကိုချိုးဖေါက်ခဲ့

၂၈၊ ၀၉၊ ၁၀

ရခိုင်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်သည် ချမှတ်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဌာန်းချက်များကို ချိုးဖေါက်ခဲ့ကြောင်း သတင်းရရှိသည်။

'' အဓိက ချိုးဖေါက်ခဲ့တာကတော့ ဘာသာရေး အဆောက်အဦးတွေမှာ မဲဆွယ်စည်းရုံးရေးလုပ်ပိုင်ခွင့်မရှိဆိုတဲ့ အတိအလင်းပြဌာန်းထားတဲ့ ဥပဒေကို သူတို့က ချိုးဖေါက်ပြီး ကြံ့ဖွတ်ပါတီကို ခွင့်ပြုပေးခဲ့တယ်လေ။ ဒါက သူတို့ ချမှတ်ထားတဲ့ ဥပဒေကို သူတို့ ချိုးဖေါက်ခဲ့တာဘဲ ဖြစ်ပါတယ်'' ဟု စစ်တွေက နိုင်ငံရေးသမားတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်သည် တခြား နိုင်ငံရေးပါတီများကို ဘာသာရေး အဆောက်အဦးများဖြစ်ကြသည့် ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများတွင် မဲဆွယ်စည်းရုံးခွင့် မပြုသော်လည်း ကြံ့ဖွတ်ပါတီကိုမူ ဘာသာရေး အဆောက်အဦးများကို တစ်ခုပြီးတစ်ခု ခွင့်ပြုပေးခဲ့သည်ဟု သူက ပြောသည်။

'' ကြံ့ဖွတ်ပါတီက ဩဂုတ်စ်လ ၃၀ ရက်နေ့က စစ်တွေမြို့ တရားသီးစု ရပ်ကွက် ဓမ္မာရုံမှာ ညနေ ၇ နာရီမှာ မဲဆွယ်စည်းရုံးရေးလုပ်သွားခဲ့ပါတယ်။ စက်တဘာ်လ ၉ ရက်နေ့က ဆိုရင် ကျေးပင်ကြီးရပ်ကွက် ဓမ္မာရုံမှာ လုပ်ပါတယ်။ စက်တဘာ်လ ၂၁ ရက်နေ့ကဆိုရင် သင်္ခါရတနာ ဘုန်းတော်ကြီးကျောင်းမှာ ကြံ့ဖွတ်ပါတီက မဲဆွယ်စည်းရုံးရေး လုပ်သွားခဲ့ပါတယ်။''

၎င်းအပြင် ကြံ့ဖွတ်ပါတီသည် စက်တဘာ်လ ၁၇ ရက်နေ့က ခေါင်းလောင်းကျောင်း ဓမ္မာရုံတွင်၎င်း၊ စက်တဘာ်လ ၂၅ ရက်နေ့က ဆင်ကူးလမ်း ဓမ္မာရုံတွင်၎င်း၊ အဆိုပါနေ့တွင်ပင် ရဲကျော်သူ ကျောင်းတွင်၎င်း၊ ယင်းနောက်ပိုင်းတွင် လမ်းမတော်မြောက် ကိုင်းရှည်ဘုန်းတော်ကြီး ကျောင်းတွင်၎င်း၊ မိဖုရပ်ကွက် ဇေဇတီ ဓမ္မာရုံတွင်၎င်း၊ အနောက် စံပြရပ်ကွက်တွင် ဘုန်းတော်ကြီးကျောင်းများတွင် မဲဆွယ်စည်းရုံးရေးကို ပြုလုပ်သွားခဲ့သည်။

''ရခိုင် ရွေးကောက်ပွဲ ကော်မရှင်ကလည်း ရခိုင်မှာ ကြံ့ဖွတ်ပါတီ အနိုင်ရရေးအတွက် တဖက်တလမ်းက လုပ်ပေးခဲ့ရ

တော့ ခုလို ချမှတ်ထားတဲ့ ဥပဒေတွေကို ချိုးဖေါက်ဖို့ ဖြစ်လာရတာပေါ့။ ခုလို အခြေအနေကြောင့် ရွေးကောက်ပွဲဟာ လွတ်လပ်ပီး တရားမျှတဲ့ ရွေးကောက်ပွဲ လုံး၀ ဖြစ်လာနိုင်ဖို့ အခြေအနေမရှိသလို တခြားပါတီတွေ အနိုင်ရဖို့ဆိုတာကတော့ တော်တော့ကို ခက်ခဲလိမ့်မယ်လို့ထင်ပါတယ်'' ဟု သူက ဆက်ပြောသည်။

၎င်းအပြင် ကြံ့ဖွတ်ပါတီသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ အကူအညီကိုယူပြီး ရခိုင်လူထုကို အခွင့်အရေးပေး၍ တမျိုးခြိမ်းခြောက်၍တဖုံ နည်းမျိုးစုံဖြင့် မဲအနိုင်ရရှိရေးအတွက် ကြိုးပမ်းခဲ့ကြောင်း သတင်းများ ရရှိသည်။

ကြံ့ခိုင်ဖွံ့ဖြိုးရေး အမတ်လောင်းများကို မိုးကြိုးပစ်၍ လူထုများဝမ်းမြောက်

မောင်အေး

၁၆၊ ၁၀၊ ၁၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ယခုလက်ရှိ ရေပန်းအစားဆုံးသတင်းမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ အမတ်လောင်းများ မိုးကြိုးပစ်ခံရသော သတင်းဖြစ်ပြီး အဆိုပါသတင်းကြောင့် ဒေသခံများ အထူး ဝမ်းမြောက်နေကြသည်ဟု သိရသည်။

ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ အမတ်လောင်းများ စည်းရုံးရေးဆင်းစဉ် အောက်တိုလာလ ၈ ရက်နေ့ နံနက် ၁၀ နာရီခွဲခန့်တွင် မိုးကြိုးပစ်ခံရခြင်းဖြစ်သည်ဟု သိရသည်။

ကျောက်ဖြူ ဒေသခံအမျိုးသားတဦးက ''အာဏာကို မတရားယူမယ့်အကောင်တွေ မိုးကြိုးပစ်လို့ မသေတာ ကံကောင်းတယ်။ ဒီက ဒေသခံတွေက သူတို့ကို နတ်သတ်တာဖြစ်တယ်လို့ ပြောနေကြတယ်။ သေအောင် သတ်ပစ်ရင် ပိုကောင်းမယ်ဆိုပြီး လူတွေက ဝမ်းသာအားရ ပြောနေကြပါတယ်'' ဟုပြောသည်။

ယခုမိုးကြိုးပစ် ခံရသူများမှာ ကျောက်ဖြူမြို့နယ် ကြံ့ဖွတ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဝေခိုင်နှင့် စည်းရုံးရေးမှူးများ ဖြစ်ကြသည့် ဦးထွန်းသွေးနှင့် ဦးကျော်ဆွေလွင်တို့ဖြစ်သည်။

သူတို့မှာ ကျောက်ဖြူမြို့နယ် လုံပျောက်ရွာ၊ ပုဇွန်းပျောက်ရွာ၊ ရွာသစ်ကေ၊ ပွိုးဖျားကျေးရွာနှင့် ကွမ်းချောင်းဖျားရွာများတွင် စည်းရုံးရေးခရီးအပြီး မင်းဂံချောင်းဆိပ်ကမ်းမှအထွက်တွင် ယခုကဲ့သို့ မိုးကြိုးပစ်ခံရခြင်း ဖြစ်သည်။

မိုးကြိုးပစ် ခံရပြီးနောက် သူတို့သုံးဦးကို စက်လှေနှင့်ယူဆောင်ကာ ကျောက်ဖြူဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်ဟု သိရသည်။ ဦးကျော်ဆွေလွင်မှာ ဦးခေါင်းတွင် ဒဏ်ရာရရှိသည့်အတွက် ၈ ချက်ချုပ်ရကြောင်းနှင့် တခြားနှစ်ဦးမှာ သတိမေ့ပြီး မိန့်မျောသွားခဲ့သည်ဟု အဆိုပါ ဒေသခံကပြောသည်။

မိုးကြိုးပစ်ခံရသည့် စက်လှေတွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ ခေါင်းဆောင် ၃ ဦး၊ စက်လှေမောင်းသား ၂ ဦး အပါအဝင် စုစုပေါင်း လူ ၉ ဦး စီးနင်းလိုက်ပါပြီး အသေအပျောက်မရှိဟု သိရသည်။

စိတ်ဖိစီးမှုကြောင့်လေဘေး ဒုက္ခသည်တစ်ဦး ကြိုးဆွဲချသေဆုံး

၀၃၊ ၁၁၊ ၁၀

ရခိုင်ပြည်နယ် မြေပုံမြို့တွင် လေဘေးဒုက္ခသည်တစ်ဦး စိတ်ဖိစီးမှုကြောင့် ကြိုးဆွဲချသေဆုံးသွားကြောင်း သတင်းရရှိသည်။

သေဆုံးသွားသူမှာ မြေပုံမြို့ အလယ်ပိုင်းရပ်ကွက်မှ ဦးအောင်ကျော်စိန်ဖြစ်သည်။

မြေပုံ မြို့ခံတစ်ဦးက '' သူက လွန်ခဲ့တဲ့ ရက်အနည်းငယ်က ကြိုးဆွဲချသေသွားတာပါ။ သူ့မှာ အိမ်လည်း မုန်တိုင်းထဲပါသွားတယ်။ စားဝတ်နေရေးလည်း အခက်အခဲဖြစ်သွားတော့ နောက်ဆုံး စိတ်ဖိစီးမှုကြောင့် ကြိုးဆွဲချ သေသွားပုံရပါတယ်'' ဟုပြောသည်။

မြေပုံမြို့နယ် အပါအဝင် ဂီရိ လေဘေးဒဏ်ခံခဲ့ရသည့် ရခိုင်မှ ကျေးရွာအများအပြားတွင် ပြည်သူများမှာ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေကြရသဖြင့် အထူး စိတ်ထိခိုက်ခံစားနေကြရသည်ဟု သိရသည်။

'' ထောင်ချီတဲ့ စပါးစိုက်ခင်းတွေ၊ ပုဇွန်မွေးမြူရေးတာတွေ ပျက်စီးသွားတယ်။ ငါးလုပ်ငန်းလုပ်ကိုင်နေတဲ့ သူတွေမှာလည်း ငါးဖမ်းလှေတွေ ပျက်စီးပြီး တဦးတဦးစီမှာ သိန်းရာချီပြီး ဆုံးရှုံးနစ်နာသွားခဲ့တယ်။ မိုးအကုန်မှာ လေမုန်တိုင်းခံရတာက မိုးဦးပိုင်းမှာ လေမုန်တိုင်းခံရတာထက် ပိုဆိုးတယ်။ ရေတွင်းရေကန်တွေက အစ မိုးမရှိတော့ သောက်သုံးလို့ မရတော့ဘူး။ လူတိုင်းလိုလို စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ဖြစ်နေကြတယ်''ဟု သူက ဆက်ပြောသည်။

ယခုကဲ့သို့ စိတ်ဖိစီးမှုကြောင်း မြေပုံမြို့နယ် ဆင်တောင်ကျေးရွာတွင်လည်း နောက်ထပ် အမျိုးသားတစ်ဦး မျှားမကြာမှီက ကြိုးဆွဲချ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမှ မူဆလင် ၅၈ ဦးကို ဘင်္ဂလာရိုင်ဖယ်မှဖမ်း

၂၆၊ ၁၀၊ ၁၀

မြန်မာနိုင်ငံမှ တရားမဝင် ဝင်ရောက်လာသော မြန်မာနိုင်ငံမှ မူဆလင် ၅၈ ဦးကို မြန်မာနယ်စပ်အနီး တက်ကနက်မြို့နယ်တွင် အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်က ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။ တက်ကနက် အခြေစိုက် အမှတ် ၄၂ ဘီဒီအာရ် တပ်ရင်းမှူးမှ မြန်မာနိုင်ငံသား ၅၈ဦးကို တက်ကနက်အနီးရှိ ဘီဒီအာရ် စစ်ဆေးရေးဂိတ်မှ ဘတ်စ်ကားများဖြင့် ဘင်္ဂလာနိုင်ငံတွင်းသို့ခိုးဝင်ရန် ကြိုးပမ်းစဉ် ဖမ်းဆီးလိုက်နိုင်ခဲ့ကြောင်းပြောကြားသည်။ သူတို့အား ယခုအခါ

စာမျက်နှာ ၁၁ ကော်လံ ၃

အလောင်းဖျောက်သည်ဟုစွပ်စွဲပြီး

စစ်တွေနာရေးကူညီမှုအသင်းကို စည်ပင်မှ ခြိမ်းခြောက်ငွေတောင်း

စံလင်း

၁၄၊ ၁၀၊ ၁၀

ယခင် စစ်တွေသင်္ချိုင်းဟောင်းပုံဖြစ်သည်။

Old Graveyard, Sittwe

ရခိုင်ပြည်နယ် စစ်တွေမြို့မှ နာရေးကူညီမှုအသင်းကို စည်ပင်သာယာရေးအဖွဲ့မှ အလောင်းဖျောက်ဖျက်သည်ဟုစွပ်စွဲကာ ခြိမ်းခြောက်ငွေတောင်းခံသည်ဟု သတင်းရရှိသည်။

အသင်းတာဝန်ရှိသူတစ်ဦးက '' သူတို့က အလောင်းတစ်လောင်းကို စည်ပင်ကို အကြောင်းမကြားဘဲ မြှုပ်နှံတယ်။ ဒါကြောင့် ဒဏ်ငွေဆောင်ရမယ်။ ဒဏ်ငွေမဆောင်ရင် အလောင်းဖျောက်ဖျက်မှုနဲ့ တရားစွဲမယ် စသဖြင့် ခြိမ်းခြောက်တဲ့သဘောပါတဲ့ စာတစ်စောင်ကို ကျွန်တော်တို့ဆီကို မျှားမကြာမှီက စည်ပင်မှ ရေးသားပေးပို့ခဲ့ပါတယ်''ဟု ပြောသည်။

အဆိုပါစာကို စစ်တွေ စည်ပင်သာယာရေးမှ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ရေးသားပေးပို့ခဲ့သည်ဟု သူကပြောသည်။

ယခုကဲ့သို့ ဦးဝင်းနိုင်မှ စာရေးသားပေးပို့ပြီး ဒဏ်ငွေတောင်းခံခြင်းမှာ ဆင်းရဲချို့တဲ့သူ လူကြီးတစ်ဦးအလောင်းကို စစ်တွေ နာရေး ကူညီမှုအသင်းမှ သင်္ချိုင်းသို့ အခမဲ့ပေးပို့ခြင်းနှင့် သက်ဆိုင်ကြောင်း သူက ယခုကဲ့သို့ ရှင်းပြသည်။

''စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် မူဝံဆန်စက်ဝင်းအတွင်းမှာ နေထိုင်တဲ့ ဦးကြာစိန်အောင် အသက် ၇၂ နှစ်ဟာ ဒီလ ၃ ရက်နေ့မှာ လူကြီးရောဂါနဲ့ဆုံးပါးသွားခဲ့ပါတယ်။ ဆင်းရဲချို့တဲ့သူဖြစ်တဲ့အပြင် ဆွေမျိုးတွေလည်း မရှိတဲ့အတွက် ရပ်ကွက်သူရပ်ကွက်သားတွေက ရယက ဥက္ကဋ္ဌရဲ့ ထောက်ခံစာနဲ့ နာရေးကူညီမှုအသင်းကို အကူအညီတောင်းတယ်။ ဒါကြောင့် နာရေးအသင်းက သူ့အလောင်းကို မန်ဇီသင်္ချိုင်းကို ကားနဲ့ပေးပို့ခဲ့တယ်။ သင်္ချိုင်းကို ရောက်တဲ့အခါ လူငယ်တွေက စည်ပင်ကို အကြောင်းကြားရင် ပိုက်ဆံပေးရမှာကို စိုးရိမ်ပြီး စည်ပင်ကိုအကြောင်းမကြားဘဲ သူတို့ဖါသာသူတို့ တွင်းတူးပီးသင်္ဂြိုလ်လိုက်တယ်။ ခုလို သင်္ဂြိုလ်ပီးတဲ့နောက်ပိုင်းမှာ စည်ပင်က ကျွန်တော်တို့ကို ဒဏ်ငွေဆောင်ရမယ်။ ဒဏ်ငွေမဆောင်ရင် အလောင်းဖျောက်မှုနဲ့ တရားစွဲမယ်ဆိုပီး ဖြစ်လာတာဖြစ်ပါတယ်'' ဟု သူကပြောသည်။

စစ်တွေတွင် အသုဘချတိုင်း စည်ပင်အဖွဲ့သို့ သင်္ဂြိုလ်ခကျပ်ငွေ ၁၀၀၀ နှင့် တွင်းတူးခ ကျပ်ငွေ ၆၀၀၀ ပေးသွင်းရသည်။

'' ဒီလို ငွေတွေသွင်းရတဲ့အပြင် စည်ပင်က အသုဘချတဲ့ကားကိုငှားရင် ကျပ် ၃၀၀၀၀ ပေးရတယ်။ အဲဒီအဖိုးကြီးက ဆွေမျိုးလည်းမရှိဆိုတော့ စည်ပင်ကားကို မငှားနိုင်ဘူး။ ကျွန်တော်တို့ နာရေးအသင်းကို အကူအညီတောင်းတယ်။ ကျွန်တော်တို့က နာရေးအသင်းပိုင်ကားနဲ့ အသဘုကို လိုက်ပို့တယ်။ ဒါကို ဒဏ်ငွေဆောင်ရမယ်ဆိုပီး လုပ်လာတယ်။ နာရေးအသင်းက ကားနဲ့လိုက်ပို့တာသာဖြစ်ပြီး သင်္ဂြိုလ်တာမဟုတ်တဲ့အတွက် ဒဏ်ငွေကို မပေးနိုင်ဘူးလို့ အကြောင်းပြန်ကြားထားပါတယ်'' ဟု သူက ဆက်ပြောသည်။

ယခင်က စစ်တွေတွင် စည်ပင်မှ အသုဘကားခမှာ ကျပ်တစ်သောင်း ပတ်ဝန်းကျင်တွင်သာ ရှိသော်လည်း စစ်တွေသင်္ချိုင်းကို ဆယ်မိုင်ခန့်ဝေးသည့် မန်ဇီနေရာသို့ ယခုနှစ် ဇန္နဝါရီလက ပြောင်းရွှေ့ပစ်သဖြင့် စည်ပင်မှ အသုဘကားခမှာ ကျပ် ၃၀၀၀၀ ထိ ဈေးမြင့်တက်သွားခဲ့သည်။

သို့အတွက် ဆင်းရဲသောမိသားစုများ အနေဖြင့် အသုဘချရာတွင် ငွေကြေးမတတ်နိုင်သဖြင့် စစ်တွေ နာရေးအသင်းမှ အသုဘကားကိုသာ အသုံးပြုနေကြသည်ဟု သိရသည်။

ငွေကြေး မတတ်နိုင်သူများအနေဖြင့် စစ်တွေ နာရေးအသင်း အသုဘကားကိုသာ အသုံးပြုသူများနေပြီး စည်ပင်ကားကို အသုံးပြုသူနည်းလာသဖြင့် ဝင်ငွေမရသော စည်ပင်အဖွဲ့က စစ်တွေ နာရေးအသင်းအပေါ် မကျေနပ်မှုများ ရှိနေကြောင်း သိရသည်။

သို့အတွက် ယခုကဲ့သို့ အချက်ရသည်နှင့် အပြစ်ရှာစွပ်စွဲကာ ဒဏ်ငွေဆောင်ရန် အကြောင်းကြား စာရေးသားပေးပို့ခဲ့ခြင်းဖြစ်ကြောင်း နာရေးအသင်းမှ တခြားတာဝန်ရှိသူတစ်ဦးကလည်း ထောက်ပြပြောဆိုသည်။

ရွာကြီးမြောက်ရပ်ကွက်မှ လူကြီးတစ်ဦးကလည်း '' စစ်တွေစည်ပင်က သင်္ဂြိုလ်ခ ငွေ ၁၀၀၀ နဲ့ တွင်းတူးခ ငွေ ၆၀၀၀ မသွင်းတဲ့အတွက် စစ်တွေ နာရေးအသင်းကိုသာမက ရပ်ကွက်က ဦးဆောင်ပီး သင်္ဂြိုလ်ခဲ့တဲ့သူတွေကိုလည်း အရေးယူမယ်ဆိုပီး ရယက ဥက္ကဋ္ဌကို အကြောင်းကြားထားတယ်လို့ သိရပါတယ်'' ဟု ပြောသည်။

ဒီရေများမြင့်တက်နေမှုကြောင့်သောင်းချီသောစပါးစိုက်ခင်းများပျက်စီး

ဒီရေမြင့်တက်မှုနှင့် ဂီရိမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စပါးခင်းများပုံဖြစ်သည်

၁၃၊ ၁၀၊ ၁၀

ဒီရေအောက် ရောက်နေသော စပါးစိုက်ခင်းများ

ရခိုင်ပြည်နယ် အနှံ့အပြားတွင် ဒီရေများ ဆက်လက်မြင့်တက်နေတုန်းဖြစ်ပြီး အဆိုပါဒီရေများမှာ လယ်ကွင်းများထဲသို့ ဝင်လာသဖြင့် ကေသောင်းချီသော စပါးစိုက်ခင်းများ ပျက်စီးနေကြောင်း သတင်းရရှိသည်။

တောင်ကုတ် မြို့နယ်က လယ်သမားတစ်ဦးက ''ဝင်လာတဲ့ ဒီရေတွေက ဆားငံရေတွေဆိုတော့ စပါးခင်းတွေ အကုန်လုံးပျက်စီးကုန်တာ ဖြစ်ပါတယ်။ ဝင်လာတဲ့ ဆားငံရေတွေကလည်း တာတမံတွေဆည်တွေ ကျိုးပေါက်ရာကနေ ဝင်လာတဲ့အတွက် စပါးခင်းတွေဟာ ဆားငံရေထဲမှာ နစ်နေတယ်။ ကျွန်တော်တို့ဒေသမှာတော့ ၇၅ ရာခိုင်နှုန်း လယ်မြေတွေပျက်စီးသွားခဲ့ပါပြီ'' ဟု သူက ပြောသည်။

စပါးများ အဖူးအငုံများ ထွက်နေချိန်တွင် ယခုကဲ့သို့ ဆားငံရေများဝင်ရောက်နေသဖြင့် စပါးပင်များအားလုံးမှာ သေဆုံးကုန်ကြောင်း သူက ပြောသည်။

''ဒီရေတက်ပြီးတော့ မိုးရွာရင် နည်းနည်းခံသာပါတယ်။ အခုတော့ ဒီရေဘဲ မြင့်တက်နေပြီး တော့ မိုးရွာတာမရှိဘူး။ စပါးစိုက်ခင်းတွေ အကုန်လုံး အပူရှိန်နဲ့ ဆားငံရေတွေကြောင့် အဖတ်ဆယ်မရအောင် သေဆုံးနေပါတယ်။ ဒေသခံ လယ်သမားတွေက အခုလို စပါးထွက်ခါနီး ခုလိုဖြစ်တော့ အထူး စိတ်မကောင်းဖြစ်နေကြပါတယ်''ဟု သူက ဆက်ပြောသည်။

တောင်ကုတ်မြို့နယ် တောင်ပိုင်းတွင် တာတမံနှင့် ဆည်ပေါင်း ၂၀ ကျိုးပေါက်သွားခဲ့ပြီး အဆိုပါ တာ တမံနှင့်ဆည်များမှာ ဘုရွှေမော်၊ ကျော်ကိုင်း၊ အတာ၊ ငရုတ်တောင်၊ ရှောက်အင်း၊ ဆားပြင်၊ ကျောက်ဝေ၊ သိမ်ချောင်းပြင်နှင့် ငှက်ပျောတော ကျေးရွာများအနီးတွင် တည်ရှိသည်။

''ကျွန်တော်တို့ မျက်မြင် အရပြောရရင် တောင်ကုတ်တောင်ပိုင်းမှာတင် သောင်းချီတဲ့ စပါးစိုက်ခင်းတွေ ပျက်စီးသွားခဲ့တာ ဖြစ်ပါတယ်။ ဒီရေတက်နေတာကလည်း နောက်တရက်နှစ်ရက်မှ ကျသွားမှာဆိုတော့ တာရိုးတွေကိုဖေါက်ပြီး ရေတွေကို ပြန်ထုတ်ရမယ်။ ပြန်ထုတ်ပီးမှ တစ်ခါ နောက်ထပ် စိုက်ပျိုးရမယ်ဆိုတော့ အချိန်လည်းမမှီတော့ပါဘူး။ မိုးရာသီကလည်း ကုန်ဆုံးတော့ မယ်ဆိုတော့ ဘယ်လိုမှ စပါးစိုက်ပျိုးလို့မရတော့ဘူး'' ဟု ပြောသည်။

လယ်သမား အများစုမှာ စပါးစိုက်ခင်းများ ပျက်စီးသွားသဖြင့် ဝမ်းစာ စပါးမရသည့်အပြင် အစိုးရထံမှ ချေးယူထားသော အမတော်ငွေများကိုလည်း ပြန်ဆပ်နိုင်မည် မဟုတ်သဖြင့် အထူး စိတ်ဒုက္ခ

စာမျက်နှာ ၂ ကော်လံ ၅

စစ်တွေစည်ပင်သာယာ ကလေးလုပ်သားများအသုံးပြု

၁၉၊ ၀၉၊ ၁၀

ရခိုင်ပြည်နယ် စစ်တွေ စည်ပင်သာယာမှ လမ်းများတွင် ပေါက်ရောက်နေသော ချုံပုတ်များနှင့်မြက်များကို ခုတ်ထွင်ရှင်းလင်းရာတွင် ကလေးလုပ်သားများကို အသုံးပြုနေသည်ဟု မျက်မြင်များကပြောသည်။

အမည် မဖော်လိုသူ မြို့ခံ တစ်ဦးက ''အသက် ၁၀ နှစ်ကနေ ၁၅ နှစ်အရွယ် ကလေးတွေပေါ့နော်။ ဆင်းရဲတဲ့ ကလေးတွေပေါ့။ သူတို့ကို လမ်းဘေးမှာပေါက်နေတဲ့ မြက်တွေနဲ့ချုံပုတ်တွေ ရှင်းလင်းတဲ့နေရာတွေမှာ စည်ပင်အရာရှိတွေကခေါ်ပြီး အလုပ်ခိုင်းနေတာဖြစ်ပါတယ်'' ဟု ပြောသည်။

ယခုကဲ့သို့ ကလေးများကို ခေါ်ခိုင်းနေခြင်းမှာ ဈေးသက်သာပြီး သတ်မှတ်ထားသော အလုပ်သမားတစ်ဦး၏ နေ့တွက်ထဲမှ ငွေကိုဖြတ်ပြီး ကိုယ်ကျိုးအတွက် အသုံးပြုလိုသဖြင့် ဖြစ်သည်ဟု သူက ပြောသည်။

''နေ့စား အလုပ်သမားလူကြီးတစ်ဦးကို ခေါ်ခိုင်းရင် ကျပ် ၁၀၀၀ ပေးရမယ်။ ကလေးတွေကို ခေါ်ခိုင်းတော့ ကျပ် ၃၀၀ ဆိုရင်ရတယ်။ ၇၀၀ က သူတို့ အရာရှိတွေအတွက် ကျန်နေတယ်လေ။ ပီးရင် ကလေးတွေနဲ့ လူကြီးတွေရဲ့ လုပ်အားနှုန်းထားကလည်း သိပ်မကွာခြားတော့ စည်ပင်က ကလေးတွေကိုခေါ်ပီး အလုပ်ခိုင်းနေတာဖြစ်ပါတယ်'' ဟု သူကဆက်ပြောသည်။

စစ်တွေမြို့တွင် စီးပွားရေးအကျပ်အတည်းကြောင့် ဆင်းရဲသောမိသားစုများမှ ကလေးငယ်များမှာ ပလစတစ်ကောက်သည့် အလုပ်အပါအဝင် ကြုံရာ ကျဘမ်းအလုပ်ကို လုပ်ကိုင်နေကြရာ ထိုအထဲမှ ကလေးငယ်များကို စည်ပင်ခေါ်ခိုင်းနေခြင်း ဖြစ်သည်။

''တစ်နေ့ကို ၁၀ ယောက်ကနေ ၂၀ ထိ ခေါ်ခိုင်းနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် မေယုလမ်းမတလျှောက်နဲ့ ဆေးရုံကြီးပတ်ဝန်းကျင် အနီးတဝိုက်က

စာမျက်နှာ ၂ ကော်လံ ၅

ရခိုင်အမျိုးသမီးများကရွေးကောက်ပွဲအားဆန့်ကျင်ဆန္ဒပြ

၀၆၊ ၁၁၊ ၁၀

မင်းဆက်ခိုင်

ဘင်္ဂလာဒေ့ရှ် အခြေစိုက် ရခိုင် အမျိုးသမီးများအစည်းအရုံးမှ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲအား ဆန့်ကျင်ကန့်ကွက်သည့် ဆန္ဒပြပွဲတရပ်ကို ဘင်္ဂလာဒေ့ရှ်နိုင်ငံ ဒက္ကားမြို့ မြန်မာသံရုံးရှေ့တွင် ပြုလုပ်ခဲ့ကြသည်။

နိုဝင်ဘာလ ၅ ရက်နေ့က နံနက် ၁၁ နာရီ အချိန်တွင် ''၂၀၁၀ ရွေးကောက်ပွဲ– အလိုမရှိ၊ တွေ့ဆုံဆွေးနွေးရေး အမြန်ခေါ်၊'' စသည့် ကြွေးကြော်သံများနှင့် ဆန္ဒပြပွဲကို စတင်ခဲ့ကြသည်။

ဆန္ဒပြရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ရခိုင်အမျိုးသမီးများအစည်းအရုံး ဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းက ယခုကဲ့သို့ပြောသည်။

''နိုဝင်ဘာလ ၇ရက်နေ့မှာ နအဖစစ်အစိုးရက ကျင်းပပြုလုပ်မယ့် ရွေးကောက်ပွဲကို ဆန့်ကျင်တိုက်ပွဲဝင်ခြင်းအနေနဲ့ ဆန္ဒပြရတာပါ။ ကျမတို့ အခုလို ဆန္ဒပြခြင်းအားဖြင့် နအဖစစ်အစိုးရက လုပ်နေတဲ့ ရွေးကောက်ပွဲဟာ မတရားဆိုတာကို ကျမတို့ ပြည်သူတရပ်လုံး သိလာစေချင်ပါတယ်။ ပြီးတော့ ပြည်သူတရပ်လုံးမှာ ကိုယ်ပိုင်အခွင့်အရေးတွေကို ဖော်ထုတ်ဖို့ အခွင့်အလမ်းတွေရှိပါတယ်။ ဒါကြောင့် ကိုယ့်ပိုင်အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်ရမယ်။ နောက် တိုင်းရင်းသားလူထုတရပ်လုံးကလည်း ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ရမယ်ဆိုတဲ့ အနေအထားကို သိစေချင်တဲ့အတွက် ဆန္ဒပြပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်''ဟု ပြောသည်။

မြန်မာသံရုံးရှေ့တွင် ပြုလုပ်ခဲ့ကြသော ဆန္ဒပြပွဲကို မွန်းတည့် ၁၂နာရီခန့်တွင် အဆုံးသတ်ခဲ့ကြပြီး တဆက်တည်းတွင် ဒက္ကားမြို့ရှိ တရားရုံးချုပ်ရှေ့တွင် သွားရောက်ဆန္ဒပြခဲ့ကြပြီး ဆန္ဒပြပွဲကို နေ့လည် ၁နာရီ ၁၅မိနစ်တွင် အဆုံးသတ်ခဲ့ကြသည်။

''ပြည်သူလူထု တရပ်လုံး အနေနဲ့ ကြောက်နေရမယ့် အချိန်မဟုတ်တော့ပါဘူး။ ပြည်သူတွေမှာ အခွင့်အရေးဆိုတာ ရှိပါတယ်။ အဲဒီအခွင့်အရေးကို ထိုင်နေလို့မရပါဘူး၊ ကျမတို့တိုက်ယူမှရမှာပါ။ ပြီးတော့ တိုင်းရင်းသားတွေအနေနဲ့လည်း အခွင့်အရေးကိုပေးပါ ပေးပါဆိုပြီးတော့ လက်ဖြန့် တောင်းနေရုံနဲ့မရပါ။ တိုက်ပွဲပေါင်းစုံနဲ့ ကျမတို့ တိုက်ပွဲဝင်ရမယ်ဆိုတာကို တိုင်းရင်းသား လူမျိုးပေါင်းစုံနဲ့ ပြည်သူတွေကို ကျမ ဒီနေရာကနေပြီးတော့ ပြောချင်ပါတယ်။''

ဆန္ဒပြပွဲတွင် ဒီမိုကရေစီအရေးလှုပ်ရှားသူ စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ပြီး ဒေသခံဘင်္ဂလာဒေ့ရှ်သတင်းဌာနများမှ သတင်းထောက် ၂၀ နီးပါးခန့် လာရောက် သတင်းယူခဲ့ကြသည်။

အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသော ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး RWU ၏ ထုတ်ပြန်ချက်ကိုလည်း ပြည်သူများနှင့် သတင်းထောက်များအကြားတွင် ဖြန့်ဝေခဲ့ကြသည်။

သြစတြေးလျနိုင်ငံ Queensland ရခိုင်လူမှုရေးအသင်းဖွဲ့စည်း

၁၉၊ ၁၀၊ ၁၀

မောင်ရမ္မာ

သြစတြေလျ နိုင်ငံ Queensland ပြည်နယ်တွင် ရောက်ရှိနေကြသော ရခိုင်အမျိုးသား အမျိုးသမီးများစုပေါင်းပြီး Queensland ရခိုင်လူမှုရေးအသင်းကို အောက်တိုဘာလ ၁၇ ရက်နေ့က ဖွဲ့စည်းခဲ့သည် ဟုသိရှိရသည်။

အဆိုပါ Queensland ရခိုင်လူမှုအသင်း (Queensland Arakanese Society- QAS) ကို Queenslan ပြည်နယ်တွင် ရောက်ရှိနေကြသော ရခိုင်အမျိုးသား အမျိုးသမီးများက ရခိုင်အမျိုးသားလူမှုရေး ကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်ဟု အဆိုပါအဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။

အဆိုပါ ကြေညာချက်ထဲတွင် Queensland ပြည်နယ်တွင် နေထိုင်လျှက်ရှိသော ရခိုင်အမျိုးသားအမျိုးသမီးများ၏ သာရေးနာရေး လူမှုရေးကိစ္စများတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ ရခိုင်လူမျိုးထဲမှ ပညာထူးချွန်ပြောင်မြောက်သူများကို ပေါ်ထွန်းလာစေရန်ရည်သန်၍ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးတန်းဖြင့် ထူးချွန်အောင်မြင်သူများကို ချီးမြှောက်ဂုဏ်ပြုပေးရန်၊ နိုင်ငံတကာ ရခိုင်အသင်းကြီး (WAO)နှင့်တကွ အခြားပြည်တွင်းပြည်ပ ရခိုင်အဖွဲ့အစည်းများနှင့် လက်တွဲလျှက် ရခိုင်တမျိုးသားလုံး စည်းလုံးညီညာ ရှင်သန်တိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်သွားရန်နှင့် Queensland ပြည်နယ်ရှိ အခြားသော မြန်မာတိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း ယဉ်ကျေးမှု၊ လူမှုရေးကိစ္စရပ်များတွင် ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

အဆိုပါ အဲဒီအသင်းကို အသင်းရဲ့အလုပ်အမှုဆောင် ၉ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အသင်း၏ ဥက္ကဋ္ဌအဖြစ် ခိုင်မြင့်သိန်း၊ ဒုဥက္ကဋ္ဌအဖြစ် ဦးကျော်သိန်းမောင်၊ အတွင်းရေးမှူးအဖြစ် ကိုနိုင်ဝင်း၊ တွဲဘက်အတွင်းရေးမှူးအဖြစ် ကိုအဦးမောင်နှင့် တခြားအလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

(အသင်း တာဝန်ရှိသူများနှင့် မေးမြန်းရန် ဖုန်းဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ် မရရှိခဲ့ပါ)

၁၀ သုံးလုံးရက်တွင်ဆင်ဖြူတော်ကိုနေပြည်တော်သို့ယူဆောင်

၁၂၊ ၁၀၊ ၁၀

စက်တင်ဘာလ အတွင်းက နောက်ဆုံးဖမ်းမိသော ဆင်ဖြူကို ၂၀၁၀ ခုနှစ် ၁၀ လပိုင်း ၁၀ ရက်နေ့တွင် မောင်တောမြို့မှ ဘူးသီးတောင်သို့ တောလမ်းမှတဆင့် တခြားဆင်သုံးကောင်ကို ခြံရံပြီး ယူဆောင်သွားကြောင်း သတင်းရရှိသည်။

အမည်မဖော်လိုသူ နစက အရာရှိ တစ်ဦးက '' မဖြစ်ဖြစ်တဲ့နည်းနဲ့ ဆင်ဖြူတော်ကို ဒီလ ၁၈ ရက်နေ့အရောက် နေပြည်တော်ကို ပို့ရမယ်လို့ ညွှန်ကြားချက် ထပ်လာတဲ့အတွက် တနင်္ဂနွေနေ့က ဘူးသီးတောင်ကို မောင်တောက

လမ်းမကောင်းတဲ့အတွက် တောလမ်းကတဆင့် အစောင့်အရှောက်တွေ အများကြီးနဲ့ ယူဆောင်သွားခဲ့ပါတယ်'' ဟု ပြောသည်။

မူလက ဆင်ဖြူတော်ကို အောက်တိုဘာလ ၉ ရက်နေ့တွင် ယူဆောင်ရန် အစီအစဉ်ရှိခဲ့သော်လည်း မုန်တိုင်းထပြီး မိုးကြီးကာ လမ်းများကျိုးပျက်သွား၍ မယူဆောင်နိုင်သဖြင့် အောက်တိုဘာလ ၁၀ ရက်နေ့မှ ယူဆောင်သွားနိုင်ခြင်းဖြစ်သည်။

ဆင်ဖြူတော် ဆိုသည်မှာ တိုင်းပြည်၏ ရတနာဖြစ်သဖြင့် ဆင်ဖြူတော်ကို စတင်ယူဆောင်သောရက်မှာ ဆယ်သုံးလုံးဘူးကြီး

သဖြင့် နအဖ စစ်အစိုးရအတွက် အခြေအနေ မကောင်းကြောင်းနှင့် လုပ်ငန်းများ ထိခိုက်နိုင်ကြောင်း ဗေဒင်လက္ခဏာနှင့် သမိုင်း သုတေသီ အရှင်အိန္ဒာစက္ကမှ ပြောသည်။

ဆင်ဖြူတော်ကို ဘူးသီးတောင်မှတဆင့် စစ်တွေ၊ စစ်တွေမှ တဆင့်တောင်ကုတ်သို့ ရေတပ်သင်္ဘောများဖြင့် ယူဆောင်မည်ဖြစ်ပြီး တောင်ကုတ်မှတဆင့် သစ်တောဌာနပိုင် လော်ရီကားကြီးများဖြင့် ရိုးတောင်ကိုဖြတ်ကာ နေပြည်တော်သို့ ယူဆောင်မည် ဖြစ်သည်။

ယခု ဖမ်းဆီးရမိသော ဆင်ဖြူ၏မျက်လုံးအရောင်– ပုလဲ၊ နား ပုံစံ– ကြေးစည်ပုံ၊ အရောင်က–

ဖွင့်ပုံ၊ မွေးညှင်းအရောင်– အဖြူ ရှေ့ခြေသည်း– ၅ ခု၊ ဗနောက် ခြေသည်း– ၄ခု၊ အသက်–၁၈ နှစ်၊ အမြင့်– ၇ပေ ၁ လက်မ၊ လုံးပတ်– ၁၀ပေ ၃ လက်မ၊ အမြီး– ၃ပေ ၇လက်မ၊ ကျောပုံ– ငှက်ပျောဖူးပုံ၊ အရေခွံပုံစံ– သြဇာသားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူကို စက်တင်ဘာလ ၂၃ ရက်နေ့က မောင်တောမြို့နယ်မြောက်ပိုင်း ရန်အောင်ပြင်ကျေးရွာအနီးမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ရခိုင်ပြည်နယ်မှ ၅ ကောင်မြောက် ဖမ်းဆီးရမိသော ဆင်ဖြူ ဖြစ်သည်။

သံတွဲထောင် အကျဉ်းသားနေရာများကို

ထောင်အာဏာပိုင်များကရောင်းစား

၀၇၊ ၁၀၊ ၁၀

သံတွဲထောင်တွင် အကျဉ်းသားများ၏ အိပ်ရာနေရာများကို ထောင်အာဏာပိုင်များက အခကြေးငွေ အများအပြားယူကာ ထောင်သားများကို ရောင်းစားနေကြောင်း အမျိုးသမီးကြီးတစ်ဦးက ပြောသည်။

''အဒေါ် ယောကျ်ားကို လွန်ခဲ့တဲ့အပတ်က သွားတွေ့တယ်လေ။ သူက ပြင်ပမီဒီယာတွေကို ပို့ပေးပါဆိုပီး စာတစ်စောင်ပေးလိုက်တယ်။ စာထဲမှာတော့ ထောင်ထဲမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေနဲ့ ထောင်သားတွေရင်ဆိုင်နေရတဲ့ အခက်အခဲတွေကို စာထဲမှာ ရေးထားတယ်လေ''ဟု ပြောသည်။

အဆိုပါ စာထဲတွင် ထောင်ပိုင်၊ ထောင်မှူးများသည် တန်းစီးများနှင့်ပူးပေါင်းပြီး ထောင်ထဲတွင် ထောင်သားများကို အိပ်စရာနေရာများကို ရောင်းစားနေကြောင်း၊ အိပ်ရာကောင်းကောင်း တစ်နေရာကို ကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ထိပေးရပြီး ငွေကြေးတတ်နိုင်သူများက ၀ယ်ယူနိုင်သော်လည်း မ၀ယ်ယူနိုင်သူ ဆင်းရဲသားထောင်သားများကို နေရာကောင်းများက ဖယ်ရှားကာ ညစ်ပတ်ပေရေနေသော အိမ်သာများအနီးသို့ ရွှေ့ပြောင်းထားရှိကြောင်း၊ အများစုထောင်သားများမှာ ထောင်ထဲတွင် နည်းမျိုးစုံဖြင့် အနိုင်ကျင့်ခံနေရပြီး နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေမှာ အထူးဆိုးရွားကြောင်း ဖော်ပြထားသည်ဟု သူမကပြောသည်။

၎င်းပြင် သူမက '' အဒေါ် ယောကျ်ားက ငွေမပေးနိုင်တော့ သူ့ကိုလည်း အိမ်သာရှိတဲ့ နေရာနားကို ရွှေ့လိုက်တယ်လို့ပြောတယ်။ စားရတာကလည်း အဆင်မပြေတဲ့အတွက် ငပိနဲ့ငါးခြောက်တွေ ပို့ပေးဖို့ပြောပါတယ်'' ဟု ပြောသည်။

သံတွဲထောင်ထဲတွင် စားရသောက်ရသည်မှာလည်း အဆင်မပြေကြောင်းနှင့် ထမင်းမ၀သည့်အပြင် အချိန်လွန်ပဲများကို ၀ယ်ယူချက်ကျွေးနေကြောင်း သိရသည်။

ဒါ့အပြင် သူက '' ဘာပြောလဲဆိုရင် ထောင်အာဏာပိုင်တွေက ထောင်ဝင်းထဲမှာ ဝက်တွေမွေးထားတယ်လို့ ပြောတယ်။ အဲဒီဝက်တွေ မွေးမြူရေးကိုလည်း ထောင်သားတွေက သွားရောက်လုပ်ကိုင်ပေးရပြီး ထောင်ကထွက်တဲ့ စားကြွင်းစားကျန်တွေနဲ့ ထောင်စားဖိုက ထမင်းရည်တွေကို နေ့စဉ်နေ့တိုင်း သွားကျွေးရတယ်လို့ပြောပါတယ်''ဟု သူက ဆက်ပြောသည်။

သံတွဲထောင်ထဲတွင် ယခုအခါ အကျဉ်းသား ၈၀၀ ခန့်ရှိပြီး ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား ၂၀ နီးပါးခန့် ရှိကြောင်းသိရသည်။

မိဘမဲ့ကလေး ဂေဟာသစ် စစ်တွေတွင်ဖွင့်လှစ်

၀၈၊ ၁၀၊ ၁၀

ဆရာတော် အရှင်ပညာစာရတည်ထောင်ခဲ့သော မဟာမုနိ ဗုဒ္ဓဝိဟာရ မိဘမဲ့ကလေးများဂေဟာ ပျက်စီးသွားပြီးနောက် ယခုတခါ စစ်တွေမြို့ လူကုံတန်အသိုင်းအဝိုင်းမှ မိဘမဲ့ကလေးဂေဟာ တစ်ခုကို ဖွင့်လှစ်ခဲ့သည်ဟု သတင်းရရှိသည်။

စစ်တွေမှ အမျိုးသမီးတစ်ဦးက ''အောက်တိုဘာလ ၇ရက်နေ့က ဂေဟာကို စတင်ဖွင့်လှစ်ပါတယ်။ စစ်တွေ မင်းဂံအမှတ် ၁၃ ရပ်ကွက်မှာဖြစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့က လူသိများတဲ့ သူဌေးတွေ တက်ရောက်ခဲ့ကြပါတယ်''ဟု ပြောသည်။

သူမ၏အပြောအရ အဆိုပါဂေဟာကို စစ်တွေ နာရေးကူညီမှုအသင်း၊ ကြံ့ဖွံ့ပါတီနှင့် စစ်တွေမှ စစ်အစိုးရနှင့်နီးစပ်သော သူဌေးကြီးများက ဦးဆောင်ဖွင့်လှစ်ခြင်းဖြစ်သည်ဟု ပြောသည်။

''ကျွန်မ အခမ်းအနားကို သွားပါတယ်။ စစ်တွေက နာမည်ကြီးသူဌေးတွေ၊ အထူးသဖြင့် နအဖ စစ်အစိုးရနဲ့ အလွမ်းသင့်ကြတဲ့ ရွှေသဇင်ဦးသန်းရွှေ၊ ဒေါ်မနု (ရွှေဒေါင်းပျံ)၊ အင်းပေါက်၀ကုမ္ပဏီက ဦးမောင်ထွန်းကျော်၊ ဦးအေးသိန်းတို့ လာတာကိုတွေ့ရပါတယ်။ တခြား လူတွေလည်း အများကြီးလာတာကို တွေ့ရပါတယ်'' ဟု သူမက ပြောသည်။

အခမ်းအနားဖွင့်ပွဲကို နံနက် ၉ နာရီမှ စတင်ပြုလုပ်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ နအဖ စစ်အစိုးရ၏ ဘုန်းကြီးများဖြစ်ကြသော ဓမ္မာသုခကျောင်း ဆရာတော်၊ မဏိရတနာ ဆရာတော်နှင့် ဂန္ဓာရုံဆရာတော်များလည်း တက်ရောက်ပြီး အဆိုပါ ဆရာတော်များထံမှ ငါးပါးသီလ ယူခဲ့ကြသည်ဟု သိရ သည်။

''အခု လောလောဆယ်တော့ ကလေး တစ်ယောက်မှမရှိသေးပါဘူး။ မိဘမဲ့ဆိုရင် မွေးကင်းစအစ လက်ခံမယ်လို့ ပြောပါတယ်။ ဆရာတော် အရှင်ပညာစာရကျောင်းက ဗမာပြည်ကို ခေါ်သွားတဲ့ ကလေးတွေကိုလည်း ပြန်လည်ခေါ်ယူလာပြီး ဒီဂေဟာမှာ ထားမယ်ဆိုပြီးတော့လည်း ပြောပါတယ်။ အခု ကလေးတွေကိုစောင့်ရှောက်ဖို့ ဝန်ထမ်းတွေ၊ အလုပ်သမားတွေကို ခေါ်ယူနေပါတယ်'' ဟု သူမက ဆက်ပြောသည်။

အခမ်းအနားသို့ အရပ်ဝတ်စစ်ဘက်ဆိုင်ရာ အရာရှိများ၊ ထောက်လှမ်းရေးများ၊ အက်စ်ဘီများ ရောက်ရှိခဲ့ကြောင်းနှင့်ယခု ဂေဟာဖွင့်လှစ်မှုမှာ နအဖ စစ်အစိုးရ၏ အစီအစဉ်တရပ်ဖြစ်နိုင်ကြောင်း လေ့လာသူများက ပြောသည်။

ဆရာတော် အရှင်ပညာစာရအား ဖမ်းဆီးလူဝတ်လဲသည်သာမက ထောင် ၈ နှစ်နှင့် ၃ လပါ ပြစ်ဒဏ်စီရင်ခဲ့သဖြင့် ရခိုင်ပြည်သူများအကြား မကျေနပ်မှုတိုးပွားနေရာ အဆိုပါမကျေနပ်မှုကို ချေဖျက်လိုသဖြင့် စစ်တွေမှ နအဖ စစ်အစိုးရနှင့်နီးစပ်သူ သူဌေးများကို ယခုကဲ့သို့ မိဘမဲ့ကလေး ဂေဟာတစ်ခု ဖွင့်လှစ်ခိုင်းခြင်းဖြစ်နိုင်ကြောင်း ပြည်သူများက အမြင်ရှိနေကြသည်ဟု သိရသည်။

ရခိုင် လူ့အခွင့်ရေးလှုပ်ရှားသူ ဦးမြတ်ထွန်းကိုမိသားစုများ ထောင်ဝင်စာမတွေ့နိုင်

မောင်အေး

၀၂၊ ၁၁၊ ၁၀

ရခိုင်ပြည်နယ်မှ လူ့အခွင့်အရေး လှုပ်ရှားသူတဦးဖြစ်သူ ဦးမြတ်ထွန်းကို ဇူလိုင်လကတည်းက မိသားစုနှင့် အလှမ်းဝေးသည့် ရောဝတီတိုင်း မြောင်းမြထောင်သို့ ပြောင်းရွှေ့လိုက်သည့်အတွက် မိသားစုများအနေဖြင့် ယခုတိုင် ထောင်ဝင်စာ သွားမတွေ့နိုင်ဘဲ ဖြစ်နေကြောင်း သတင်းရရှိသည်။

ဦးမြတ်ထွန်းအား မြောင်းမြထောင်သို့ ပြောင်းရွှေ့လိုက်ခြင်းနှင့် ပတ်သတ်ပြီး မိသားစုဝင်အမျိုးသမီးတစ်ဦးက ယခုကဲ့သို့ ပြောသည်။

''သူတို့ ဇူလိုင်လ ၁၂ရက်နေ့က ဘူးသီးတောင်ထောင်ကနေ ကျောင်းသားခေါင်းဆောင် တစ်ဦးနဲ့ အတူ စစ်တွေကို ဓညဝတီ ၃ သင်္ဘောနဲ့ယူသွားပြီး စစ်တွေ အမှတ် ၁ ရဲစခန်းမှာထားတယ်။ အဲဒီကတဆင့် ဦးမြတ်ထွန်းကို ၂၅ ရက်နေ့မှာ တောင်ကုတ်ကိုသွားတဲ့ သင်္ဘောနဲ့ ထည့်ပေးလိုက်ပြီး တောင်ကုတ်ကတဆင့် မြောင်းမြထောင်ကိုပို့လိုက်တယ်။ ကျောင်းသားခေါင်းဆောင်ကိုတော့ စစ်တွေထောင်မှာ ထားတယ်လို့ သိရတယ်။''

ယခုကဲ့သို့ မိသားစုနှင့် အလွန်ဝေးသည့် ဧရာဝတီတိုင်းဘက်သို့ မည်သည့်အကြောင်းကြောင့် ပြောင်းရွှေ့လိုက်သည်ကို မိသားစုဝင်များအနေဖြင့် ယခုတိုင် မသိရှိရသေးကြောင်း သူမက ပြောသည်။

ဦးမြတ်ထွန်းအား ပြောင်းရွှေ့သွားသည်မှာ လေးလနီးပါးကြာမြင့်ခဲ့ပြီးဖြစ်သော်လည်း မိသားစုများအနေဖြင့် တကြိမ်တခါမျှ သွားမတွေ့နိုင်သေးကြောင်း သူမက ပြောသည်။

''အခုဆို သူထောင်ပြောင်းသွားတာ လေးလလောက်ရှိပြီ ဖြစ်ပါတယ်။ ကျမတို့ တကြိမ်လည်း သွားမတွေ့နိုင်သေးဘူး။ ဒီမှာလည်း စားဝတ်နေရေး အဆင်မပြေတော့ မသွားနိုင်ဘူး။ ဘူးသီးတောင်မှာ တုန်းကဆို တလတခေါက်လောက် တော့တွေ့နိုင်တယ်။ အခုတော့ ပိုဆိုးသွားတာပေါ့နော်။''

ဦးမြတ်ထွန်းမှာ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် သဝင်ချောင်းကျေးရွာမှ ရဲအရာရှိ အငြိမ်းစားတစ်ဦးဖြစ်သည်။

ဦးမြတ်ထွန်းကို ၂၀၀၉ ခုနှစ် မတ်လ ၂၀ ရက်နေ့က ဘူးသီးတောင်ဗျူဟာဂိတ်တွင် စရဖ ထောက်လှမ်းရေးများက ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးပြီးနောက် မောင်တောခရိုင်တရုံးမှ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုအပါအဝင် တခြားအမှုများဖြင့် ထောင်ဒဏ် ၅ နှစ်ချမှတ်ပြီး ဘူးသီးတောင်အကျဉ်းထောင်တွင် ချုပ်နှောင်ထားခဲ့ရာမှ နောက်ပိုင်းတွင် မြောင်းမြထောင်သို့ ပြောင်းရွှေ့လိုက်ခြင်း ဖြစ်သည်။

ဟိုတယ်ဆောက်ရန် ထူးကုမ္ပဏီက မြောက်ဦးတွင်မြေသိမ်း

မောင်အေး

၀၆၊ ၁၀၊ ၁၀

စီးပွားရေးသမားကြီး ဦးတေဇပိုင် ထူးကုမ္ပဏီက ဟိုတယ်ဆောက်လုပ်ရန်အတွက် ရခိုင် ရှေးဟောင်းမြို့တော် မြောက်ဦးတွင် ဒေသခံများပိုင်ဆိုင်သည့် လယ်မြေများကို သိမ်းယူနေကြောင်း မြို့ခံများက ပြောသည်။

'' အခု သိမ်းဆည်းခံရတဲ့ လယ်ကေ စုစုပေါင်း ၁၅ ကေ ဖြစ်ပါတယ်။ နေရာက မြောက်ဦးဆေးရုံနဲ့ဆိုရင် ၄ ဖာလုံခန့်ဝေးပါတယ်။ တောင်ဖြူဆည်တို့ အဘောင်တော်ကန်တို့နဲ့ဆိုရင် ပိုနီးပါတယ်''ဟု မြောက်ဦးမြို့ခံတစ်ဦးက ပြောသည်။

တခြား မြို့ခံတစ်ဦးကလည်း ''သိမ်းတာတော့ ဟုတ်ပါတယ်။ သိပ်မကြာသေးဘူး။ ရက်ပေါင်း ၂၀ လောက်ဘဲ ရှိပါသေးတယ်။ လျော်ကြေးပေးမယ်လို့ ကြားရပါတယ်။ လုပ်ငန်းတွေတော့ မစသေးဘူး။ သူတို့ဟိုတယ်ဆောက်မယ်လို့သိရတယ်။ ဂေါက်ကွင်းလည်း လုပ်မယ်လို့လည်း ကြားရပါတယ်။ ဘယ်တော့ စဆောက်မယ်ဆိုတာတော့ မသိသေးဘူး'' ဟု ပြောသည်။

သိမ်းဆည်းခံရသည့် လယ်မြေများတွင် ဥယာဉ်ခြံမြေများ ပါဝင်ပြီး မြေကေအလိုက် လျော်ကြေးပေးမည်ဟု ပြောသော်လည်း မသေချာကြောင်း သူကဆက်ပြောသည်။

''သူတို့ပြောတာက မြေတစ်ကေကို ကျပ် ၂ သောင်းနှုန်းနဲ့ ပေးမယ်လို့ ပိုင်ရှင်တွေကိုခေါ်ပြီး ပြောတာတွေရှိပါတယ်။ အခုထိတော့ ငွေမပေးသေးဘူး။ ဥယာဉ်ပိုင်ရှင်တွေ ပိုပြီးနစ်နာတယ်။ ခြံကထွက်တဲ့ အသီးဖလံတွေကို အားကိုးပြီး ထမင်းစားနေတာ ခြံသိမ်းပြီး ငွေ ၂သောင်းပေးမယ်ဆိုတော့ ဘာမှ မထူးဘူး။''

ယခုအခါ မြောက်ဦးမြို့နယ်တွင် ကာလပေါက်ဈေး လယ်တဧကလျှင် ကျပ်ငွေ ၅ သိန်းဈေးရှိကြောင်း သိရသည်။

ယခု လယ်မြေသိမ်းဆည်းသည့်ကိစ္စနှင့်ပတ်သတ်ပြီး စစ်တွေမြို့မှ နိုင်ငံရေးသမားတဦးက ''လယ်သိမ်းတာ မြေသိမ်းတာက ရခိုင်ပြည်မှာရိုးနေပြီ။ ဘာမှမထူးခြားတဲ့ကိစ္စပါ။ ကြက်ဆူစိုက်ဖို့ ဘာစိုက်ပျိုးဖို့ဆိုပီး စစ်တပ်က အကြောင်း အမျိုးမျိုးပြ သိမ်းနေတာတွေအများကြီးပါဘဲ။ အခု ဖွဲ့စည်းပုံမှာလည်း လယ်မြေတွေကို အစိုးရကပိုင်တယ်လို့ပါနေတော့ ပြည်သူတွေပိုပြီး ဒုက္ခရောက်ကြဦးမယ်'' ဟု ပြောသည်။

သို့သော်လည်း ရခိုင်ပညာတတ်လူငယ်တစ်ဦးက ထူးကုမ္ပဏီက တန်ရာတန်ကြေးကို ပေးမည်ဟု သူထင်မြင်ကြောင်း၊ တန်ရာတန်ဖိုးကိုမပေးပါက ဒေသခံများနှင့်ကုမ္ပဏီအကြား ပြဿနာများ ဖြစ်ပွားနိုင်ကြောင်း ပြောဆိုသည်။

သမီးအားမုဒိမ်းပြုကျင့်သောတပ်ကြပ်ကြီးကို ဖခင်ဖြစ်သူက ခုတ်သတ်၍ ပွဲချင်းပြီးသေဆုံး

ထွန်းထွန်း

၁၀၊ ၁၀၊ ၁၀

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် သမီးဖြစ်သူကို နအဖ တပ်ကြပ်တစ်ဦးက မုဒိမ်းကျင့်သဖြင့် ဖခင်ဖြစ်သူက နအဖ တပ်ကြပ်ကြီးကို ဓါးဖြင့်ခုတ်သတ်သောသေမှုသေခင်းတစ်ခု အောက်တိုဘာလ ၃ ရက်နေ့က ဖြစ်ပွားခဲ့သည်။

နိရဉ္စရာမှ အဆိုပါ သတင်းအားလက်ခံရရှိပြီးနောက် ဆက်လက်စုံစမ်းမေးမြန်းရာ ကံစောက်ကျေးရွာသားတစ်ဦးက ယခုကဲ့သို့ ပြောကြားသည်။

''ဖြစ်တာက ကျွန်တော်တို့ ကံစောက်ကျေးရွာနဲ့ တဖက်ကမ်း ခမီးအမျိုးသားတွေ နေထိုင်တဲ့ တောင်မင်းကျေးရွာမှာ အောက်တိုဘာလ ၃ ရက်နေ့က ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ကျေးရွာ ရယက အတွင်းရေးမှူး ဦးအောင်သာဖြူ သမီးကို ညဥ့်အိပ်နေစဉ် တပ်ကြပ်ကြီးတဦးက မုဒိမ်းပြုကျင့်ရာကနေ ဦးအောင်သာဖြူက ဓါးဆွဲပြီး ခုတ်တဲ့အတွက် တပ်ကြပ်ကြီးက အဲဒီအိမ်ပေါ်မှာဘဲ ပွဲချင်းသေဆုံးသွားခဲ့ပါတယ်'' ဟု ပြောသည်။

သေဆုံးသွားသူမှာ တပ်ကြပ်ကြီး လင်းဇော်ဌေးဖြစ်ပြီး ကံစောက်အခြေစိုက် ခလရ ၅၃၉ တပ်ရင်းမှ ဖြစ်သည်။

ဖြစ်ပွားပုံနှင့် ပတ်သက်ပြီး အသေးစိတ်အခြေအနေကို သူက ယခုကဲ့သို့ ပြောသည်။

''တပ်ကြပ်ကြီး လင်းဇော်ဌေးက ရယကအတွင်းရေးမှူးအိမ်မှာ တာဝန်အရ ခေတ္တလာရောက်တည်းခိုနေစဉ် ဖြစ်ပွားတာပါ။ အဲဒီ ၃ ရက်နေ့ ညဥ့် ၂ နာရီ လောက်မှာ အတွင်းရေးမှူးသမီး အိပ်နေတဲ့ ခြင်ထောင်ထဲကိုဝင်ပြီး အတင်းပြုကျင့်ပါတယ်။ သမီးအော်သံကိုကြားတော့ အဖေအမေနဲ့ တခြားအိမ်နီးနားချင်းတွေ လာကြတယ်။ မုဒိမ်းကျင့်တာကိုသိတော့ ဦးအောင်သာဖြူက ဓါးကိုယူပြီး ဦးခေါင်းကိုခုတ်တယ်။ ရွာသားတွေက ဝိုင်းပီး ဓါးနဲ့ထိုးပါတယ်။ ဒဏ်ရာအကြီးအကျယ် ရသွားပြီးတော့ ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်'' ဟု သူက ပြောသည်။

မုဒိမ်းကျင့်ခံလိုက်ရသူ ရယကအတွင်းရေးမှူးသမီးမှာ အသက် ၂၄ နှစ် ရှိကြောင်းနှင့် သူမအမည်မှာ မခိုင်ရွှေဖြစ်ကြောင်း သူက ပြောသည်။

ရယက အတွင်းရေးမှူး ဦးအောင်သာဖြူမှာ အမှုခင်းဖြစ်ပွားခဲ့သည့်နေ့ကစပြီး ထွက်ပြေးပုန်းရှောင် နေကြောင်းသိရသည်။

သေဆုံးသွားသူ တပ်ကြပ်ကြီး လင်းဇော်ဌေး၏အလောင်းကို နောက်တစ်နေ့တွင် ၎င်း၏ တပ်ရင်းတွင်ပင် မြှုပ်နှံလိုက်ကြောင်း အဆိုပါကျေးရွာသားက ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ကံစောက်ကျေးရွာက အမျိုးသမီးတစ်ဦးအား ဖုန်းမှတဆင့် ဆက်သွယ်မေးကြည့်ရာ သူမက ''ကျွန်မတို့ကံစောက်ရွာမှာ ဖြစ်တယ်ဆိုပီး လူတွေက ခဏခဏ မေးနေကြပါတယ်။ ကျွန်မတို့ ကံစောက်မှာ ဖြစ်တာမဟုတ်ဘူးရှင့်။ ခမီးတွေနေတဲ့ တောင်မင်းရွာမှာ ဖြစ်တာပါ။ ဖြစ်တာကိုတော့ ပြောနိုင်ပါတယ်။ ဘယ်လို ဖြစ်တယ်ဆိုတာ ကျွန်မတို့လည်း အတိအကျမသိ

စာမျက်နှာ ၂ ကော်လံ ၃

ရခိုင်မျိုးစောင့်အုပ်စု ၃ နှစ်ပြည့် အခမ်းအနားဂျပန်တွင်ကျင်းပ

မင်းဆက်ခိုင်
၁၂၊ ၁၀၊ ၁၀

ရခိုင် မျိုးစောင့်အုပ်စု (Arakan Rakhitta Group) ၏ ၃နှစ်ပြည့်အခမ်းအနားကို ဂျပန်နိုင်ငံ တိုကျိုမြို့ shijuku - san pei Hall တွင် အောက်တိုဘာလ ၁၁ ရက်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားကို ရခိုင်မင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ခဲ့ကာ ရခိုင့်နိုင်ငံ အောင်လံတော်ကို ရခိုင်စစ်ချီတော် သီချင်းဖြင့် သီဆိုအလေးပြုကြပြီး ရခိုင်ပြည်အတွက် အသက်စွန့်သွားသော သျှင်ဦးမြဝါနှင့် ရခိုင်ပြည်လွတ်မြောက်ရေးအတွက် အသက်စွန့်သွားခဲ့ကြသော ရခိုင်အာဇာနည်များ၊ ပြည်သူပြည်သားများအတွက် တမိနစ်ခန့် ငြိမ်သက်ဆုတောင်း အမျှဝေခဲ့ကြသည်။

အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရခိုင်မျိုးစောင့်အုပ်စုမှ ကိုလှရွှေက ယခုကဲ့သို့ ပြောသည်။

"အခမ်းအနားမှာ ကျနော်တို့ လက်ရှိလုပ်နေကြတဲ့ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့ တင်ပြခဲ့တာတွေရှိပါတယ်။ ရခိုင်ပြည်ဘက်ပေါင်းစုံက တိုးတက်မယ့် လုပ်ငန်းတွေကို တခြားအဖွဲ့အစည်းတွေနဲ့ လက်တွဲပြီးတော့ လုပ်သွားဖို့ အကြောင်းတွေကိုလည်း တင်ပြခဲ့ပါတယ်။ ပြီးတော့ ဒီ ၃နှစ်တာကာလအတွင်းမှာ ရခိုင်မျိုးစောင့်အုပ်စုရဲ့ လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတွေကိုလည်း တင်ပြ ခဲ့ပါတယ်။"

၎င်းပြင် ကိုလှရွှေက " ၃ နှစ်တာကာလအထဲမှာ ရခိုင်မျိုးစောင့်အုပ်စုလုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာတော့ အတိုင်းအတာတခုထိ ကျေနပ်မှုတော့ရှိပါတယ်။ တတ်နိုင်ရင် ကျနော်တို့ ဒီထက် အများကြီးလုပ်ချင်ပါတယ်။ ပထမဆုံး ကျနော်တို့ "နိုင်ငံအကျိုးပြု အဖိုးတန်ရတနာများ" ဆိုတဲ့စာအုပ်ကို ပြည်တွင်းထဲက ဝယ်ယူပြီးတော့ နိုင်ငံတကာကို တဆင့်အခမဲ့ ဖြန့်ဝေခဲ့ပါတယ်။ ရခိုင်မျိုးဆက်သစ်တွေ အတုယူစရာတွေ အများကြီးပါဝင်တဲ့အတွက် ဖြစ်ပါတယ်။ ပြီးတော့ "ဟန်ဆောင်တိုင်းရင်းသားဆိုတဲ့ ဒီဗွီဒီ အခွေပါ။ အဲဒီခွေက တော်တော့်ကိုထိရောက်ပြီးတော့ အများကြီး အကျိုးရှိတယ်လို့ထင်ပါတယ်" ဟု ပြောသည်။

၎င်းအပြင် နောက် "ဘင်္ဂလာအော်လှိုင်းသံ"ဆိုတဲ့ လက်ကမ်းစာစောင်ကိုလည်း ဖြန့်ဝေနိုင်ခဲ့ပါတယ်။ ဒုက္ခရောက်နေတဲ့ ရခိုင်မိသားစုတွေနဲ့ ရခိုင်နိုင်ငံရေး မိသားစုအတွက်လည်း ကျနော်တို့ အတတ်နိုင်ဆုံး ကူညီပေးခဲ့တာတွေလည်းရှိပါတယ်။ အခုလည်း "ပါလီမန်ဒီမိုကရေစီခေတ် ရခိုင်ပြည်နိုင်ငံရေးနှင့် မျက်မှောက်ခေတ်ဘူးသီးတောင်၊ မောင်တောအခြေအနေ"ဆိုတဲ့ စာအုပ်ကို ဖြန့်ဝေနေပါပြီ။ နောက်ပြီးတော့ ရခိုင်စာပေမြင့်တင်ဖို့အတွက် ရခိုင်သင်ပုန်ကြီးဆိုတဲ့စာအုပ်ကို ထုတ်ဝေဖို့အတွက် ပြင်ဆင်နေပါတယ်။" ဟု သူက ပြောသည်။

ရခိုင်မျိုးစောင့်အုပ်စု အဖွဲ့ဝင်များက ၎င်းတို့တာဝန်ယူထားသော ကဏ္ဍအလိုက် လုပ်ဆောင်မှုများကို အခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ပြည်ပ) ယာယီဥက္ကဌ ဦးဇော်မင်းခိုင်၊ ဦးထွန်းဝေ၊ ဦးမြတ်သူ၊ ဦးဖိုးသိန်းတို့မှ ရခိုင်မျိုးစောင့်အုပ်စု၏ လုပ်ဆောင်ချက်များကို ဝေဖန်သုံးသပ် အကြံပြုပြောကြားခဲ့ကြပြီး တက်ရောက်လာသူများကလည်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် လူပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို နေ့လည် ၂နာရီတွင် စတင်ခဲ့ကြပြီး တက်ရောက်လာသူများကို ညနေစာဖြင့် ဧည့်ခံကာ ည ၉နာရီတွင် အောင်မြင်စွာ အဆုံးသတ်ခဲ့ကြကြောင်း သိရသည်။

စာအုပ်၊ မဂ္ဂဇင်း၊ ပြက္ခဒိန်၊ T -shirt ၊ ပိုစတာ၊ ပို့စ်ကဒ်၊ ပြုလုပ်လိုသူများ
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

Colorist Printing Press
Graphics design and Printing house
Kyaw Nyin
Proprietor
Phone : 0088-01816-439394, 0088-01726-905325
E-mail : colorist_ad@yahoo.com

အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့အခမ်းအနား ဘင်္ဂလာဒေ့ချ်တွင်ကျင်းပ

ထွန်းထွန်း
၂၂၊ ၀၉၊ ၁၀

စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဘင်္ဂလားဒေ့ချ်ဌာနခွဲမှ ဘင်္ဂလာ–မြန်မာ နယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားကို ဆရာတော် အသျှင်ပညာဓိစ္စမှ ငါးပါးသီလခံယူကြပြီး နောက်တွင် ရခိုင် အမျိုးသမီးများအစည်းအရုံး RWU အဖွဲ့ဝင်များမှ ငြိမ်းချမ်းရေးသီခြင်းတပုဒ်သီဆိုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး RWU ဥက္ကဌ ဒေါ်စောမြရာဇာလင်းကို မေးကြည့်ရာ သူမက ယခုကဲ့သို့ ပြောသည်။

" ဒီကနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်နေ့ကို ကျင်းပပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်က (၁) ငြိမ်းချမ်းရေးဆိုတာဟာ လူတိုင်းလိုအပ်တဲ့အရာ ဖြစ်သလို ငြိမ်းချမ်းရေးဆိုသည့် အသိတရားနဲ့ တန်းဖိုးကို လူတိုင်းနားလည်သဘောပေါက်လာစေရေး၊ (၂) ငြိမ်းချမ်းရေးတရားနဲ့အတူ တိုင်းပြည်၊ မြို့ရွာတွေအပါအဝင် အေးချမ်းသာယာတဲ့ လူမှုအသိုင်းအဝိုင်းတခုကို တည်ဆောက်လာနိုင်ရေး၊ (၃) အထူးသဖြင့် မြန်မာနိုင်ငံမှာ အုပ်ချုပ်နေတဲ့ စစ်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးကို တန်ဖိုးထားနားလည်လာနိုင်ရေးတို့အတွက် ဖြစ်ပါတယ်။"

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့် ပါတီအသီးသီးမှပုဂ္ဂိုလ်များ၊ တသီးပုဂ္ဂလများနှင့် ဒေသခံ ကျောင်းသူ ကျောင်းသားများမှ မိမိတို့ နားလည်သမျှ ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အမြင်များနှင့် နားလည်သဘောပေါက်မှုများကို ပြောကြားခဲ့ကြသည်။

၈၈ မျိုးဆက်သစ် ကျောင်းသားဟောင်းလည်းဖြစ် ဗမာ နယ်ခြားရင်သွေးငယ်များကူညီစောင့်ရှောက်ရေးအသင်း ဥက္ကဌလည်း ဖြစ်သည့် ဦးခိုင်ကျော်ခိုင်မှ ငြိမ်းချမ်းရေးအကြောင်းကို ယခုကဲ့သို့ ပြောသည်။

" ဒီနေ့ဟာ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ဖြစ်ပေမယ့် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေက ငြိမ်းချမ်းကြရဲ့လား။ လွတ်လပ်မှုကောရှိကြရဲ့လား။ နိုင်ငံတကာမှာ ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ဆိုတော့ တရက်တာ အားလပ်ရက်အဖြစ် အပန်းဖြေကြပါတယ်။ ပျော်ရွှင်ကြတယ်။ ကျွန်တော်ထင်တယ်။ စစ်အစိုးရအုပ်ချုပ်တဲ့ နိုင်ငံမှာဆိုတော့ သူတို့တွေ ဒီနေ့ရက်ကို အသိအမှတ်ပြုချင်မှပြုမယ်။ သူတို့က လုပ်ချင်ရာလုပ်နေတာကို။ အမှန်ပြောရရင် ကျွန်တော်တို့တိုင်းရင်းသားလူမျိုးတွေအားလုံး ထာဝရငြိမ်းချမ်းရေး ရဖို့အတွက် စစ်အစိုးရကို တက်ညီလက်ညီ တိုက်ထုတ်နိုင်မှ ကျွန်တော်တို့လိုလားနေတဲ့ ပန်းတိုင်ကိုရောက်နိုင်မှာပါ"ဟု ပြောသည်။

၎င်းနောက် မိသားစုတခုအကြောင်းကို သရုပ်ဖော်ပြတဲ့ ပြဇာတ်တစ်ခုကို သရုပ်ဆောင် ပြသခြင်းနှင့်အတူ ငြိမ်းချမ်းရေး စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများကိုပါ ထည့်သွင်းပြုလုပ်ခဲ့ပြီး ဆုအသီးသီး ချီးမြှင့်ခြင်းကိုပါ ပြုလုပ်ခဲ့သည်။

သဘာပတိအဖြစ် ထောင်သောင်းရွာမှ ကိုတော်အသျှင်ပညာဓိစ္စမှ တာဝန်ယူပြီး အခမ်းနားမှူးအဖြစ် မစောအသိန်းမှ တာဝန်ယူဆောင်ရွက်ခဲ့သည်။

ထိုအခမ်းအနားတွင် လူပေါင်း ၄၀ကျော် တက်ရောက်ကာ နေ့လည် ၁ နာရီ ၅၅ မိနစ်တွင် စတင်ခဲ့ပြီး ညနေ ၄ နာရီ ၅၀ မိနစ်တွင် အဆုံးသတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် မဲထည့်ရန် ငြင်းဆိုသည့်သတင်း ဘင်္ဂလာဒေ့ချ်သတင်းစာအများအပြားကဖော်ပြ

၁၄၊ ၁၀၊ ၁၀

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှ လာမည့်နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲထည့်ရန်ငြင်းဆိုသည့်သတင်းကို ဘင်္ဂလာဒေ့ချ်နိုင်ငံထုတ် သတင်းစာအများအပြားက အထူးတလည် ပုံနှိပ်ဖော်ပြခဲ့ကြသည်။

ဒေါ်အောင်ဆန်းဟုကြည် မဲထည့်ရန် ငြင်းဆိုခဲ့သည့်သတင်းကို အင်္ဂလိပ်လို ရေးသားထုတ်ဝေသော The Independent, The New Age, Thefinancialexpress တို့တွင် ဖော်ပြခဲ့သည်သာမက တခြား ဘင်္ဂလီသတင်းစာကြီးများဖြစ်ကြသော Prothom-alo, Amardesh, Samakal, Janakantha, Kalerkantho, Jaijaidin, Dainikdestiny သတင်းစာများအပါအဝင် ဒေသထုတ် ဘင်္ဂလီသတင်းစာတစ်ရာနီးပါးတွင် ဖော်ပြခဲ့ကြောင်းသိရသည်။

ဒက္ကားမြို့ Press Club မှ တာဝန်ရှိသူတစ်ဦးကို သတင်းစာအများအပြားက ဒေါ်စုမဲထည့်ရန် ငြင်းဆိုသည့်သတင်းကို မည်သည့်အတွက်ကြောင့် ဘင်္ဂလာဒေ့ချ်သတင်းစာအများအပြားက ဖော်ပြရပါသလဲဟု မေးကြည့်ရာ သူက " ဘင်္ဂလာဒေ့ချ်နိုင်ငံ ပြည်သူတွေက မြန်မာနိုင်ငံမှာ ဒီမိုကရေစီရတော့မယ်။ ရွေးကောက်ပွဲဖြစ်တော့မယ်ဆိုပီး ဒီလိုဘဲ ယေဘူယျသိနေကြပါတယ်။ ရွေးကောက်ပွဲဖြစ်ရင် ဒေါ်အောင်ဆန်းစုကြည်တို့ပါဝင်ခွင့်ရမယ်။ သူတို့ဘဲ အနိုင်ရမယ်ဆိုပီး သိနေကြပါတယ်။ ခုတော့ ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်ခွင့်မရတဲ့အပြင် ဆက်ဖမ်းဆီးထားတယ်။ မဲထည့်မှာကိုလည်း ဒေါ်အောင်ဆန်းဟုကြည်က ငြင်းပယ်တယ်ဆိုတော့ အခုလာမယ့် ရွေးကောက်ပွဲဟာ ရွေးကောက်ပွဲအစစ်မဟုတ်ဘူး။ အတုအယောင်ဖြစ်တယ်ဆိုတာကို ဘင်္ဂလာပြည်သူတွေကို အသိပေးလိုတဲ့အတွက် ခုလို ဒေါ်အောင်ဆန်းစုကြည် မဲထည်ဖို့ငြင်းဆိုတဲ့သတင်းကို သတင်းစာအားလုံးက တညီတညွတ်တည်းဖော်ပြကြတာဖြစ်တယ်လို့ထင်ပါတယ်" ဟု ပြောသည်။

မီပူရ် ၁၀ နံပတ် မြို့နယ် ဖုန်းဆိုင်တခုမှ ဘင်္ဂလီပညာတတ်လူငယ်တစ်ဦးဖြစ်သူ မိုနီးကလည်း " ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော်တို့နိုင်ငံမှာ လူတိုင်းကသိပါတယ်။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲလုပ်မှာကိုတော့ လူအနည်းငယ်ကဘဲသိပါတယ်။ ခုလို သတင်းစာတွေအများအပြားမှာ ဖော်ပြကြတော့ မြန်မာနိုင်ငံက နောက်ဆုံးအခြေအနေကို သိရတဲ့အတွက် ကောင်းတယ်လို့မြင်ပါတယ်" ဟု ပြောသည်။

အဆိုပါသတင်းကို AFPနှင့် AP သတင်းများကို ကိုးကားပြီး ဘင်္ဂလာသတင်းစာများက ပုံနှိပ်ဖော်ပြခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ သတင်းစားများက မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လာမည့်နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် မဲထည့်ခွင့်ပြုကြောင်း သက်ဆိုင်ရာမှ များမကြာမီက လာရောက်အကြောင်းကြားခဲ့ကြောင်း ဖော်ပြသည်။

ချီလီသတ္တုတွင်းလုပ်သားအားလုံးကိုကယ်တင်နိုင်

၁၃၊ ၁၀၊၁၀

VOA

မြေအောက်တွင် ၂လကျော်ကြာ ပိတ်မိနေသော ချီလီသတ္တုတွင်းအလုပ်သမား ၃၃ ယောက်ကို ကယ်ဆယ်ရေးလုပ်သားများက ကယ်တင်နိုင်ခဲ့ပြီ ဖြစ်သည်။

ဩဂုတ်လ ၅ ရက်နေ့ကတည်းက မြေအောက် ပေ ၂၀၀၀ ကျော်အနက်တွင် ပိတ်မိနေသော ရွှေနှင့်ကြေးနီသတ္တုတွင်း အလုပ်သမားများကို အထူးစီမံကိန်းပြုလုပ်ထားသော အရေးပေါ်ကယ်ဆယ်ရေးသတ္တုခြင်းတောင်းတလုံးကို တွင်းထဲကိုချပြီး တယောက်ချင်းစီကို ကယ်ထုတ်နိုင်ခြင်းဖြစ်သည်။

အလုပ်သမားများမှာ ကျန်းမာရေးနှင့် စိတ်ဓါတ်ခွန်အားကောင်းမွန်နေပုံရသော်လည်း စိတ်ရောကိုယ်ပါ ပြန်လည်နာလန်ထူလာစေဖို့ လနှင့်ချီ အချိန်ယူရလိမ့်မည်ဟု ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောသည်။

ချီလီနိုင်ငံတွင် အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစီအစဉ်တရပ်အဖြစ် ဝိုင်းဝန်းကြည့်ရှုနေခဲ့ကြပြီး ပထမဆုံး မိုင်းတွင်းအလုပ်သမားများကို ကယ်ဆယ်နိုင်တဲ့သတင်းနှင့်အတူ ဘုရားကျောင်းခေါင်းလောင်းများထိုးခြင်း၊ ကားဟွန်းတီးခြင်းဖြင့် ကြိုဆိုခဲ့ကြသည်။

မြေအောက်ပိတ်မိနေသော ချီလီမိုင်းတွင်းလုပ်သားများကို လွတ်မြောက်စေရန် ပေပေါင်း ၂၀၀၀ ကျော်အနက်ထိ ဥမင်လိုဏ်ခေါင်းဖေါက်လုပ်ကာ သီးသန့်အခန်းငယ်လေးအတွင်း မိုင်းအလုပ်သမားများကို ထည့်သွင်းသယ်ဆောင်သည့် လုပ်ဆောင်ချက်သည် မျှော်မှန်းသည့်အတိုင်း စနစ်တကျဖြစ်လာခဲ့ရာ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပထမဆုံး မိုင်းအလုပ်သမားကို မြေပြင်ပေါ်သို့ ဆွဲတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လ ၅ ရက်နေ့ကတည်းက စတင်ခဲ့သော ကမ္ဘာ့ကျော် မိုင်းတွင်းဖြစ်ရပ်ဆိုးကြီးပေါ်ပေါက်ပြီးနောက် ၆၈ ရက်မြောက်တွင် ယခုကဲ့သို့ အလုပ်သမားများကို ကယ်တင်လာနိုင်ခြင်းဖြစ်သည်။

အဆိုပါ မိုင်းအလုပ်သမားများသည် အရေးပေါ်ကယ်ဆယ်ရေးလိုင်းမှပေးပို့သည့် အစားအစာနှင့် သောက်ရေ၊ အောက်ဂျီဂျင်ဓါတ်ငွေ့တို့ကြောင်း ထိုမျှကာလရှည်ကြာစွာ အသက်ရှင်ခွင့်ရနေခြင်းဖြစ်သည်။

မူလက မိုင်းတွင်းအလုပ်သမားများကို ကယ်ဆယ်မည့်ကိစ္စသည် ဒီဇင်ဘာလအထိ ကြာမြင့်မြည်ဟု မျှော်လင့်ခဲ့သော်လည်း နောက်ပိုင်းတွင် နိုင်ငံတကာထောက်ပံ့မှုများ၊ ချီလီအစိုးရ၏ အင်တိုက်အားတိုက်ပံ့ပိုးမှုများကြောင့် ယခုကဲ့သို့ အလျင်အမြန် အောင်မြင်မှု ရရှိခြင်းဖြစ်သည်ဟု သိရသည်။

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားမွေးနေ့ကျင်းပ

၂၃၊ ၀၉၊ ၁၀

အင်တာနက်

ကမ္ဘာပေါ်တွင် လက်ရှိ စတုတ္ထမြောက် အသက်ကြီးဆုံး ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းဝင်နေပြီ ဖြစ်သော ဝေါ်လ်တာဘရူနင်း၏ ၁၁၄ နှစ်ပြည့်မွေးနေ့ကို စက်တင်ဘာလ ၂၁ ရက်နေ့က အမေရိကန်နိုင်ငံ မွန်တာနာရှိ သူ၏နေအိမ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဝေါ်လ်တာ ဘရူနင်းသည် လက်ရှိကမ္ဘာပေါ်တွင် သက်ရှိထင်ရှားရှိနေသည့် ကမ္ဘာ့အသက်ကြီးဆုံးများအနက် စတုတ္ထမြောက်ဖြစ်ပြီး သူ့အထက်မှ ကမ္ဘာ့အသက်ကြီးဆုံး သုံးယောက်မှာ အမျိုးသမီးများဖြစ်သည်ဟု သိရသည်။

အဆိုပါ အမျိုးသမီးများမှာ ပြင်သစ်နိုင်ငံမှတစ်ဦး၊ အမေရိကန်နိုင်ငံ တက္ကဆက်နှင့် ဂျော်ဂျီယာတို့မှာ တဦးစီဖြစ်သည်။

၎င်း အမျိုးသမီးအားလုံးမှာ ဝေါ်လ်တာမွေးဖွားသည့် ၁၈၉၆ ခုနှစ်ဖွားများဖြစ်ကြသော်လည်း ဝေါ်လ်တာက လပိုင်းငယ်ကြောင်း The Great Falls Tribune သတင်းစာက ဖေါ်ပြသည်။

ဝေါ်လ်တာသည် သမိုင်းတလျှောက် အသက်အရှည်ဆုံး နေထိုင်သွားသည့် လူသားများအနက် အဆင့်(၇၄)နှင့် (၇၉)အကြား ရှိနိုင်ပြီး အသက်အရှည်ဆုံး နေထိုင်သွားသည့် အမျိုးသားများစာရင်းတွင်မူ ပဥ္စမမြောက်နှင့် သတ္တမနေရာကြားရှိနေသည်ဟု ခန်းမှန်းရသည်။

သို့သော်လည်း ၎င်းအခြေအနေကို တိတိကျကျသိရှိရန်အတွက် အချက်အလက်မလုံလောက်သောကြောင့် မဖြစ်နိုင်ကြောင်း ဂင်းနစ် ကမ္ဘာ့မှတ်တမ်းစာအုပ်၏ အသက်အရွယ် ကြီးရင့်အိုမင်းမှုဖြစ်စဉ်အား လေ့လာသည့် အတိုင်ပင်ခံပညာရှင် ရောဘတ်ယန်းက ပြောကြားသွားသည်။

ဝေါ်လ်တာသည် လက်ရှိတွင် မွန်တာနာရှိ Rainbow အငြိမ်းစား စောင့်ရှောက်ရေးဌာနတွင် နေထိုင်လျှက်ရှိပြီး ၎င်းနှင့်အတူ မီးရထားဌာနစာရေးအဖြစ် နှစ်ပေါင်း ၅၀ မျှ အတူတကွ လုပ်ကိုင်ခဲ့ဖူးသူ သူငယ်ချင်းတစ်ဦးလည်း ရှိနေသည်။

ဝေါ်လ်တာ၏ ဇနီးသည် အက်ဂ်နက်စ်သည် ၁၉၅၇ ခုနှစ်ကတည်းကကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးမရှိဟု The Great Fall Tribune သတင်းစာက ရေးသားဖေါ်ပြသည်။

ငြိမ်းချမ်းရေးနိုဘယ်လ်ဆုလျူရှောင်ဘိုရရှိ

BBC

၂၀၁၀ ခုနှစ်အတွက် နိုဘယ်လ်ငြိမ်းချမ်းရေးဆုကို အကျဉ်းကျခံနေရသော တရုတ်နိုင်ငံရေးလှုပ်ရှားသူ လျူရှောင်ဘို ဆွတ်ခူးရရှိသွားသည်။

ဆု ရွေးချယ်ပေးအပ်ရခြင်းနှင့်ပတ်သက်ပြီး နိုဘယ်လ်ကော်မီတီဥက္ကဌက '' လျူရှောင်ဘိုဟာ တရုတ်နိုင်ငံမှာ အခြေခံ လူ့အခွင့်အရေးတွေရရှိဖို့အတွက် အကြမ်းမဖက်တဲ့နည်းနဲ့ နှစ်ရှည်လများ လှုပ်ရှားဆောင်ရွက်မှုတွေ လုပ်ဆောင်ခဲ့တဲ့အတွက် သူ့ကို ရွေးချယ်ရတာ ဖြစ်ပါတယ်။''

ဆုရရှိသူ လျူရှောင်ဘိုကို တရုတ်အတစိုးရက ပြစ်မှုကျူးလွန်သူတယောက်အဖြစ်ဖေါ်ပြပြီး ယခုသူ့ကို ဆုပေးခြင်းမှာ နိုဘယ်လ်ဆုပေးရေးစည်းကမ်းများကို ချိုးဖေါက်တာဖြစ်သည်ဟု ပြောဆိုသည်။

လျူရှောင်ဘိုသည် တရုတ်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလုပ်ရန် တောင်းဆိုသော စာရွက်စာတမ်းများ ထုတ်ဝေခဲ့ပြီးနောက် အဖျက်အမှောင့်လုပ်ဆောင်မှု စွပ်စွဲချက်များနှင့် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလကစပြီး တရုတ်အစိုးရက ထောင်ဒဏ် ၁၁ နှစ်ကြာ ပြစ်ဒဏ်ချမှတ်ခြင်းကို ခံခဲ့ရသူဖြစ်သည်။

၎င်းအပြင် ၁၉၈၉ ခုနှစ် တီယန်နန်မင်ရင်ပြင်မှာ ဆန္ဒပြသူတွေကို အကြမ်းဖက်ဖြိုခွင်းခဲ့သော တရုတ်အစိုးရကို ဝေဖန်ပြောဆိုခဲ့သူ လျူရှောင်ဘိုသည် ယခင်ကလည်း အကြိမ်ကြိမ် အဖမ်းခံခဲ့ရဖူးသူဖြစ်သည်။ သို့သော်လည်း တိုင်းပြည်ကို ကယ်ဆယ်ဖို့ကလွဲ၍ ဘာမှ ကြီးကျယ်သော အိမ်မက်မျိုး မထားဘဲ ရိုးသားပြီး ဂုဏ်သိက္ခာရှိသော စာရေးဆရာတဦးသာ ဖြစ်သည်ဟု သိရသည်။

စာပေနိုဘယ်လ်ဆု ပီရူးနိုင်ငံသားရ

၀၇၊ ၁၀၊ ၁၀

VOA

၂၀၁၀ ခုနှစ်အတွက် စာပေဆိုင်ရာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို စပိန်ဘာသာစကားပြောကြသည့် တိုင်းပြည်များအကြား အထင်ရှား အကျော်ကြားဆုံး စာရေးဆရာဖြစ်သော ပီရူးနိုင်ငံသား စာရေးဆရာ Mario Vargas Llosa က ရရှိသွားသည်။

ဆုရွေးချယ်ချီးမြင့်ရခြင်းနှင့်ပတ်သက်၍ ဆွီဒင်နိုင်ငံမှ နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရွေးချယ်ရေးအကယ်ဒမီက '' သူရေးသားခဲ့တဲ့ အုပ်ချုပ်မှုအာဏာတည်ဆောက်ပုံ၊ လူတစ်ဦးချင်းစီရဲ့ ခုခံတော်လှန်မှု၊ ပုန်ကန်ထကြွမှုနဲ့ ကျဆုံးမှု စတဲ့စာတွေကို ဂုဏ်ပြုသောအနေနဲ့ ဒီစာပေဆုကို ချီးမြှင့်လိုက်တာ ဖြစ်ပါတယ်။''

တချိန်က ပီရူးသမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသော Vargas Llosa သည် ဝတ္ထု၊ ပြဇာတ်နှင့် အက်ဆေးပေါင်း ၃၀ ကျော်ကို ရေးသားခဲ့သူဖြစ်ပြီး လက်တင်အမေရိကတိုက်မှ စာပေများ နိုင်ငံတကာမှာ ထင်ရှားလူသိများလာအောင် စွမ်းဆောင်သူအဖြစ်လည်း သူ့ကို အမှတ်ပေးပြောဆိုလေ့ရှိသည်။

Vargas Llosa ကို ပီရူးနိုင်ငံ ဗမနဆကစေတွင် ၁၉၃၆ ခုနှစ်ကမွေးဖွားခဲ့သော်လည်း ဘိုလီးဗီးယားနိုင်ငံမှာ ကြီးပြင်းခဲ့သူဖြစ်သည်။ နောက်ပိုင်း ပီရူးနိုင်ငံကိုပြန်လာပြီး စစ်သင်တန်းကျောင်း တက်ခဲ့သည်။ ယင်းနောက်ပိုင်း ဥရောပတိုက်မှာ ကျောင်းသွားတက်ပြီး သတင်းထောက်အဖြစ်နှင့် ဆက်လက်ရပ်တည်ခဲ့သူဖြစ်သည်။

သူ၏ထင်ရှားသော စာပေများမှာ The Time of the Hero, Conversation in the Cathedral နှင့် Aunt Julia and the Scriptwirter တို့ဖြစ်သည်။

မြန်မာနိုင်ငံမှ မူဆလင် ၅၈ ဦးကို ဘင်္ဂလာရှိင်ဖယ်မှဖမ်းမှ အဆက်

မြန်မာနိုင်ငံမှ မူဆလင် ၅၈ ဦးကို ဘင်္ဂလာရှိင်ဖယ်မှဖမ်းမှ အဆက်

တက်ကနက်ရဲစခန်းသို့ လွဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း သူကဆက်ပြောသည်။ တက်ကနက်ယာယီ ရဲစ ခန်းမှူး မူဟာမတ်အလံဂီယာဟူစိန်က သူတို့ကို တရားမဝင်ခိုးဝင်မှုဖြင့် တရားစွဲဆိုမည်ဖြစ်ပြီး ကော့ဘဇား ထောင်သို့ ပို့ဆောင်မည်ဖြစ်ကြောင်းပြောသည်။ တရားဝင် အသိအမှတ်ပြုခြင်း မခံရသော လာဒါမူဆလင် ဒုက္ခ သည်စခန်းမှ ဦးဆာလာမျာမှ သူတို့မှာ စခန်းမှနေ၍ အပြင်ကို အလုပ်ထွက်လုပ်စဉ် ဖမ်းဆီးခံခဲ့ရသူများဖြစ် ကြောင်းပြောကြားသည်။ ''ကျွန်တော်တို့က စခန်းထဲမှာ ဘယ်အဖွဲ့အစည်းကမှ အကူအညီမရတာကြောင့် လူ တွေ အပြင်ကိုထွက်ပီး အလုပ်လုပ်ကြရပါတယ်။ အဲသလို အလုပ်သွားတာကို ဘီဒီအာရ်ကဖမ်းဆီးပြီး ထောင်ကို ပို့လိုက်တာဖြစ်ပါတယ်'' ဟု သူကပြောသည်။ စခန်းမှ အပြင်သို့ထွက်ပြီး

ကြို့ဖွံ့ပါတီကိုမဲမပေးသဖြင့်မှအဆက်

ကြို့ဖွံ့ပါတီကိုမဲမပေးသဖြင့်မှအဆက်

စပါးပင်များမှာ အသီးသီး စပြုနေချိန်တွင် ဆားငံရေများ ဝင်ရောက်သွားသဖြင့် အားလုံး ပျက်စီးသွားခဲ့သည်ဟု သိရသည်။

ယခုကဲ့သို့ ဆည်မြောင်းဌာနမှ ဆည်ကို ဖေါက်ချလိုက်သဖြင့် လယ်မြေကေ အများအပြား ပျက်

များက ပေါက်တောမြို့နယ် မယက ဥက္ကဌအား သွားရောက်တိုင်ကြားရာ မယက ဥက္ကဌ ခင်မောင်လွှင်မှ ''ခင်ဗျားတို့ ရခိုင်ပါတီ ရတပကို မဲထည့်တဲ့အတွက် ရခိုင်ပါတီကိုဘဲ သွားတိုင်ပါ''ဟုဆိုကာ ငေါက်ငမ်းပြီး ကျေးရွာလူကြီးများကို ရုံးခန်း

ရသည်။

မုန်တိုင်းဒဏ်ကြောင့် ထိခိုက်နစ် နာနေရသော လယ်သမားများအနေဖြင့် အာဏာပိုင်များမှ တာတမံကို ဖေါက်ချရာမှ လယ်မြေကေများစွာ ထပ်မံ ပျက်စီးသွားသဖြင့် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်နေ

အယ်ဒီတာအာဘော်

အားလုံး သဘောပေါက်သင့်ပြီ

အောက်တိုဘာလ ၂၂ ရက်နေ့က တနာရီ မိုင် ၁၂၀ ပြင်းအားဖြင့် ဂီရိမုန်တိုင်း ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းကြောင့် ကျောက်ဖြူ၊ မြေပုံ၊ မင်းပြားနှင့်ပေါက်တောမြို့နယ်များတွင် အထူး အပျက်အစီးများခဲ့သည်။ လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့ရသည်။ လူပေါင်း တစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ လူပေါင်း နှစ်သိန်းကျော် လေဘေးဒဏ်ကို ဆိုးရွားစွာထိခိုက်ခံစားခဲ့ကြရသည်။ လူအသေ အပျောက်နည်းပါးသော်လည်း ပျက်စီးဆုံးရှုံးမှုပမာဏကြီးမားကြောင်း ကုလသမဂ္ဂအဖွဲ့ကြီး၏အစီရင်ခံစာများအရ သိရသည်။ မြန်မာစစ်အစိုးရမှ အမေရိကန်ဒေါ်လာ ၁၈ သန်းဖိုးခန့် ပျက်စီးဆုံးရှုံးကြောင်းကျေညာသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပျက်စီးမှုပမာဏမှာ ထိုထက်များပြားနိုင်ကြောင်း ထုတ်ဖေါ်ပြောဆိုသည်။

ပျက်စီးဆုံးရှုံးမှု အတိုင်းအတာ ပမာဏကြီးမားသော်လည်း နဖအ စစ်အစိုးရ အာဏာပိုင်များသည် ရခိုင်လေဘေးကြောင့်ထိခိုက်ခဲ့ရသော ရခိုင်ပြည်သူများအပေါ် အလေးအနက်ဂရုပြုခြင်းမရှိဘဲ စေတနာမပါဘဲ ဝတ်ကျေတန်းကျေသဘော ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ နိုင်ငံတကာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်ဖြစ်ပေါ်တိုင်း သက်ဆိုင်ရာနိုင်ငံများအနေဖြင့် အရေးပေါ်အခြေအနေကျေညာပြီး သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသသို့ ကယ်ဆယ်ရေးလုပ်သားများနှင့် အရေးပေါ် ကယ်ဆယ်ရေးအကူအညီများ ချက်ချင်းရောက်ရှိအောင်ပေးပို့ကြသည်။ ရခိုင်လေဘေးတွင် ထိုသို့ ဆောင်ရွက်သည်ကို မတွေ့ရသည့်အပြင် နအဖ စစ်အာဏာပိုင်များသည် လေဘေးကြောင့် ရခိုင်ပြည်သူများ ကံဆိုးမိုးမှောင် ဒုက္ခကျရောက်မှုကိုအခွင့်ကောင်းယူကာ နိုင်ငံရေးအမြတ်ထုတ်ရန်ကြိုးပမ်းခဲ့သည်။ နအဖ စစ်အစိုးရ သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ နအဖ စစ်အာဏာပိုင်များမှ လေဘေးသင့်ပြည်သူများအား ကူညီပေးနေသောသတင်းများကို ဝေဝေဆာဆာဖေါ်ပြခဲ့သည်။ အမှန်အားဖြင့် အဆိုပါ နအဖ စစ်အစိုးရမှ ရခိုင်လေဘေးဒုက္ခသည်များအား ကူညီပါသည်ဆိုသောပစ္စည်းများမှာ ''ဆင်ပါးစပ်ကို နှမ်းဖြင့်ပက်သည့်သာသာ''ဖြစ်သည်။ ဒန်အိုး၊ ဒန်ခွက်၊ သုံးလေးလုံးနှင့် မက်မန်းခေါက်ဆွဲ သုံးလေးထုပ်ဖြစ်သည်။ လေဘေးသင့်ပြည်သူများအတွက် အမှန်တကယ်လိုအပ်သော ကူညီမှုများကိုမူ ထောက်ပံ့ခဲ့ခြင်းမရှိခဲ့ပေ။ ယနေ့အချိန်ထိလည်း နအဖ စစ်အစိုးရအနေဖြင့် လေဘေးသင့်ပြည်သူများအား စေတနာတရားအပြည့်အဝဖြင့် ဆောင်ရွက်ပေးမှုမျိုး မရှိသည် ကိုတွေ့ရသည်။ ၎င်းအပြင် လေဘေးသင့် ရခိုင်ပြည်သူများအား အကူအညီပေးလိုသော ပုဂ္ဂလိကအကူအညီရှင်များ၊ အသင်းအဖွဲ့များမှ အကူအညီများကိုလည်း တိုက်ရိုက်လှူဒါန်းခွင့်မရဘဲ သက်ဆိုင်ရာ အစိုးရအာဏာပိုင်များနှင့် ဒေသခံ စစ်တပ် တပ်ရင်းများမှတဆင့် လှူဒါန်းခိုင်းခဲ့သည်။ နိုင်ငံတကာ အန်ဂျီအိုများကိုလည်း လေဘေးသင့်ဒေသသို့ ချက်ချင်းမဝင်ရောက်နိုင်အောင် တားမြစ်ပိတ်ပင်ခဲ့သည်။ ထိုကဲ့သို့ အနှောင့်အယှက် အတားအဆီးများကြောင့် ရခိုင်လေဘေးဒုက္ခသည်များသည် ရသင့်ရထိုက်သော ပြင်ပမှ အကူအညီများကို ယနေ့တိုင် မရရှိဘဲဖြစ်နေကြရသည်။ ယနေ့ထက်ထိ လိုအပ်သော စားနပ်ရိက္ခာများနှင့် ဆေးဝါးထောက်ပံ့မှုမရရှိသည့်အပြင် အမိုးအကာမရှိသော ယာယီတဲများတွင် ဖြစ်သလိုနေထိုင်နေကြရတုန်း ဖြစ်သည်။

သေရေးရှင်ရေးတမျှ အရေးကြီးသော အခြေအနေတွင်တောင်မှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဦးဆောင်သော နအဖ စစ်အစိုးရအနေဖြင့် ရခိုင်ပြည်သူလူထုအပေါ် အလေးမထား၊ ဂရုမစိုက်၊ လစ်လျူရှု့ပစ်ပယ်ထားခဲ့သည်။ သို့အတွက်ကြောင့် ရခိုင်ပြည်သူများအနေဖြင့် လက်ရှိ နအဖစစ်အစိုးရ၏ ရခိုင်ပြည်သူများအပေါ် ထားရှိတဲ့သဘောထားကို အလေးအနက် ဆင်ခြင်စဉ်းစားကြပြီး နအဖ စစ်အစိုးရ၏ ''ပြည်ထောင်စု တို့ ညီအကိုတွေပါ'' ဆိုသောစကားလုံးကို တွင်တွင်သုံး၍ ရခိုင်လူမျိုးရေးအရ နှိပ်ကွပ်နေမှုအပေါ် အားလုံး တညီတညွတ်တည်း တွန်းလှန်ရန်လိုအပ်ပါကြောင်း ဖေါ်ပြလိုက်ရပေသည်။

အယ်ဒီတာချုပ် ခိုင်မြတ်ကျော်
ထုတ်ဝေသူ နရဥ္စရာသတင်းဌာန
စီမံခန့်ခွဲရေးမှူး မြောင်သန်းစိန်
(ကွန်ပျူတာ)စာရိုက်ထြွန်း–ကည်
ဒီဇိုင်း ကျော်ဦးငိမ်း
ဖြန့်ချီရေးမှူး မြောင်အေး
စာစစ် ရွှေသီးမောင်
စောင်ရေ ၁၅၀၀
ဆက်သွယ်ရန် P.O Box-2416, Dhaka-1000
Bangladesh
အီးမေးလ် narinjara@narinjara.com
ဝက်(ဘ်)ဆိုက် www.narinjara.com
မြန်မာ www.narinjara.com/burmese.asp
Funded by Open Society Institute (OSI), USA

ကာတွန်း၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် သတင်းများ ရေးသားပေးပို့ခြင်းဖြင့် ကူညီကြပါ။

(၈)ပြိဗ္ဗိစ္ဆာရာသီ (SCORPIO) တန်ဆောင်မုန်းလ အောက်တိုဘာလ(၂၃)ရက်နေ့မှ နိုဝင်ဘာလ (၂၂)ရက်အတွင်း မွေးဖွားသူများ ဟောစာတမ်း

ဤရာသီသည် ကင်းမြီးကောက် ပုံပန်းသဏ္ဍာန်ရှိပြီး သင်္ချာသုံးသင်္ကေတမှာ (၈)ဂဏန်း၊ အများဖြင့်ဖေါ်ပြကြပြီး ကမ္ဘာသုံးသင်္ကေတအားဖြင့် (M) ဟုဖေါ်ပြလေ့ရှိသည်။ ဤရာသီသည် ကင်းမြီးကောက် ပုံပန်းသဏ္ဍာန် ရှိသည့်အတိုင်း မြေအောက်၊ ချိုင့်ဝှမ်း၊ တွင်း၊ ကျင်း၊ မီးဖိုစသော ခိုအောင်းနိုင်သည့်နေရာများ၊ ဥယျာဉ်၊ ခြံမြေစသောနေရာများကို ကြီးစိုးပါသည်။ ပြိစ္ဆာရာသီသည် မရာသီ၊ ရေရာသီ၊ ထိရရာသီ၊ အဆိပ်ရှိသောရာသီ၊ တိရစ္ဆာန်ရာသီတို့ဖြစ်ပြီး ဤရာသီ၌ လက်ရှိသူတို့သည် မြဲမြံတည်ကြည်ခြင်း၊ ကိုယ်ကျိုးစီးပွားကိုစွန့်ပြီး အများအတွက်အနစ်နာခံခြင်းနှင့် လျှို့ဝှက်လုပ်ဆောင်ရသည့် လုပ်ငန်းများ၊ ထောက်လှန်းရေးလုပ်ငန်းများ၊ မိုင်းတွင်းလုပ်ငန်းများ၊ ဓါတုဗေဒ ဆေးဝါးလုပ်ငန်းများ၊ စစ်ဘက်ဆိုင်ရာလုပ်ငန်းများ၊ ဆရာဝန် ခွဲစိတ်ကုသရေး လုပ်ငန်းများတွင် လုပ်ကိုင်၍ တိုးတက်ကြီးပွားလိမ့်မည်ဖြစ်သည်။

ကိုယ်ခန္ဓာ အစိတ်အပိုင်းအားဖြင့် အင်္ဂါဇတ်၊ လိင်၊ ဆီးအိမ်၊ သားအိမ်တို့ကိုကြီးစိုးပြီး အရပ်ဒေသအားဖြင့် မြောက်အရပ်ကိုကြီးစိုးကာ အရောင်အဆင်းမှာ ကြက်သွေးရောင်၊ ရွှေရောင်စသည်တို့ကို ကြီးစိုး၍ သင့်လျော်သော ကျောက်မျက်ရတနာများမှာ ပတ္တမြား၊ ကျောက်နီတို့ကိုကြီးစိုးသည်။ အထူးပြောင်းလဲချိန် အသက်အရွယ်မှာ (၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၅၊ ၇၃) နှစ်တို့ဖြစ်ပြီး ဖြစ်တတ်သောရောဂါများမှာ လည်ချောင်းရောဂါ၊ ထိခိုက်နာကျင်ရောဂါ၊ အဆုတ်အားနည်းရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်း၊ စအိုအဝရောင်နာ၊ ကျင်ချောင်း၊ အင်္ဂါဇတ်နှင့်ဆိုင်သော ရောဂါများဖြစ်တတ်သည်။ ထို့ကြောင့် ဤရာသီ၌ မွေးဖွားသော ၇ ရက် သားသမီးများတွင်

(၁) တနင်္ဂနွေ

၁။ တနင်္ဂနွေနေ့ မွေး ဖွားသော သားသမီးများသည် ပညာတတ်ပြီး ကျွမ်းကျင်လိမ္မာသဖြင့် နိုင်ငံရေး၌ အောင်မြင်တတ်သည်။ သူတပါး၏ရိုသေ လေးစားခြင်းကိုခံရမည်။ အကြီးအကဲဖြစ်မည်။ ထင်ရှားကျော်ကြားမည် ဖြစ်သည်။

☆ တနင်္ဂနွေစသော ၇ ရက်သား သမီးများသည် အကယ်၍ မျက်ဝန်းကျယ်နေသော်လည်း မျက်ခုံးနှစ်ဘက်သည် နားထင်နားထိရှည်လျားစွာ ပေါက်ရောက်နေသည်ဆိုပါက ထိုသူသည် လူချမ်းသားတဦးဖြစ်သည်ကို အင်္ဂါရုပ်ပညာအရ မြင်ရုံဖြင့်သိနိုင်သည်။

(၂) တနင်္လာ

၂။ တနင်္လာနေ့ မွေးဖွားသော သားသမီးများသည် ဆွေမျိုးသားချင်းတို့အပေါ်၌ အကြီးအကဲဖြစ်တတ်ပြီး စိတ်စည်စား၊ အတွေးအခေါ်ကောင်းမည်။ ခရီးအသွားအလာများမည်။ သူတပါးတို့အား ကူညီ ဆောင်ရွက်တတ်သူဖြစ်မည်။

☆ တနင်္လာစသော ၇ ရက် သားသမီးများသည် အကယ်၍ အင်္ဂါရုပ် ပုံစံကောင်းသော်လည်း အသားအရည်ကြည်လင်တောက်ပမှု၊ သာယာစိုပြည်နေမှုသာ ငွေကြေး ချမ်းသာလိမ့်မည်ဖြစ်သည်။

(၃) အင်္ဂါ

၃။ အင်္ဂါနေ့ မွေးဖွားသော သားသမီးများသည် ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ စွမ်းပကားကြီးမားခြင်းနှင့်အတူ လက်နက်ခဲယမ်းကိုင်ဆောင်ခြင်းကို ဝါသနာပါတတ်ပြီး စစ်ဘက်ဆိုင်ရာတို့၌ လုပ်ကိုင်၍ အကျိုးပေးမည်။ ကုန်သည် ရောင်းဝယ်ရေး၌လည်း အကျိုးပေးမည်။ ကောင်းစားမည်ဖြစ်သည်။

☆ အင်္ဂါစသော ၇ ရက် သားသမီးများသည် အကယ်၍ အသားညို သောလူ၊ အသား မည်းသောလူဖြစ်ပါက ထိုသူ၏ မျက်နှာပြင်တွင် အသားအရည်ကိုလည်း အနီရောင်ကဲ့သို့ အရောင်အဆင်းများ ပေါ်လာနေလျှင် ထိုသူသည် မကြာမီမှာပင် ငွေရေးကြေးရေးအရ ချမ်းသာကြွယ်ဝလာမည်ကို မြင်ရုံဖြင့် ရုပ်အင်္ဂါပညာအရ သိရှိနိုင်ပေသည်။

(၄) ဗုဒ္ဓဟူး

၄။ ဗုဒ္ဓဟူးနေ့ မွေးဖွားသော သားသမီးများသည် အများအားဖြင့် အသောက်အစား၊ ကစားဝိုင်းတို့၌ ဝါသနာပါတတ်ပြီး မကောင်းသောဒုစရိုက်အလုပ်တို့၌ မွေ့လျော်တတ်သည်။ စိတ်ထားမကောင်း၊ သဘောထားမကောင်း၊ မနာလိုဝန်တိုစိတ် ရှိသူများဖြစ်နိုင်သဖြင့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ထိန်းသိမ်းပြုပြင်ကြပါ။

☆ ဗုဒ္ဓဟူးစသော ၇ ရက် သားသမီးများသည် အကယ်၍ အင်္ဂါရုပ်ပုံစံကောင်းနေပါသော်လည်း သွားများညီညာမှုမရှိဘဲ ကျဲစွာပေါက်ရောက်နေသည်ဆိုပါက ထိုသူသည် အို ဇာတာမကောင်းသူ၊ သားကံသမီးကံမကောင်းသူ၊ အသက်အရွယ်ကြီးရင့်လာသောအခါ ဆင်းရဲလိမ့်မည်ဟု အင်္ဂါရုပ်ပညာအရ သိနိုင်သည်။

(၅) ကြာသပတေး

၅။ ကြာသပတေးနေ့ မွေးဖွားသော သားသမီးများသည် အများအားဖြင့် ကောင်း မွန်သင့်လျော်သောအိမ်ထောင်ဖက်ကိုရရှိ၍၎င်း၊ ရာထူးရာကန်ရှိ၍၎င်း၊ ချမ်းသာသုခကို ခံစားရတတ်သည်။ စိတ်သဘောထားကောင်းမည်။ စိတ်ရှည်သည်း ခံစိတ်ရှိမည် ဖြစ်သည်။

☆ ကြာသပတေး စသော ၇ ရက် သားသမီးများသည် အကယ်၍ သူ၏မျက်နှာပြင်မှာ ကောင်းမွန်နေပြီး အင်္ဂါရုပ်ကောင်းမွန်နေပြီး သွားများ ညီညာလှပစွာ စီတန်း၍ပေါက်ရောက်နေပါက ထိုသူသည် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်တို့တွင် တသက်လုံး မဆင်းရဲဘဲ ကံကောင်းနေလိမ့်မည်။ ချမ်းသာ ကောင်းစားနေလိမ့်မည် ဖြစ်သည်။

(၆) သောကြာ

၆။ သောကြာနေ့ မွေးဖွားသော သားသမီးများသည် အများအားဖြင့် အချစ်ရေးစိတ်၊ ကာမဂုဏ်စိတ် လွန်ကဲမည်၊ အိမ်ထောင်ဆက် များမည်။ လော်လီဖေါက်ပြန်မည်။ မျိုးရိုးဂုဏ်သတင်းကို ထိခိုက်နိုင်လောက်အောင် မကောင်းသော အပြုအမူများကို ပြုမူလုပ်ဆောင်လိမ့်မည် ဖြစ်သည်။

☆ သောကြာစသော ၇ ရက်သား သမီးများသည် အကယ်၍ မျက်နှာပြင်အရောင်အဆင်း ခြောက်သွေ့နေခြင်း၊ နှာခေါင်းသေးငယ်ခြင်း၊ နှာခေါင်းပိခြင်း၊ နှာခေါင်း အသားအရည်မရှိခြင်း၊ သွားမကောင်းခြင်းစသော အင်္ဂါရုပ်ပုံစံကို တွေ့ရှိရပါက ထိုသူသည် စီးပွားရေး အဆင်မပြေသူ၊ ဆင်းရဲဒုက္ခ ရောက်နေမည့်သူဟူ၍ မြင်ရုံဖြင့်သိနိုင်သည်။

(၇) စနေ

၇။ စနေနေ့ မွေးဖွား သော သား သမီးများသည် အများအားဖြင့် ဉာဏ်ပညာနည်းပါးခြင်း၊ ပညာရေး စာပေအရာ၌ အားနည်းခြင်း၊ မိုက်မိုက်ရူးရူး တစောက်ကန်းလုပ်ဆောင်တတ်ခြင်း၊ တင်းမာ ရိုင်းစိုင်းသည့် အသွင်အပြင်ရှိခြင်း၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်မရှိဘဲ ကိုယ်ကျိုးကိုသာကြည့်တတ်သဖြင့် အဆွေခင်ပွန်း နည်းပါးတတ်သည်။ အထီးကျန်သဘောမျိုးနှင့် နေထိုင်ရတတ်သည်။

☆ စနေစသော ၇ ရက် သားသမီးများသည် အကယ်၍ စီးပွားရေး ကောင်းနေသူတဦး၊ ချမ်းသာသူတဦး ဖြစ်နေပါသော်လည်း ၎င်း၏နှာခေါင်းသည် သေးငယ်ပြီးလန်နေလျှင်မူ ထိုသူသည် ဝင်ငွေထက် ထွက်ငွေက ပိုများနေသူ၊ ငွေဖြုန်းမည်သူ၊ အသုံးအသေးကြီးသူဟု မြင်ရုံဖြင့် အင်္ဂါရုပ်ပညာအရ သိရှိနိုင်သည်။ ဤသည်ကား ၇ ရက်နေ့သားသမီးများ ဟောကံကြမ္မာတည်း။

အထူးကြေငြာချက်

အပျောက်အချရှိသူတိုင်း
ဖုန်း။ ၀၁၅၅၈၄၃၃၄၅၊
၀၁၈၂၃၉၆၇၅၂၉ ကို
ဆက်သွယ်၍ အကြောင်းကြားကြပါ။ ၇–၉ ရက်အတွင်းကိုယ့်
ပစ္စည်းကို ပြန်ရမည်။
ပြန်ပေးလာစေရမည်။

ဆရာတော် အသျှင်ဣန္ဒာစက္က
ဗေဒင် အင်္ဂါရုပ်လက္ခဏာနှင့်
သမိုင်းသုတေသီ
ရခိုင်အမျိုးသားကျောင်းတိုက်
မဟားဖိုး၊ သံသီးရွာ၊
ဘင်္ဂလာဒေ့ရှ်နိုင်ငံ

၂၀၁၀ ရွေးကောက်ပွဲနောက်ကွယ်မှာ

အသျှင်ပညာစက္က ဗာရာနသီ

၂၀၀၈ ခုဖွဲ့စည်းအုပ်ချုပ်ပုံ အရ ၂၀၁၀ ရွေးကောက်ပွဲရေ ဗိုလ်ချုပ်ဗိုလ်မှူးများတို့ အရပ်ဝတ် လဲကာ တရားဝင်အစိုးရအဖြစ် ပြောင်းလဲပစ်ရန် ကြံဆောင်ထားရေ ရွေးကောက်ပွဲဖြစ်တေ။ ယင်းနန့် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံရေ စစ်အုပ်စုမှ ရာသက်ပန်ကြီးစိုးရေးကို အဓိကထားရေ ဥပဒေသာဖြစ်တေ။ တနည်းပြောရကေ ဗိုလ်သန်းရွှေမှစီစဉ်ရေးထားရေ မူကြမ်းကို ညောင်နှစ်ပင် အမျိုးသားညီလာခံအတုမှ အတည်ပြုထားရေ ဥပဒေဖြစ်တေ။ ယင်းနန့် စစ်တပ်မှ သူရို့အလိုရှိရေ ကတ်ဘိနပ်အဖွဲ့ကိုဖွဲ့ပြီး စိတ်တိုင်းကျဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံသာဖြစ်တေ။ သို့မဟုတ် စစ်တပ်မှ အရပ်သားအစိုးရစကားကို နာခံမည်မဟုတ်ဘဲ စစ်တပ်မှ သူတို့အလိုကျဆောင်ရွက်ကြမည့် အနေအထားမှာရှိရေ ဥပဒေသာဖြစ်တေ။ ယင်းနန့်ဖူး စစ်တပ်မှရေးထားရေ ဖွဲ့စည်းအုပ်ချုပ်ပုံ၌ ပုဒ်မ ၂၀- (ခ) အရ ''တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်'' ဟု ရေးထားခြင်းကို ထောက်ပြလျှင် စစ်တပ်ရေ သူ့ဇတ်ကိုသူရို့ကကြမည် အဓိပ္ပါယ်သက်ရောက်ပြီးဖြစ်တေ။

ဒီမိုကရေစီနိုင်ငံ၌ စစ်တပ်မှာ လွှတ်တော်၏လက်အောက်ခံသာဖြစ်တေ။ ယွခုကား လွှတ်တော်အထက်၌ '' တပ်မတော်'' ဖြစ်နီရေ။ ထို့အပြင် ပုဒ်မ ၆ (ဂ) တွင်လည်း ''နိုင်ငံတော်အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခမ်းကဏ္ဍတွင် တပ်မတော်ကပါဝင်ဆောက်ရွက်နိုင်ရေးကို အစဉ်အစိုက်ဦးတည်သည်။'' ဆိုထားပြန်ရေ။ တပ်မတော်သာ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးကို ဦးဆောင်ရန် အတိအလင်းကြေငြာခြင်းပင်၊ ယေကေ အတိုက်အခံအဖွဲ့အစည်းများမှာ တပ်မတော်အလိုမကျလျှင် ဖမ်းဆီးထောင်ချမှုကို ခံကတ်ရအုံးဖြစ်တေ။ ပုဒ်မ ၂၀ (င)တွင် ''ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်ရန် တပ်မတော်တွင် အဓိက တာဝန်ရှိသည်။'' ဆိုလျှင် တစိပ်ဖြစ်လျှင် အာဏာသိမ်းရန် လုပ်နေခြင်းသာဖြစ်တေ။ တိုင်းရင်းသားအရေးကို အကြောင်းပြကာ အချိန်မရွေး အာဏာသိမ်းနိုင်ရေ။ ထို့အပြင် ပုဒ်မ-၁၀ (ဂ) တွင်လည်း '' တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်''ဟူ၍ ထပ်မံကွန်မြူးထားသေးရေ။ ယေကေ တိုင်းပြည် အဓိကအာဏာရှိသူရေ တပ်မတော်သာဖြစ်နီရေ။ ဤအချက်များမှာ အာဏာပိုင်များ၏ လုပ်ရပ်များသာဖြစ်ပေသည်။

၂၀၁၀ ရွေးကောက်ပွဲ၌ အရွေးခံအမတ်များရေ ဥပဒေကို စိုးမိုးသူများမဟုတ်ကြပေ။ အမှန်တကယ် ဥပဒေကို စိုးပိုင်သူမှာ တပ်မတော်သာဖြစ်နီရေ။ ယင်းနန့် ရွေးကောက်ပွဲပြိုင်ကေလည်း စစ်အာဏာရှင်များ၏ အုပ်ချုပ်ရေးအောက်မှာ ဆက်လက်ရှိနီအုံးမည်ဖြစ်သည်။

တိုင်းရင်းသားများအရေး

တဖန် ၂၀၀၈ခု ဖွဲ့စည်းအုပ်ချုပ်ပုံထဲ၌ တိုင်းရင်းသားများအရေးကိုကြည့်ကြပါစို့။ မြန်မာနိုင်ငံ၌ တိုင်းရင်းသားများအရေးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှ စတင် ပေါ်ပေါက်လာခြင်းဖြစ်တေ။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခရေ ပင်လုံစာချုပ်ရေ တိုင်းရင်းသားများကို ဗမာကျွန်မပြုဆိုရေ ဂတိဝန်ခံချက်နှင့် ချုပ်ဆိုရေစာချုပ်ဖြစ်တေ။ ၁၉၄၇ ခု ဖွဲ့စည်းပုံမှာ သစ္စာကတိနန့် ချုပ်ဆိုခရေ။ ပင်လုံစာချုပ်ကို ချိုးဖေါက်ကာ မဟာဗမာဝါဒ ရှိသူများရေ အသွင်အားဖြင့် ပြည်ထောင်စု၊ လက်တွေ့အားဖြင့် တစ်ပြည်ထောင်စုစနစ်ဖွဲ့စည်းပုံကြောင့် တိုင်းရင်းသားများ လက်နက်စွဲကိုင် ပြည်တွင်းစစ်ကို တိုက်ခိုက်ခြင်းဖြစ်တေ။ တဖန် ၁၉၇၄ခု မဆလတပါတီဖွဲ့စည်းပုံမှာလည်း တပြည်ထောင်စနစ် ဖွဲ့စည်းပုံသာဖြစ်တေ။ ယင်းတစ်ပါတီနန့် တစ်ပြည်ထောင်စနစ် ဖွဲ့စည်းပုံအောက်မှာ အာဏာရှင်ဦးနေဝင်ရေ အရပ်သားများအရာရှိမဖြစ်စေရ။ နိုင်ငံခြားသားများ အစိုးရဝန်ထမ်း မဖြစ်စေရ။ တိုင်းရင်းသားများ ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်မဖြစ်စေရဆိုရေ ''စေ'' တလုံးနန့် အုပ်ချုပ်မှုကြောင့် ဖွဲ့စည်းပုံဆိုင်ရာ အကျပ်အတည်းမှ စတင်ကာ တိုင်းရင်းသားများ ပဋိပက္ခဖြစ်ပွားလာရခြင်းဖြစ်တေ။ အကြောင်းမှာ ဖွဲ့စည်းပုံကို ဘုရားဒေသနာပိုင်တရားသီ ကိုင်းစွဲကာ တိုင်းရင်းသားများအရေးကို ဖိနှိပ်ချုပ်ချယ်ခြင်းဖြစ်တေ။ တိုင်းရင်းသားများရေ ဖက်ဒရယ်ပြည်ထောင်စုကိုလိုလားရေ။ အကြောင်းမှာ ဖက်ဒရယ်မူကိုသာ ကျင့်သုံးလာကေ တိုင်းရင်းသားများ လိုလားရေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စရေ လိုလားချက်များကို ရရှိကြမည်ဟု ယုံကြည်ခြင်းကြောင့်ဖြစ်တေ။ ၂၀၁၀ ခု စစ်တပ် မှရွေးဆွဲထားရေ ဖွဲ့စည်းအုပ်ချုပ်ပုံ၌ကား တိုင်းရင်းသားအရေးကို အခြေခံဥပဒေ၌ ပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့အပြင် ဒီမိုကရေစီအခြေခံမူကိုပင် ပြဋ္ဌာန်းရေးထားခြင်းကိုမတွိရပေ။ ၂၀၀၈ ခု ဥပဒေ၌ သမ္မတက ပြည်နယ်ဝန်ကြီးချုပ်များစာရင်းကို တင်သွင်းခွင့်အာဏာရှိရေ။ ပြည်နယ်ရှိသူဆန္ဒနန့်ရွေးပိုင်ခွင့်မရှိဘဲ ဗဟိုအစိုးရ သမ္မတမှသာရွေးချယ်ဖို့ဆိုကေ မဆလပါတီ စစ်အာဏာရှင်နေဝင်းလက်ထက် ဥပဒေနန့် တူညီဖို့များရေ။ အကြောင့်မှာ ဗဟိုအစိုးရမှ ပြည်နယ်လွှတ်တော်၊ လူမျိုးစုလွှတ်တော်တို့၌ ဩဇာသက်ရောက်အောင် ဖွဲ့စည်းပုံ၌ ထည့်သွင်းထားခြင်းကြောင့် ဖြစ်တေ။ ယင်းနန့်ဖူး ၂၀၀၈ ခုဖွဲ့စည်းပုံအရ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ကြလျှင်လည်း အမျိုးသားအကျိုးကို ဆောက်ရွက်နိုင်ကြမည် မဟုတ်ပေ။ စစ်ကျွန်အဖြစ်မှ အရပ်သားကျွန်သာ ဆက်လက် ဖြစ်နီကြအုံးမေဖြစ်တေ။

NLD နန့်ပြည်တွင်း လှုပ်ရှားမှု

NLD (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်) ပြည်တွင်းလှုပ်ရှားမှုအခြေအနေများကိုကြည့်ကြပါစို့။ NLD ပါတီရေ မြန်မာနိုင်ငံ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန် ရည်ရွယ်ပြီး အောက်ပါအချက် ၄ ချက်အစဉ်တစိုက် အကြံပြုတင်ပြခရေ။ (၁) နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရေး၊ (၂) ပြည်သူ့လွှတ်တော် ပြန်ခေါ်ပေးရေး၊ (၃) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ရေး၊ (၄) အားလုံးပါဝင်ရေ တွေ့ဆုံဆွေးနွေးရေး၊ မူ ၄ ခုကို အကြံပြုတင်ပြခဲ့ပါသည်။ နအဖစစ်အစိုးရရေ ရေငုံနှုတ်ပိတ်ပြီး သူရို့၏ရို့မတ်(၇)ချက်အတိုင်း ဖောက်ချလုပ်ကိုင်နီရေ။ ၂၀၀၈-ခု ဖွဲ့စည်းအုပ်ချုပ်ပုံကို နာဂတ်စ်မုန်တိုင်းကြားမှ လက်နက်အားကိုးဖြင့် မဖြစ်မနေ ထောက်ခံချက်ရအောင် အတင်း အဓမ္မလုပ်ခရေ။ ယခုလည်း ၂၀၁၀ ရွေးကောက်ပွဲကို မဖြစ်မနေမနေ လုပ်ခဲ့ပါတယ်။ NLD နှင့်တခြား ပြည်တွင်းပြည်ပအင်အားစုအသီးသီးနန့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တောင်းဆိုချက်၊ အဆိုပြုချက်၊ မေတ္တာရပ်ခံချက်များကို မျက်ကွယ်ပြုပြီး ၂၀၁၀ ရွေးကောက်ပွဲကို အတင်းအဓမ္မ ပြုလုပ်ခဲ့ပါတယ်။ NLD ကလည်း မိမိရို့တောင်းဆိုချက်ကို (နအဖ) စစ်အုပ်စုမှ မလိုက်လျှော့ကေ ၂၀၁၀ ရွေးကောက်ပွဲကိုဝင်ဖို့ မဖြစ်နိုင်ပေ။ NLD မှာ ၉၀-ခု ရွေးကောက်ပွဲရလာဒ်ကို ဆုပ်ကိုင်ပြီး နအဖကို ရင်ဆိုင်ခဲ့လျှင် ပြည်သူများဆန္ဒကို သစ္စာစောင့်ရာရောက်လိမ့်မည် သို့မဟုတ် NLD ရေသစ္စာဖေါက်ရာ ကျလိမ့်မည်ဖြစ်တေ။ ၂၀၁၀ ရွေးကောက်ပွဲကို နိုင်ဝင်ဘာ (၇)ရက်မှာ ကျင့်ပဖို့ ကြေငြာရေ ရွေးကောက်ပွဲဥပဒေကို နအဖမှ ထုတ်ပြန်ရေအခါ NLD မှ ခေါင်းဆောင်များကို ပစ်ပယ်ပြီး ပါတီမှတ်ပုံတင်ရေးအတွက် အကျပ်အတည်းနန့်ရင်ဆိုင်လာရေ။ ရွေးကောက်ပွဲဥပဒေရေ မတရားကြောင်း ထုတ်ဖေါ်ပြောပြီး NLD မှာ ပါတီမှတ်ပုံမတင်ရန် ဆုံးဖြတ်လိုက်တေ။

ရွေးကောက်ပွဲ ဝင်လိုသူ

၂၀၁၀-ခု နအဖ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီများကမူ တခြားရွေးချယ်စရာလမ်းမရှိပေ။ နအဖ ခင်းပေးသော လမ်းကြောင်းသာရှိရေ။ မရှိခြင်းထက်စာလျှင် ကောင်းပါရေ။ ရေတဝက်ရရ တစိတ်ရရ သောက်ထားကြ၊ သို့မဟုတ် ရေငတ်သေကြမေဟု ဆင်ခြင်ပီးကတ်တေ။ ဤအတွေးအခေါ်ရေ ပြည်သူကို သစ္စာဖေါက်ရာကျရေ။ ပြည်သူကို မယုံကြည်ရာကျရောက်တေ။ ပြည်သူများရေ ၆၀-ခု ရွေးကောက်ပွဲ၊ ၉၀-ခု ရွေးကောက်ပွဲ၌ ဒီမိုကရေစီမဲကို ပီးခဲ့ပြီးဖြစ်တေ။ မလုပ်တတ်သူကား NLD သာဖြစ်တေ။ NLD သာပြည်သူ့ ဆန္ဒကိုစွဲကိုင်ကေ အစိုးရဖွဲ့နိုင်ကေ အေအဆင့်သို့ ရောက်လာမည် မဟုတ်ပေ။ NLD ၌ခေါင်းဆောင်မှု အပိုင်းပျော့ညံ့ရေ။ အထူးသဖြင့် မဆလလူထွက် ဗိုလ်အောင်ရွှေရို့ ဦးစီးမှုကြောင့် အစိုးရမဖွဲ့နိုင်ခြင်း ဖြစ်တေ။ ယွခု ၂၀၀၈-ခုဖွဲ့စည်းပုံကို နအဖရေးဆွဲရေ ၂၀၁၀ ရွေးကောက်ပွဲကို နအဖမှ ဦးစီးကျင့်ပပီးဖို့ဖြစ်တေ။ ယေကေ အနိုင်ရပါတီရေ နအဖ တဖြစ်လဲ ပြည်ခိုင်ဖြိုးပါတီ ဖြစ်ကြမည်သေချာရေ။ ပြည်သူများ အာဏာရှိသူ အုပ်စိုး သူရို့နောက်ကို လိုက်ကြသူများ မဟုတ်ကြပေ။ ပြည်သူရေ အမှန် တရားကို မြတ်နိုးရေ။ ဒီမိုကရေစီ အစစ်အမှန်ကိုလိုလားရေ။ စစ်အုပ်စု ချယ်လှယ် အုပ်စိုးမှုကိုမလိုလားကြပေ။ ယေကေလည်း နှစ် ၂၀ မျှ စစ်အုပ်ချုပ်ရေး အောက်မှာ အဓမ္မအလုပ်စေခိုင်းမှု၊ မတရားတားဆီးပိတ်ပင်မှုနန့် မိဘပိုင်လယ်ယာမြေများကို အသိမ်းခံရမှုမှာ NLD ၏ လက်လွှတ်စပါယ် ''တာဝန်ခံ''မှုမရှိခြင်းကြောင့် ဖြစ်တေ။ အဂုတဖန် ၂၀၁၀ ရွေးကောက်ပွဲလာပြန်ရေ။ NLD သပိတ်မှောက်တေပိုင် အသစ်အသစ်ပေါ်လာရေပါတီများလည်း သပိတ်မှောက်ကတ်ဖို့ဆိုကေ ၂၀၀၈ ဖွဲ့စည်းပုံကို ကေန်ပြင်ပေးရလိမ့်မေဖြစ်တေ။ ၂၀၁၀ ရွေးကောက်ပွဲသည် ကေန်နောက်ဆုပ်စေမှာဖြစ်တေ။ သို့ရာတွင် မညီညွတ်ကြ။ မစုစည်းမိကြ။ ညီညွတ်စုစည်း အောက်မစွမ်းဆောင်နိုင်ခဲ့ကြ။ နအဖ စစ်အစိုးရမှာ ငွေအင်အား လူအင်အားကြီးမားသော်လည်း အတိုက်အခံများမှာ ငွေလည်းမရှိ၊ လူအင်အားလည်းမရှိ ယင်းနန့်အုပ်ချုပ်သူ (နအဖ)ကို ယှဉ်ပြိုင်ကေလဲမနိုင် ရှုံးနိမ့်ကြမည်သာဖြစ်တေ။ မနိုင်ချင်းအတူ တခြား ရွေးချယ်စရာလမ်းမရှိ ရသလောက်ယူထားရန် ပါတီရွေးကောက်ပွဲကို ဝင်ရောက်ကြတာဖြစ်တေ။ နောက်ဆုံးမာ အရှုံးနန့် တွေ့ကြုံရပြီး အုပ်စိုးသူ (နအဖ) ၏စွန့်ပစ်ခြင်းကို ခံကတ်ရမည်ဖြစ်တေ။ ပြည်သူများလည်း အရွေးခံပါတီများကို စွန့်ပစ်ကြမည်ဖြစ်တေ။ အမှန်တကယ်ဖြစ်ရပ်မှန်ကို ပြောရဖို့ဆိုကေ ပြည်ထောင်စုငြိမ်းချမ်းရေပါတီနန့် ဒီမိုကရေစီပါတီနန့် ၈၈ မျိုးဆက်အမည် ပါတီကို ပြောချင်ရေ။ ဉက္ကဌဦးသုဝေနန့် ဒေါ်သန်းသန်းနု (ဦးနုသမီး) ဒေါ်ချိုချိုကျော်ငြိမ်း (ကျော်ငြိမ်းသမီး)ပါတီရေ ဒေါ်အောင်ဆန်းစုကြည်ကို အားကျလို့ ပါတီ ထောင်လာခြင်းဖြစ်တေ။ တိုင်းပြည်ခေါင်းဆောင် သမီးချင်းအတူတူ ငါရို့လည်းတိုင်းပြည်ကို ချစ်ကြောင်းပြချင်ရေ။ ယင်းနန့် ၉၀ ခု ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖေါ်ရန် NLD မှ တစိုက်မတ်မတ် တောင်းဆိုချက်ကို ဆန့်ကျင်ကာ ငါရို့လည်းပါဝင်ရေ။ မရကေ ရသလောက် ယူထားကတ်ဆိုရေ ကျားကုတ်ကျားကန်ကိုင်ဆွဲထားခြင်းပြဖြစ်တေ။ ယေကေ လဲရှုံးနိမ့်မှာသေချာရေ။

ရွေးကောက်ပွဲအခြေအနေ

၂၀၁၀ ရွေးကောက်ပွဲ အခြေအနေကို နိုင်ငံတကာမှ သုံးသပ်မှုများက နအဖ ၏ပြည်ခိုင်ဖြိုးပါတီနန့် တစည်ရာအနိုင်ရဖို့ ခန့်မှန်းကတ်တေ။ နအဖစစ် အစိုး၏ အခင်းအကျင်းကိုကြည့်ကေလဲ မိမိရို့ပါတီ အနိုင်ရရှိရေးကိုသာ ကြိုးစားအားထုတ်ခြင်းကို မြင်ရရေ။ နိုင်ငံတကာဖိအားနန့် ရှုတ်ချကေ့ရေးခံရမှာကို ဂရုလည်းစိုက်ပုံမပေါ်ကြပေ။ လွှတ်တော် (၃) ရပ်ပေါင်း အမတ်ဦးရေ ၁၆၂၀ ရှိရေ။ အပြည့်အစုံ ဝင်နိုင်ရေပါတီက ''ပြည်ခိုင်ဖြိုးပါတီ''က ဖြစ်တေ။ အခြားရွေးချယ်ခံနိုင်သူက တစည ပါတီနန့် ၉၉၀ ယောက်ဝင်ပြိုင်နိုင်ရေ။ အခြား အတိုက်အခံပါတီများမှာ ၅ ဦး၊ ၁၀ ဦး၊ ၅၀ ဦး၊ ၁၀၀ ဦးသာဖြစ်တေ။ အဂုပိုင်ဖြစ်လာအောင် ဖန်တီးသူမှာ (နအဖ) သာဖြစ်တေ။ ၉၀ ခု ရွေးကောက်ပွဲပိုင် မွတ်ရာတခြား ခွတ်ရာတခြား မဖြစ်စီအောင် တမင်တကာဖန်တီးထားရေ။ အမတ်တဦး အမည်စာရင်းတင်သွင်းခအဖြစ် ၅ သိန်း ဆိုထားရေ။ အကြောင်းမှာ အရည်အချင်းနန့် လူထုထောက်ခံချက်ရှိကေလည်း ငွေမရှိကေ မဝင်နိုင်အောင် ကန့်သတ်ရှုတ်ချထားခြင်းဖြစ်တေ။ ယေပြီးကေ ပါတီဝင်များနန့် ကိုယ်စားလှယ်လောင်းများ စာရင်းတင်သွင်းခြင်းကို ၃၀ သာ သတ်မှတ်တေ။ ဤကန့်သတ်ချက် ဥပဒေများကို (နအဖ) ဖန်တီးထားရေပိုင် ပြည်ခိုင်ဖြိုး ပါတီအနိုင်ရရှိရန်အကွက် လုပ်ဆောင်ချက်လည်းဖြစ်တေ။ ထို့အတူ မဲဆွယ်စည်းရုံးရေးများကို ကန့်သတ်ချုပ်ချယ်ထားရေ ပြည်ခိုင်ဖြိုးပါတီနန့် တစည်မှာ ငွေအား လူအားနန့် နေ့စဉ်ရက်ဆက် စည်းရုံးပြီးဖြစ်တေ။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံရေ ၂၅ အမတ်ဦးရေကို စစ်တပ်မှယူထားရေ။ ယေပြီးကေ ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်တွေကို လူဝတ်လဲကာ ပြည်ခိုင်ဖြိုးပါတီကို ဦးဆောင်စေရေ။ အခြားပုဂ္ဂလိကရွေးချယ်ပိုင်ခွင့်အတွက်လည်း စီးပွားရေး ဖက်စပ်အရင်းရှင်များကို အရွေးခံရန် ပြင်ဆင်ထားသီရေ။ ယေကေ လွှတ်တော်(၃)ရပ်၌ နအဖနန့် နအဖလက်ပါးစေများကသာ အရွေးခံရမှာသေချာရေ။ ၂၀၁၀ ရွေးကောက်ပွဲရေ ပြည်သူအတွက် ထူးခြားရေရွေးကောက်ပွဲ မဟုတ်ပေ။ ယင်းနန့် ပြည်သူများလည်း စိတ်မဝင်စားကြပေ။ ရွေးကောက်ပွဲအကြောင်း လာမပြောကေ့၊ ရွေးကောက်ပွဲကြောင့် ငါရို့ ထမင်းစားရဖို့မဟုတ် ပြောသူများလာရေ။ ၂၀၁၀-ခု (နအဖ) စစ်အစိုးရရွေးကောက်ပွဲရေ မဆလပါတီဥက္ကဌကြီး ဗိုလ်ချုပ်ကြီးနေဝင်းမှ ဦးဆောင်ဖြစ်လာရေပိုင် လူဝတ်လဲအရပ်သား (နအဖ)အစိုးရဖြစ်လာမှာသေချာရေ။ ယင်းနန့်ဖူး နိုင်ငံတကာမှာ နအဖ စစ်အစိုးရရွေးကောက်ပွဲကို တရားမျှတမှုနန့် ယုံကြည်မှုမရှိရေ ရွေးကောက်ပွဲအဖြစ်လည်းကောင်း၊ တရားဝင်ကင်းမဲ့ရေရွေးကောက်ပွဲ အဖြစ်လည်းကောင်း၊ ပြင်ထားရေ ဖိနှိပ်မှုအောက်မှ ကျင့်ပရေ ရွေးကောက်ပွဲအဖြစ်လည်းကောင်း၊ အရပ်သားအစိုးရ မျက်နှာဖုံးစွပ် ရွေးကောက်ပွဲအဖြစ် လည်းကောင်း၊ ဝေဖန်ရှုတ်ချခဲ့ခြင်း ဖြစ်တေ။

တိုင်းရင်းသား လက်နက်ကိုင်ပါတီများ

တိုင်းရင်းသား အသီးသီး၌ လက်နက်ကိုင်ပါတီ အဖွဲ့အစည်းများရှိကြရေ။ ယင်းပါတီအဖွဲ့အစည်းများကို နအဖ စစ်အစိုးရမှ ၁၉၉၀-ခုနှစ်နောက်ပိုင်း အပစ်ခတ်ရပ်စဲရေးယူကတ်တေ။ ရခိုင်နန့်ကရင်များက ငြိမ်းချမ်းရေး မလုပ်ခပေ။ နအဖနန့် နိုင်ငံရေးအရ စားပွဲထိုင် ဆွေးနွေးပွဲကို မျှော်ခရေ။ ယကေလည်း ၂၁ နှစ်ရာကြာလာကေ မျှော်မှန်းချက်များ အကောင်အထည် ပေါ်မလာခဲ့သည့်အပြင် စစ်ရေးစည်းရုံး လှုပ်ရှားမှုမဝင်အောင် (နအဖ)၏ တင်းကြပ်မှုကို ခံလာကတ်ရရေ။ အဂု ၂၀၁၀ ရွေးကောက်ပွဲ အကြိုကာလမှာ ယင်းငြိမ်းအဖွဲ့များကို နယ်ခြားစောင့် အသွင်ပြောင်းရမည်ဟု ရာဇသံပေးလာရေ၊ အမှန်က နယ်ခြားစောင့်တပ်ဟူသည်မှာ ဗမာစစ်တပ်မှ အရာရှိ လက်အောက်ခံအဖြစ် ပြောင်းလဲရေးပင်ဖြစ်တေ။ ကျန်တောင်းဆိုချက်ကို ငြိမ်းအဖွဲ့က ပြင်းပြင်းထန်ထန် ကန့်ကွက်ကြရေ၊ လက်မခံကြပေ။ တိုင်းရင်းသားများလိုလားကြသည်မှာ နိုင်ငံရေးအရ အဖြေရှာမှုကိုသာ လိုလားကြရေ၊ ဆိုလိုသည်မှာ တိုင်းရင်းသားများအနေနန့် ယုံကြည်လောက်တေအာမခံချက် သို့မဟုတ် ဗမာစစ်တပ်မှ နောက်ထပ်မတိုက်ပါဟူ၍ ဝန်ခံချက်တိကို ရ

ရခိုင်တေးစီးရီး လောကသို့ တစေ့တစောင်း

နှောင်းလူ

၂၄၊ ၀၉၊ ၁၀

ရခိုင်တေးစီးရီး ဗွီစီဒီများ တစ်နှစ်တွင် ၃ခွေ၊ ၄ခွေ ထွက်ရာမှ ခုနောက်ပိုင်းနှစ်များတွင် ခွေထွက် အရေအတွက် များလာသည်။ ရခိုင်ဂီတ တိုးတက်မှုတရပ်ဖြစ်သော်လည်း ပရိတ်သတ်အများစုက စီးပွားရေး ကျပ်တည်းနေချိန်တွင် ထွက်သမျှ မူရင်းခွေကို အားပေးရန်မှာ လက်တွန့်စရာဖြစ်လာကြသည်။ ယခင် မူရင်းခွေရောင်းအားမှာ အနည်းဆုံး ၃၀၀၀မှ အောင်မြင်သော ခွေဆိုလျှင် ၅၀၀၀ အထက်ထွက်ရာမှ ခုနောက်ပိုင်း ဝယ်လိုအားမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရသည်။ ခွေ ၃၀၀၀ ထွက်ရန်အတွက် မနည်းလုံးပန်းနေကြရသည်။

''ကျွန်မကတော့ အရင် ရခိုင်ခွေထွက်သမျှကို အမျိုးသားရေးအနေနဲ့ ကောင်းကောင်း မကောင်းကောင်း အမြဲတမ်းဝယ်အားပေးတယ်၊ ခုနောက်ပိုင်းတော့ တလအတွင်းမှာ ၃၊ ၄ ခွေ ထွက်တာတွေရှိတယ်။ အဲတော့ တခွေကို ၁၅၀၀ကျပ်နဲ့ဆိုတော့ ဝယ်အားပေးရတာတော့ နည်းနည်းစဉ်းစား စရာဖြစ်လာတယ်''ဟု ပရိတ်သတ် အမျိုးသမီးတဦးက ပြောသည်။

ရခိုင်တေးစီးရီး ဗွီစီဒီတခွေ၏ ထုတ်လုပ်မှု ကုန်ကျစရိတ်မှာ အနည်းဆုံး (၂၅)သိန်းကျပ်ခန့် ကုန်ကျသည်ဟု သိရသည်။ နယ်ဖြန့်စရိတ်များနှင့်ဆိုလျှင် သိန်း(၃၀)ခန့်ကုန်ကျသည်။ ဝယ်ယူအားပေးသူများအား ဈေးနှုန်းသက်သာစွာနှင့် ရောင်းချနိုင်ရန်အတွက်လည်း နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။ တချို့မှာ ဈေးနှုန်းသက်သာစွာနှင့် ရောင်းချနိုင်ရန်အတွက် ကုန်ကျစရိတ်ကို လျှော့ချကြသည်။ ကုန်ကျစရိတ်သက်သာသော်လည်း ကော်လတီ အရည်အသွေး အစစ်အမှန်ကို ပရိတ်သတ်များအနေနှင့် ခံစားခွင့်မရှိကြတော့ချေ။

ရခိုင်တေးချစ် ပရိတ်သတ် အရေအတွက်များ အများအပြားရှိသော်လည်း မူရင်းခွေ တိုးတက်မှုမရှိခြင်းမှာ ထုတ်လုပ်သူများအနေဖြင့် စိတ်ဓါတ်ကျစရာ ဖြစ်နေသည်။

'' အယင်တုန်းကတော့ ခွေထွက်နှုန်းနည်းပေမဲ့ လုပ်ရတာကို ပီတိဖြစ်ပြီး ရှုံးရင်လည်း ခံနိုင်သေးတယ်၊ ခုက ကော်ပီတွေကူး၊ ခေါင်းပုံဖြတ်တဲ့ သူတွေရှိနေတော့ ရှုံးတာချင်းအတူတူ လုပ်ရကျိုးမနပ်သလို ခံစားရတယ်၊ ထပ်မလုပ်ချင်တော့ဘူး''ဟု ထုတ်လုပ်သူတစ်ဦးမှ စိတ်ပျက်စွာ ပြောသည်။



ရခိုင်တေးမူရင်းခွေ တခွေလျှင် ပျှမ်းမျှ ၁၅၀၀ ကျပ်ဖြင့် ရောင်းချကြသည်။ ကော်ပီခွေမှာ ၂၅၀ ကျပ်ဖြင့် ရောင်းချသည်။ ခွေထွက်အရေအတွက် များလာမှုကြောင့် တချို့ပရိတ်သတ်များက ကော်ပီခွေကို အမြည်းသဘောမျိုး ဝယ်ယူနားထောင်ကြည့်ပြီး သီချင်းကောင်းမှ ကော်လတီကောင်းမှ မူရင်းခွေကို ဝယ်ယူအားပေးကြသည်ကို တွေ့ရသည်။

တက်သစ်စ လူငယ် ဝါသနာရှင်များက ငွေကြေးကုန်ကျစရိတ်ကိုစုပြီး ကိုယ့်ခွေကိုယ်ထုတ်ကြသည်။ ရခိုင် အဆိုတော်ကြီးများအနေနှင့်မူ တကိုယ်တော်ခွေထွက်ရှိမှုမှာ နည်းသွားသည်။ အသင်း အဖွဲ့အစည်းခွေများတွင်သာမှ တပုဒ်စနှစ်ပုဒ်စ ကူညီ သီဆိုပေးကြသည်ကို တွေ့ရသည်။

''ကျွန်တော့် အရင်ခွေတွေ ကိုယ်ဆိုပြီး ကိုယ်ထုတ်တာပဲ၊ ရခိုင်မှာက ထုတ်လုပ်သူတွေလည်း မရှိသလောက် နည်းတော့ သိပ်အားကိုးလို့မဖြစ်ဘူး၊ နောက်ပိုင်း ကော်ပီခွေလောက တည့်တံ့နေတော့ အရှုံးကြီးရှုံးတယ်၊ ကိုယ်လည်း တောင့်မခံနိုင်တော့ မထုတ်ဖြစ်တော့ဘူး၊ ဒါကြောင့် တကိုယ်တော်ခွေ အထွက်နည်းသွားတာ၊ ရှိုးပွဲတွေပဲ လျှောက်ဆိုဖြစ်နေတာများတယ်''ဟု ရခိုင် အဆိုတော်ကြီးတစ်ဦးမှ ပြောသည်။

ရခိုင်ခွေ ထွက်မှုအရေအတွက် တိုးတက်မှုရှိနေသော်လည်း ဖြန့်ချီရေးအပိုင်းတွင်မူ လုံးဝအားနည်းနေသေးကြောင်း တွေ့ရသည်။ ရခိုင့်ဂီတလောက၏ လိုအပ်ချက်ကြီး တစ်ရပ်ဖြစ်သည်။ ရခိုင်ခွေ အရှုံးများမှုကြောင့် ဖြန့်ချီမည့်သူများကလည်း လုံးပိုင်ယူ၍ မဖြန့်ရဲကြကြောင်းသိရသည်။ နယ်ဆင်း ဖြန့်မည့်စရိတ်နှင့် တွက်ခြေမကိုက်ဟု သိရသည်။

''တချို့ခွေတွေတော့ လာအပ်ကြတယ်၊ အဆိုတော်သစ်ဆိုရင် သိပ်မယူဖြစ်ဘူး။ ဆိုင်အတွက် ရောင်းရုံလောက်ပဲ ယူဖြစ်တယ်၊ နာမည်ကြီး အဆိုတော်ဆိုရင်တော့ ကြည့်ပြီး ကိုယ့်ဖောက်သည်တွေ လောက်ကိုသာ ယူပြီးဖြန့်ပေးတယ်၊ အကုန်လုံးတော့ တာဝန်ယူပြီး မဖြန့်ရဲဘူး'' ဟု ခွေလုပ်ငန်းလုပ်နေသူ တစ်ဦးမှ ပြောသည်။

ရခိုင့်ဂီတ တိုးတက်မှု ရှိလာသော်လည်း ထုတ်လုပ်သူမရှိမှု၊ ဖြန့်ချီရေးမရှိမှုတို့ကြောင့် ရခိုင့်ဂီတ တိုးတက်မှုမှာ နှောင့်နှေးမှုရှိကြောင်း တွေ့ရသည်။ ခွေသစ်များ ထွက်လာသော်လည်း ကုန်ကျစရိတ် လျှော့ချမှုတို့ကြောင့် ကော်လတီကျဆင်းမှုများ ဖြစ်လာသည်။ ကော်ပီခွေခေါင်းပုံဖြတ်မှုများလာမှုကြောင့် ရခိုင်ခွေရောင်းအားမှာ မျှော်မှန်းသည်ထက် တိုးတက်မှုမရှိလာကြောင်း သိရသည်။

(စစ်တွေ ရခိုင်ဂီတလောကမှ လူငယ်တစ်ဦး ပေးပို့သော သတင်းဆောင်းပါးကို တည်းဖြတ်ခြင်း တစုံတရာမရှိဘဲ မူရင်းအတိုင်း တင်ပြပေးလိုက်ပါသည်။ နိုင်ငံတကာရောက် ရခိုင်အမျိုးသားများ ရခိုင်ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။ (အယ်ဒီတာ)

၂၀၁၀ ရွေးကောက်ပွဲနောက်ကွယ်မှာ မှအဆက်

လို ခြင်းဖြစ်တေ။ ယင်းငြိမ်းအဖွဲ့တ ချို့ကလည်း တဆင့်ခံ အုပ်ချုပ် ရေးနန့် သီးခြားလွတ်လပ်ရေး အသွင်ကွဲပြားရေ။ ရခိုင်နန့်မွန်ဆိုလျှင် သီးခြား လွတ်လပ်ရေးကိုရာ တောင်းတရေ။ နအဖ စစ်အစိုးရရေ တိုင်းရင်းသားလိုလားချက်ကို ဇာခါမှပီးကြမည်မဟုတ်ပေ။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အခွင့်ရေးကိုချိုးနှိပ်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ကို ပိတ်ပင်ထားရေ။ ယင်းနန့် (နအဖ) လိုလားချက်ကို လိုက်လျှော့ပါ သို့မဟုတ် ရန်သူသဖွယ် ဆက်ဆံလာမှာသေချာရေ။ အခြားတဖက်မှာ (နအဖ) စစ်အစိုးရရေ ငြိမ်းအဖွဲ့အတွင်း သက်ချိုရိုက်ကာ ခွဲကုတ် စည်းရုံးရေးကိုလုပ်လာရေ။ ယင်းနန့်ဖူး တချို့အဖွဲ့ငယ်များရေ (နအဖ)၏ နယ်ခြားစောင့်တပ် အသွင်ပြောင်းလာခြင်းဖြစ်တေ။ UWSA နန့် KIO ရို့ပိုင် ပါတီကြီးများကို လိမ်ညာလှဲ့ဖျား၍ မရကြပေ။ နအဖ စစ်အစိုးရမှ တိုက်နိုင်လျှင်လည်း ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ဆင်လာကတ်တေ။ ဤသည်ပင် တိုင်းရင်းသားတို့၏ အောင်ပွဲဖြစ်တေ။ နှစ်ပေါင်း ၆၀ နီးပါးလိမ်ညာခဲ့သမျှ ဖူးပေါ်သလို ပေါ်လာရေ။ ၁၉၄၈–ခုလွတ်လပ်ရေးရစမှာ တောတွင်းအစိုးရ၊ မြို့တွင်းအစိုးရနန့် တိုင်းရင်းသားများကို လိမ်ညာခရေ။ ၁၉၇၄–ခု မဆလ ပါတီလက်အောက် အမျိုးသားရေးအတုနန့် စီးပွားရေးအတုကို လိမ်ညာခရေ။ တဖန် ၁၉၉၀–

အောင်ဆန်းစုကြည်နန့် နအဖကို ဆက်လက်လိပ်ညာပြန်ရေ။ ယခုအခါ ဒေါ်အောင်ဆန်းစုကြည်ရို့ NLD မှာလည်း ပျက်စီးခဲ့ပြီး နအဖရို့ လိမ်ညာမှုမှာလည်းပေါ်လာပြီး ယင်းနန့် ၂၀၁၀ ရွေးကောက်ပွဲမှာ အရပ်သားအစိုးရအဖြစ် အသွင်ပြောင်း အုပ်ချုပ်ရေးဖြစ်လာကေလည်း တိုင်းရင်းသားလူမျိုးများ မယုံတော့ပြီ။ တိုင်းရင်းသားများ မဟာမိတ်ဖွဲ့ကာ တပ်ပေါင်းစု အသွင်နန့် ပြန်လည်ခုခံရန် ပြင်ဆင်ပြီးဖြစ်တေ။ ယင်းနန့် နအဖ စစ်အစိုးရမှ တိုက်ခိုက်လာလျှင် နယ်စပ်ဒေသ၌ ဒုက္ခသည်ပြဿနာ ပေါ်လာနိုင်ရေ။ ဤသို့ (နအဖ) စစ်အစိုးရရေ ပြည်တွင်း၌ NLD ပါတီ အတိုက်အခံအင်အားစုနန့် လက်နက်ကိုင် ငြိမ်းအဖွဲ့များအကြား ပဋိပက္ခကိုမျက်ကွယ်ပြုပြီး သူရို့ အာဏာလောကကို အခြေခံထားရေ။ ရွေးကောက်ပွဲကိုကျင်းပဖို့ အပူတ ပြင်းပြင်းဆင်ခကတ်တေ။ ယင်းရွေးကောက်ပွဲမှာ တိုင်းရင်းသား ဒီမိုကရေစီပါတီများလည်း အရွေးခံဖို့ ပါတီဖွဲ့ကတ်တေ။ ယေကေလည်း ကချင်ပြည်နယ်မှ ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP) ပါတီ မှတ်ပုံတင်ခွင့်မပီးပေ။ ရှမ်း၊ ကရင်၊ မွန်၊ ရခိုင်ရို့အသီးသီးပါဝင်ရေ မိမိရို့ဒေသအသီးသီမှ ကိုယ်စားလှယ်များကို အရွေးခံပနာ လုံးပန်းကြရေ။ လက်တဆုပ်စာ အမျိုးသားအခွင့်အရေးအတွက် အရေးဆိုတိုက်ပွဲဝင်ရန် ရည်ရွယ်ကြခြင်းဖြစ်တေ။ သို့ရာတွင် ရွေးကောက်ပွဲမဟုတ်ခါကပင် တိုင်းပြည် အာဏာ ၉၀ ရာခိုင်နှုန်း ရရှိထားပြီးသားဖြစ်တေ။ ''စစ်အုပ်စု''ကို ကျော်လွှန်ဖို့မလွယ်ကူပေ။ ရွေးကောက်ပွဲက နိုင်ငံတကာ မျက်နှာစာမှာ မြင်သာထင်သာရှိပြီး ချုပ်ချယ်မှုကင်းလွတ်ပြီး တရားမျှတရေ ရွေးကောက်ပွဲသာဆိုကေ ''စစ်အုပ်စု''ရှုံးနိုင်ရေ။ အကြောင်းက မြန်မာ့သမိုင်းမှာ ၆၀ ခု ရွေးကောက်ပွဲနန့် ၉၀ ခုရွေး ကောက်ပွဲသက်သီရှိခြင်းကြောင့်ဖြစ်တေ။ မြန်မာလူထုရေ စစ်အုပ်စုကို လုံးဝမလိုလားပေ။ စစ် အုပ်စုချုပ်ချယ်မှု ကင်းလွတ်လိုရေ။ ''စစ်အုပ်စုရေ ဒီမိုကရေစီ အစိုးရလက်အောက် နိုင်ငံကာကွယ်ရေး'' တပ်မတော်အဖြစ် မြင်လိုရေ။ ယင်းနန့် ၂၀၁၀ ရွေးကောက်ပွဲ၌ စိတ် ချယုံကြည်ရရေ ပါတီ သို့မဟုတ် ပါတီစုံပါဝင်ရေ မဟာမိတ်ဖွဲ့ကာ ရွေးကောက်ပွဲဝင်ဖို့ဆိုကေ မုချ ပြည်ခိုင်ဖြိုးနန့် တစည ရှုံးနိုင်ရေ။

ရွေးကောက်ပွဲ နောက်ကွယ်မှာ

ရွေးကောက်ပွဲ နောက်ကွယ်မှာ လူဝတ်လဲထားရေ အရပ်သား စစ်အစိုးရပေါ်လာမှာသေချာရေ။ နိုင်ငံတကာဝေဖန်သူများက နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲ ရလာဒ်ရေ မျက်နှာဖုံးစွပ်အရပ်သား စစ်အစိုးရအပြောင်းအလဲပင် ဖြစ်တေလို့ဆိုကတ်တေ။ မှန်ပါရေ။ နအဖ စစ်ခေါင်းဆောင်အာဏာရှင် အရပ်သားအစိုးရ ဖြစ်လာအောင် စနစ်တကျ ကြိုဆောင်စီစဉ်ထားခြင်းဖြစ်တေ။ နိုင်ငံတကာမျက်နှာစမှာ ရို့မတ်(၇)ချက်ကိုပုံဖော်ဆောင်ရွက်သွားရန် ကတိပြုပြန်ကြားထားရေ။ ယင်းပြီးကေ ဖွဲ့စည်းပုံကို လူငှားရေးခိုင်းထားပြီးကေ ညောင်နှစ်ပင်ညီလာခံမှာ အတင်းအဓမ္မ အတည်ပြုနိုင်ရေ။ ၂၀၀၈–ခုဖွဲ့စည်းပုံကို နိုင်ငံတကာနန့် ပြည်သူကို ပြောင်လိမ်ကာ ကြိုတင်မဲရယူခြင်း၊ မဲလိမ်ခြင်း၊ ငြိမ်းခြောက်ခြင်းနန့်အတူ ပြည်သူများနာဂစ်မုန်တိုင်းသင့် ဒုက္ခကြားမှ အတည်ပြုခရေ။ အဂုတဖန် ယင်းဖွဲ့စည်းပုံကို အသက်သွင်းရန် ၂၀၁၀ ရွေးကောက်ပွဲအတုနန့် လိမ်ညာဖို့ ကြိုးစားခပြန်ရေ။ ၂၀၀၈ ဖွဲ့စည်းပုံရေ ဗိုလ်သန်းရွှေရို့စစ်အုပ်စုအတွက် အသက်သွေးကြောဖြစ်တေ။ အကြောင်းမာ ခိုးယူသမျှပြည်သူ့ဘဏ္ဍာနန့် အသက် စဲစဉ်ကိုဖွဲ့စည်းပုံနန့် ကာကွယ်ယူလိုခြင်းကြောင့် ဖြစ်တေ။ ဒီမိုကရေစီ အခြေခံရေဖွဲ့စည်းပုံနန့် အရပ်သားအစိုးရဖြစ်လာကေ စစ်အုပ်စုရေ ကေန်မုချ အရေးယူအဖြစ်ပေးခြင်း ခံရမည်ဖြစ်တေ။ ၂၀၀၈–ခု ဖွဲ့စည်းပုံ ကိုအကာအကွယ်မရကေ စစ်အုပ်စုရေ ပြည်သူ့ခုံရုံးသို့ရောက်နိုင်ရေ။ ယေကေ ခိုးယူထားသော စဲစဉ်ဥစ္စာများကို စွန့်လွှတ်ရမည်အပြင် သားသမီးမြေးမြစ်ပါ အပါယ်ခံဘဝသို့ ရောက်လာနိုင်ရေ။ မြန်မာသမိုင်းမှာ ဝန်ကြီးချုပ်ဦးနု– အာဏာရှင်ကြီး ဦးနေဝင်းသက်သေရှိရေ။ ဤဆိုးကျိုးများကိုပြင်ဖို့လား (သို့) ရာသက်ပန်အာဏာရှင်ကြီး အဖြစ်တည်တံ့အောင် လုပ်ဆောင်စွာလား။ ဗိုလ်သန်းရွှေရေ စစ်အုပ်စုဝင်များကို ပြည်ခိုင်ဖြိုးပါတီ ပြောင်းပိုက်တေ။ ဝန်ကြီးချုပ်နန့် စစ်ဗိုလ်ချုပ်များကို ပြည်ခိုင်ဖြိုးပါတီ ခေါင်းဆောင်စေရေ။ လူရင်းတပည့်များဖြစ်တေ။ ဗိုလ်ချုပ်ကြီးသူရမြင့်မောင် ဗိုလ်ချုပ်ကိုကိုရို့ပိုင် အသက် ၅၀ ကျော်လူလတ်ပိုင်းများကို တပ်မတော်ဦးစီးချုပ် –ဒု စစ်ဦးစီးချုပ် ခန့်အပ်ကာ ဖွဲ့စည်းပုံကိုသက်ဆိုးရှည်စေအောင်လုပ်ဆောင်ရေ။ ဖွဲ့စည်းပုံအရ တပ်မတော် စစ်ဦးစီးချုပ်ရေ အာဏာအရှိဆုံးလူဖြစ်တေပိုင် ၂၅ မှာလည်း အလိုလို ရွေးကောက်စရာမလိုဘဲ ဖြစ်နီပြီဖြစ်တေ။ ယင်းနန့် ရွေးကောက်ပွဲအပြီး လူဝတ်လဲ အရပ်သားစစ်အစိုးရ အကာအကွယ်နန့် ဗိုလ်သန်းရွှေရို့ စစ်အုပ်စုရေ အိုးအိမ်မကွာ စိတ်ချမ်းစွာ နီထိုင်ဗျာဖြစ်တေ။ သူရို့ခိုးယူထားသမျှ စိမ်စည်းဘဏ္ဍာနန့် သူရို့အသက်ကို ကာကွယ်ရန်ကြိုဆောင်ခြင်းရေ ၂၀၁၀ နိုင်ဝင်ဘာ (၇) ရက်နိန့် ရွေးကောက်ပွဲ အပြီးမှာ အောင်ပွဲခံကတ်ဖို့ဖြစ်တေ။ ရွေးကောက်ပွဲအပြီး ဗိုလ်သန်းရွှေမှာ လူဝတ်လဲအရပ်သား အစိုးရအောက်မှာ ၅နှစ်နန့် ၁၀ နှစ်အထိ ရာထူးနန့် စိမ်စည်းတည်တံ့ရေးကို

လိုလားရေ။ စစ်အာဏာရှင်ကြီး ဦးနေဝင်းပိုင် နေဝင်းချိန်မလှမပ ပိုင်စိုးရိမ်ပုံရရေ။ ယင်းနန့်ကြိုတင်ပြင်ဆင်ပြီး တပ်ချုပ်ကြီးရာထူးမှ စွန့်လွှတ်ကာ နောက်ကွယ်မှာ နိုင်ငံ့ဦးသျှောင်ဘဝနန့် ရာသတ်ပန်နေထိုင်ရေးကို စနစ်တကျ စီစဉ်ဆောင်ရွာက်ခြင်းဖြစ်တေ။ ယေကေလည်း သမိုင်းဘီရေလည်ပတ်နီရေ စမ်းရိပ်ကဲ့သို့ ပြောင်းလဲတတ်တေ။ သမိုင်းကို ဗိုလ်သန်းရွှေရို့ စစ်အုပ်စု တားဆီးနိုင်ဖို့လား။ ဗိုလ်သန်းရွှေရို့ တပ်မတော်ဖခင်ကြီး အာဏာရှင် နေဝင်း ဇာတ်သိမ်းမကောင်းခဲ့ပေ။ လူမသိသူမသိ သုတ်သင်္ချိုင်းသို့ ရောက်ခဲ့ပြီဖြစ်တေ။ ဗိုလ်သန်းရွှေ ဖန်ဆင်းထားရေ လူဝတ်လဲအရပ်သား စစ်အစိုးရကားတားဆီးနိုင်မည်မဟုတ်ပေ။ ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်နိုင်ရေ ပြည်တွင်းနိုင်ငံရေး ပဋိပက္ခနန့် နိုင်ငံတကာ တုံ့ပြန်မှုအပေါ် စောင့်ကြည့်ရအုံးမည်ဖြစ်တေ။ အထူးသဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ လူသားရင်းမြစ် မျိုးနွယ်စုများကို သတ်ဖြတ်မှုနန့် ဗိုလ်ချုပ်ကြီးများကို တရားစွဲဆိုဖြစ်လျှင်ကား ဗိုလ်သန်းရွှေနန့်အပေါင်းပါ နအဖ ဗိုလ်ချုပ်ကြီးများ စံစဉ်ချမ်းသာမှ လျှော့ချကာ ခွေးပြေးဝက်ပြေးကြရအုံးမည်ဖြစ်တေ။

ငါတို့ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးများပွားက တိုင်းပြည်နဲ့လူမျိုး ရှိနေသရွေ့ ဆက်လက်တိုက်ပွဲဝင်ကြအုံးမည် ဖြစ်တေ။

သုဿာန်မြေမှာ ပွင့်သောပန်း

နအဖ စစ်အာဏာရှင် စနစ်ဆိုး ပပျောက်ချုပ်ငြိမ်းရေး၊ မြန်မာ့ဒီမိုကရေစီ တိုးတက်ပြောင်းလဲရှင်သန်လာစေရေး၊ သို့တည်းမဟုတ် အစိုးရတစ်ရပ် ပြုပြင်ပြောင်းလဲရေးဆိုတာ ပြည်တွင်းပြည်ပမှာ မှီတင်းနေထိုင်ကြတဲ့ မျိုးချစ်ပုဂ္ဂိုလ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများ ပြည်သူလူထုတစ်ရပ်လုံးနှင့် ရဟန်းသံဃာတော်၊ သီလရှင် ဆရာလေးများ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံနှင့် မြန်မာနိုင်ငံ ပြည်သူလူထု တစ်ရပ်လုံးနှင့် တိုက်ရိုက် အမှန်စပ်ဆက်နေလေသောကြောင့် ကျွန်တော်ကျွန်မအားလုံးတို့က လက်တွဲညီညာ ကြိုးစား ဆောင်ရွက်ကြမှသာလျှင် ဒီမိုကရေစီဆိုတဲ့ တစ်ခုတည်းသောရည်မှန်းချက်ပန်းတိုင်ဆီ ရောက်ရှိကြမည် ဖြစ်ပေသည်။

ဒီမိုကရေစီဆိုရာ၌ အနောက်တိုင်းဒီမိုကရေစီ၊ အရှေ့တိုင်းဒီမိုကရေစီဟူ၍ အမျိုးမျိုးရှိကြပါသည်။ ဒီနေ့ ကမ္ဘာကြီးမှာ မိမိတို့အလျှင်းသင့်သလို အမျိုးမျိုးသော ဒီမိုကရေစီ အသွင်ပုံစံတို့သည်လည်း အုပ်ချုပ်သူအစိုးရ၏ မသိမသာ အာဏာအဆင့်ဖြင့်သာ စေလိုရာစေ ဖြစ်ပေါ်ပြောင်းလဲ အုပ်ချုပ်နေတာကြောင့် စစ်မှန်သော ဒီမိုကရေစီဆိုတာ ရှိပင်ရှိငြားသော်လည်း ထိုအဆင့်သို့ ရောက်အောင် အလွန်ပင်ခဲယဉ်းလှပါသည်။ စစ်မှန်ပြီး ရဲရင့်သော ဒီမိုကရေစီဖြစ်ပေါ်လာစေဖို့ အခက်အခဲ အဟန့်အတားဟူသမျှ ရဲဝံ့စွာကျော်ဖြတ်ရဲရမည်။ ဒါမှသာလျှင် စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်လာဖို့ရန်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ ဒီမိုကရေစီ၏ အနက်သဘောကို အဓိပ္ပါယ် အကျဉ်းဆိုရသော် ဒီမို–ပြည်သူလူထု၊ ကရေစီ–အုပ်ချုပ်ရေးစနစ်၊ တစ်နည်းအားဖြင့် အာဏာလို့ ခေါ်ပါတယ်။ အပြည့်အစုံပြောရရင် ''ပြည်သူလူထု အုပ်ချုပ်ရေးစနစ်၊ (ဝါ) ပြည်သူလူထု အာဏာပင်ဖြစ်ပါတယ်။'' လောကမှာ ကိုယ်က ဘာဆိုတာ ဦးစွာသိထားရပါမယ်။ ငါ့မှာ အခွင့်အရေးရှိတယ်၊ ငါတို့ပြည်သူတွေမှာ အခွင့်အရေးအာဏာတွေ အများကြီးရှိပါတယ်၊ အစိုးရမှာ အာဏာမရှိဘူး၊ ငါတို့သာလျှင် အာဏာရှိတယ်၊ ဒါကြောင့်မို့ အစိုးရကိုမကျေနပ်လျှင် ငါတို့ပြည်သူအားနဲ့ ပြုတ်ချ ပစ်မယ်ဆိုတဲ့ သတ္တိခွန်အားတွေ အများကြီးမွေးဖို့လိုပါတယ်။ ငါတို့ခံစားရတာငါတို့ပဲသိတယ်၊ သို့အတွက်ကြောင့် တို့တတွေ လုပ်သင့်တာတွေကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ လုပ်ဆောင်သွားကြရမည် ဖြစ်ပေသည်။

ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် ရာဇပလ္လင်ကိုတက်၊ သံလျက်ကိုကိုင်၊ ရှင်ဘုရင်လုပ်ခါနီးကျမှ ကျွန်တော်မျိုးတော့ဖြင့် ရှင်ဘုရင်မလုပ်ချင်တော့ပါဘူး၊ အမတ်လောင်းပဲ လုပ်ပါရစေဆိုရင်ဖြင့် နအဖ၏ စစ်အာဏာရှင်စနစ် အခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ရွေးကောက်ပွဲ မဟာစီမံကိန်းကြီးက အောင်မြင်သွားပါလိမ့်မယ်။ ဒါကို ပြည်သူလူထုအင်အားနဲ့ တိုက်ပွဲဝင်ချေမှုန်းပစ်ရပါမယ်။ ရွေးကောက်ပွဲ နီးလာတာနဲ့အမျှ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးကို အတင်းအဓမ္မဖိအားပေး လုပ်ဆောင်နေခြင်းပင်သည်လျှင် အနာဂတ်မြန်မာပြည်၏ တိုင်းရင်းသားများအပေါ် စစ်အစိုးရ၏ အမြစ်ပြတ်ချေမှုန်းရေး မဟာဗျူဟာတစ်ရပ်ဖြစ်တယ်ဆိုတာ ညီအစ်ကိုတိုင်းရင်းသားတို့ သိထားကြစမ်းပါ။ ယခုလို အရေးကြီးတဲ့ အချိန်ကာလမျိုးမှာ အချိန်ကို တန်ဖိုးရှိရှိ မိမိရရ ပြောင်းလဲယူတတ်ဖို့က ပဓာနအရေးကြီးပါတယ်။ လာမည့် ၂၀၁၀ ရွေး ကောက်ပွဲပြီးသွားခဲ့ရင်လည်း အပြောင်းအလဲရလာဒ်က ဘာမှထူးခြားလာမှာ မဟုတ်ပါဘူးဆိုတာ အခိုင်အမာ ပြောနိုင်ပါတယ်။ မင်းသားခေါင်းဆောင်းပြီး ရွေးကောက်ပွဲဝင်မည့် ကြံ့ဖွံ့ပါတီကပဲ အနိုင်ရကာ အာဏာရှင်ဖြစ်လာမှာ သေချာနေပါပြီ။ အဲ့ဒါကြောင့် တို့ပြည်သူတွေအနေဖြင့် စည်းလုံးညီညွတ်ဖို့ လိုပါတယ်။

သမဂ္ဂါဏံ တပေါသုခေါ ညီညွတ်ရင် ချမ်းသာပါတယ်၊ အောင်မြင်ခြင်းရဲ့ ဒီမိုကရေစီအခွင့်အရေးရလာဒ်ကောင်းတွေ ပြည်သူတွေမှာရှိကြပါတယ်။ အာဏာရူး နအဖ ကို မယုံကြပါနဲ့။ နအဖ က စကားချိုမြ ဝေါဟာရမာယာတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို ထောင်ဒဏ် အနှစ် ၆၀၊ ၆၅နှစ်၊ နှစ်ပေါင်း ၁၂၀ ဆိုတဲ့ ကမ္ဘာမှာမရှိတဲ့ ဥပဒေပုဒ်မတွေတပ်ပြီး ရက်စက်စွာအပြစ်ပေး ထောင်ချနေတဲ့ မိုက်ရူးရဲ အစိုးရတစ်ရပ်က ဒီမိုကရေစီပေးပါ့မယ်ဟုပြောတာ ရှက်စရာကောင်းတဲ့ စကားတွေသာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကို ဟန်ပြလုပ်ကြပါလိမ့်မယ်။ ဗိုလ်သန်းရွှေတို့စစ်အုပ်စု နျူးကလီးယားစီမံကိန်းကို ထောက်ရှု့ကြည့်ခြင်းအားဖြင့် အာဏာကို လွယ်လွယ်နဲ့ လွှဲပြောင်းပေးဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ စာရေးသူ၏ သဘောထားအမြင်ကို ပြောရရင် ရွေးကောက်ပွဲဝင်ရေး မဝင်ရေးထက် ဒီကောင်တွေကို တို့ပြည်သူတွေ ဘာလုပ်သင့်တယ်ဆိုတာ အဖြေရှာရမှာပါ။ အနာဂတ်၏ မသေချာ မရေရာတဲ့ ဒီရွေးကောက်ပွဲကို မျှော်ကိုးစောင့်စားခြင်း၏ အကျိုးရလာဒ်သည်ကား မောပန်းခြင်းသာလျှင် ဖြစ်စေပါလိမ့်မယ်။ ရွေးကောက်ပွဲရလာဒ်အကျိုးကို ပမာနှိုင်းပြရရင် ငယ်ငယ်တုန်းက ကလေးဘဝကို ပြန်ပြီးသတိရလိုက်ပါ။ (ရွှေလမှာယုန်ဝပ်လို့ ဆန်ဖွပ်သည့် အဖိုးအို ဟောကြည့်ပါဆို၊ ဆိုသာဆို ပိုမိုသည့်(သူ့)စကား၊ ကလေးကို အငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ် ဖိုးလနတ်သား။) အဲ့ဒါကြောင့် ဒီမိုကရေစီလူထုတိုက်ပွဲကို ဖော်ဆောင်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာဖိအားကလည်း စွမ်းဆောင်မှုအပြည့်အဝကို ဟုတ္တိပတ္တိ လုပ်ပေးနိုင်မည်မဟုတ်ဟု စာရေးသူထင်မိပါတယ်။ ပြည်တွင်းဖြစ်ကို အားပေးပြီး ကိုယ်သာလျှင်အမိ ကိုယ်သာလျှင်အဖ မိမိကိုယ်တိုင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ပူးပေါင်း တိုက်ပွဲဝင်ကြပါမှ ရည်မှန်းချက်ပန်းတိုင်ဆီကို ရောက်ရှိကြပါလိမ့်မယ်။

မြတ်စွာဘုရား နိဗ္ဗာန်ကို ဆွတ်ခူး အောင်မြင်နိုင်ခြင်းဟာ ကိုယ်ကိုယ်တိုင် ကြိုးစားကျင့်ကြံခဲ့လို့သာ ဖြစ်တယ်။ နိဗ္ဗာန်စခန်းကို သကြားမင်းကပေးသနားလို့ ရခဲ့တာမဟုတ်သလို၊ ဗြဟ္မာမင်းထံက တောင်းယူခဲ့တာလည်း မဟုတ်ပါဘူး။ နိဗ္ဗာန်ကိုရရှိပြီးသား ဗုဒ္ဓအနေဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအနန္တတို့အပေါ် သနားကရုဏာတို့ဖြင့် ''ချစ်သားတို့လည်း နိဗ္ဗာန်ကို ရစေ၊ ယူစေ၊ ပြည့်စုံစေ'' ဆိုတဲ့ ပုံစံမျိုးနဲ့ ပရမတဓမ္မကို ခွဲယူလို့ မရနိုင်ပါဘူး။ ဒီမိုကရေစီဆိုတဲ့ အခွင့်အရေး အာဏာပါဝါဟာ မိမိ၌ရှိနေသလို နိဗ္ဗာန်ဆိုတာဟာလည်း မိမိရဲ့တစ်လံမျှလောက် ရှိသော ခန္ဓာကိုယ်ကြီးထဲမှာ နိဗ္ဗာန်ရှိတယ်။ လူ့သံယောဇဉ်စွန့်တဲ့နေရာဟာ နိဗ္ဗာန်၊ သမုဒယနှင့် ဒုက္ခချုပ်တဲ့နေရာမှာ နိဗ္ဗာန်ရှိတယ်။ လောဘ၊ ဒေါသ၊ မောဟ ကင်းတဲ့နေရာမှာ နိဗ္ဗာန်ရှိတယ်။ ဒါပေမဲ့ သည်နေရာမှာ နိဗ္ဗာန်နဲ့ ဒီမိုကရေစီကို နှိုင်းယှဉ်ပြနေတာ မဟုတ်ပါဘူး။ သဘောတရားပိုင်းဆိုင်ရာ အရသိရှိပြီးဖြစ်အောင် ဖော်ဆောင်ပြရုံသာဖြစ်ပါတယ်။ နိဗ္ဗာန်သည်လည်း သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်ဆိုပြီး နှစ်မျိုးရှိပါတယ်။ အနုပါဒိသေသနိဗ္ဗာန်ကို မရောက်ကြခင် သဉပါဒိသေသနိဗ္ဗာန်ကို အရင်မျက်မှောက်ပြုဖို့က ပိုပြီးအရေးကြီးပါတယ်။ ဒုက္ခဘုံသံသရာမှ လွတ်မြောက်လိုပါလျှင် ရုပ်၊ နာမ်နှစ်ဖြာ ဤခန္ဓာကို ကိုယ်တိုင် ကျင့်ကြံရပါမယ်။ သည်လိုကျင့်ဖို့က အခြေခံလှေကားထစ်တွေ အများကြီး ရှိပါသေးတယ်။ ကဲ ဒါတွေကိုအသာထားလို့ လိုရင်းကို ဆက်သွားကြပါစို့။ ဒီမိုကရေစီ အခွင့်အရေးလမ်းကြောင်း မပွင့်သေးသရွေ့တော့ ကိုယ့်တိုင်းကိုယ့်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးဆိုတဲ့ မူဝါဒအသစ်တွေကို ရှေ့တန်းတင်ပြီး အတ္တလှောင်အိမ်ကြီးထဲမှာ ရုန်းမထွက်နိုင်ပဲ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဟာ ခေတ်နောက်ပြန်ဆွဲပြီး အချိန်ကြန့်ကြာနေပါလိမ့်မယ်။ ညီညွတ်မှုမရှိဘူးဆိုပါလျှင် လောက၌ မည်သည့်အရာမျိုးပင်မဆို အောင်မြင်နိုင်မည်မဟုတ်ပါ။ မိမိတို့အသိစိတ်များဖြင့်သာ ပဓာနကျတဲ့အချက်အလက်ပေါ်မူတည်ပြီး ဦးစားပေးဆောင်ရွက်ကြရမည် ဖြစ်သည်။ နအဖ ၏မာယာကျော့ကွင်း ပိုက်ကွန်ထဲရောက်မသွားဖို့က ပိုအရေးကြီးပါတယ်။ ဒီကောင်တွေက မက်လုံးတွေပေးနေမှာပဲ။ တိုင်းရင်းသားတွေကို ''ခင်ဗျားတို့ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းပါ၊ လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ပါ၊ ရွေးကောက်ပွဲပြီးသွားရင် ဘာလုပ်ပေးမယ်၊ ညာလုပ်ပေးမယ်'' ဆိုပြီး ဘာပဲပြောနေပြောနေ သေချာပေါက်တစ်ခုက ယခုလက်ရှိ ဒီကောင်တွေ ဘာလုပ်နေသလဲဆိုတာကို အကဲခတ်တတ်ဖို့ လိုနေပါပြီ။ နေပြည်တော်မှာ သန်းရွှေ လှိုဏ်ဂူ၊ လှိုဏ်ခေါင်းတွေဖောက်နေတယ်။ သူတို့တတွေ နျူးကလီးယား လက်နက်စက်ရုံတွေ တည်ဆောက်နေကြပါတယ်။ ဒီစီမံကိန်းသာအောင်မြင်သွားရင်တော့ ကမ္ဘာကို အံ့တုစိန်ခေါ်လိမ့်မယ်။ ပြည်သူတွေမျှော်လင့်ထားတဲ့ ဘယ်မလဲ ဒီမိုကရေစီ၊ အတိတ်ကဖြစ်ရပ်တွေဖြစ်တဲ့ ၁၉၈၈ ကျောင်းသားသမဂ္ဂ၊ ဒီမိုကရေစီလူထုအုံကြွမှု၊ ၂၀၀၇ ခုနှစ် သံဃာတော်များဦးဆောင်တဲ့ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး၏ ဒီမိုကရေစီလူထုအုံကြွမှုများက သက်သေပြနေပါတယ်။ တိုင်းပြည်၌ လွတ်လပ်ပြီးတရားမျှတမှုရှိရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးဆိုပြီး ၁၉၉၀ ခုနှစ်က ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကျင်းပပေးခဲ့ကြတယ်။ မဲအပြတ်အသတ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ NLD က အနိုင်ရခဲ့တယ်။ ဒါပေမဲ့ ဒီကောင်တွေ အာဏာကို လွှဲမပေးခဲ့ပါဘူး။ အမျိုးမျိုးအကြောင်းပြပြီး အာဏာပြန်သိမ်းခဲ့ပါတယ်။ ထိုနည်းအတူပါပဲ။ ၂၀၁၀ ရွေးကောက်ပွဲဟာ ကလေးကို အငိုတိတ်အောင် အရိပ်အယောင်ပြသည့်မှတပါး ဘာမှဖြစ်မလာဘူးဆိုတာ ရဲရဲကြီးပြောရဲပါတယ်။ သီဟောနာမ–ခြင်္သေ့ မည်သည်၊ ဇိဃစာပိ– ဘယ်လောက်ပင် ဆာလောင်မွတ်သိပ်ပါသော်လည်း၊ တိနာနိ– မြက်၊ သစ်ပင်၊ သစ်ရွက်တို့ကို၊ ဏခဒေယျ– ဘယ်သောအခါမှ မစားပါဘူး။ ခြင်္သေ့ဆိုတာ အသားစားတတ်စမြဲပါပဲ။ ရွေးကောက်ပွဲအပြီး အာဏာရှင်စနစ်ဆိုး အမွေဆိုးကို ဆက်ခံဖို့ရန်မှာ ကြံ့ဖွံ့မှတပါးအခြား မရှိပါ။ ပြည်သူလူထုအနေဖြင့် ဒါကိုသိနေကြပါလျှက် အလိုလိုနေရင်း ကျားရှေ့သွားပြီး မှောက်လျက်လဲရင်တော့ ရင်လေးစရာကောင်းပါတယ်။ သို့ဖြစ်ပါလေသောကြောင့် နအဖ ၏ Road Map ရွေးကောက်ပွဲကို ဆန့်ကျင်ပြီး ဗိုလ်သန်းရွှေစစ်အုပ်စု နျူကလီးယား မဟာဗျူဟာ စီမံကိန်းကသာလျှင် တိုင်းပြည်ကို စစ်ကျွန်ဘဝအဖြစ် ဆက်လက်ပြီး သက်ဆိုးရှည်စေသော အကြောင်းတစ်ရပ်ဖြစ်နေပါသောကြောင့် လာမည့် ၂၀၁၀ ရွေးကောက်ပွဲကို ပြည်သူလူထုတစ်ရပ်လုံးက ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး တိုက်ပွဲဝင်သွားကြပါရန် စာရေးသူအနေဖြင့် တိုက်တွန်းရေးသား လိုက်ရပါသည်။

ဦးပညာဒိစ္စ (ဖျာပုံ– ရေပြာကမ်း)

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့ကိုယ်စားလှယ်အဖွဲ့

စည်းကမ်းထိန်းသိမ်းရေး ဆရာတော်

မုန်တိုင်းဂီရိနှင့်နောက်ဆုံး ကျောက်ဖြူအခြေအနေ

၂၁၊ ၁၀၊ ၁၀

ရခိုင်ပြည်နယ် ကျောက်ဖြူကို တစ်နာရီ ၇၅ မိုင်နှုန်းဖြင့် မုန်တိုင်းဂီရိ ဖြတ်သန်းတိုက်ခတ်မည်ဟု သတင်းဖြစ်ပေါ်နေသော်လည်း ကျောက်ဖြူအခြေအနေမှာ ထူးခြားမှုတစုံတရာ မရှိသေးကြောင်း ကျောက်ဖြူမြို့ခံတစ်ဦးက ပြောသည်။

(၂၂-၁၀-၂၀၁၀) နံနက် ၉ နာရီအချိန်တွင် ကျောက်ဖြူမြို့ခံတစ်ဦးကို နိုရဥ္စရာမှ ဖုန်းကတဆင့် ဆက်သွယ်မေးမြန်းရာ

မေး။ ။ ကျောက်ဖြူမှာ မုန်တိုင်း တိုက်နေပီလား၊

ဖြေ။ ။ မတိုက်သေးပါဘူးခင်ဗျား။

မေး။ ။ ကျောက်ဖြူကို မုန်တိုင်းဝင်မယ်ဆိုပီး သတင်းတွေ ထွက်နေတယ်လေ။

ဖြေ။ ။ အဲသလိုတော့ မုန်တိုင်းတိုက်မယ်ဆိုပီး သတင်းတွေတော့ ထွက်နေပါတယ်။ ဒါပေမယ့် ကျောက်ဖြူမှာ ဘာမှ ထူးခြားမှုမရှိသေးဘူး။ လေအနည်းငယ် တိုက်တာကလွဲပီး ဘာမှ မဖြစ်သေးပါဘူး။

မေး။ ။ မုန်တိုင်း ဘယ်အချိန်ဝင်နိုင်တယ်လို့ ထင်ပါသလဲ။

ဖြေ။ ။ ကျွန်တော်တို့လည်းမသိဘူး။ မုန်တိုင်းဝင်မယ်ဆိုပီး ရေဒီယိုတွေကပြောနေတာတော့ကြားပါတယ်။ ဒီမှာ ခုချိန်ထိ ဘာမှ မဖြစ်သေးပါဘူး။

မေး။ ။ ခုလို မုန်တိုင်းတိုက်မယ်ဆိုတော့ လူတွေကို စာသင်ကျောင်းတွေ ဘုန်းကြီးကျောင်းတွေကို ပြောင်းတာရွှေ့တာတွေ လုပ်နေပြီလား။

ဖြေ။ ။ ဒီမှာ ဘာမှလုပ်တာမရှိသေးပါဘူး။ အေးအေးဆေးဆေးပါ။

မေး။ ။ အစိုးရတာဝန်ရှိသူတွေကကော ဘာတွေဆောင်ရွက်တာရှိပါသလဲ။

ဖြေ။ ။ ဘာမှ လုပ်တာမရှိပါဘူး။

ယမန်နေ့ နံနက်က ဘင်္ဂလာပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းဂီရိသည် တဖြည်းဖြည်း အားကောင်းလာကာ ရခိုင်ပြည်နယ်ကို ဖြတ်သန်းတိုက်ခိုက် မည်ဖြစ်ကြောင်း သတင်းများထွက် ပေါ်နေပြီး ယနေ့ညနေ ၆ နာရီအတွင်း ဖြတ်သန်းတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောသည်။

မြန်မာနိုင်ငံ အနောက်ဘက်အစွန်ဆုံး မောင်တောမြို့နယ်တွင်လည်း မိုးဖွဲ့လေးရွာနေသည်မှအပ ယနေ့နံနက်ထိ ထူးခြားမှု တစုံတရာမရှိသေးကြောင်း သိရသည်။

မြေပုံမြို့နယ်တွင် မုန်တိုင်းဒုက္ခသည်များအား ကိုယ်တိုင်သွားရောက် ကူညီပေးနေသူတဦးနှင့် ဆက်သွယ်မေးမြန်းချက်

၂၉၊ ၁၀၊ ၁၀

မေး။ ။ မုန်တိုင်းတိုက်ခိုက်ခဲ့တဲ့ မြေပုံမြို့နယ်က အခြေအနေ ဘယ်လိုရှိပါလဲ

ဖြေ။ ၊ မုန်တိုင်းတိုက်ခိုက်ခဲ့တဲ့ အခြေအနေက ကျွန်တော်တို့ စုံစမ်းရသလောက်က ကျေးရွာ ၅၀ မှာ အိမ်ခြေ ၆၀၀၀ ကျော်ပျက်တယ်။ အိမ်ခြေ ၆၀၀ ကျော်လောက်ဘဲ ကျန်ပါတယ်။ သေတဲ့ လူစာရင်းက ရွာ ၅၀ကျော်က စာရင်းကို ကောက်ယူလိုက်တဲ့အခါ သေဆုံးသူ ၁၀၀ ကျော်စာရင်း ရပြီးပြီ။

မေး။ ။ အခုလက်ရှိ ကယ်ဆယ်ရေး အခြေအနေက ဘယ်လိုရှိပါလဲ။

ဖြေ။ ။ ကူညီရေး အခြေအနေကတော့ တောရွာတွေမှာရှိတဲ့ အမိုးအကာပျက်နေတဲ့ အိမ်တွေကို ဘယ်သူကမှ အခုအချိန်ထိ လုပ်မပေးနိုင်သေးဘူး။ အန်ဂျီ အိုတွေကလည်း မလုပ်ပေးနိုင်သေးဘူး။ အစိုးရဌာနကလည်း လုပ်မပေးသေးဘူး။ မြို့ပေါ်မှာတောင်မှ ပျက်စီးသွားတဲ့ ၃၀ ရာခိုင်နှုန်းလောက်ဘဲ လုပ်ပေးနိုင်သေးတယ်။ အမိုးအကာမရှိတဲ့အောက်မှာ နေရသူတွေ အများကြီး ရှိနေသေးတယ်။

မေး။ ။ လူတွေ ဝမ်းရောဂါဖြစ်နေတယ်လို့လည်း ကျွန်တော်တို့ကြားတယ်။ အဲဒီရောဂါ အခြေအနေက ဘယ်လိုရှိလဲ။

ဖြေ။ ။ ဝမ်းရောဂါ အခြေအနေက ကျိုးခေါင်းပြင်ကျေးရွာဘက်မှာ နည်းနည်းစိုးရိမ်ရတဲ့ အခြေအနေရှိတယ်။ ကျန်တဲ့ဘက်က အနေထားတွေကိုတော့ သိပ်ပြီး သတင်းမရသေးဘူး။

မေး။ ။ သက်ဆိုင်ရာ အာဏာပိုင်တွေဘက်က ကျန်းမာရေးနဲ့ပတ်သတ်လို့ ဘယ်လို ကူညီတာတွေ ရှိလဲ။

ဖြေ။ ။ မြို့ပေါ်မှာတော့ ပြည်နယ် ဆရာဝန်ခေါင်းဆောင်တဲ့အဖွဲ့နဲ့ ဆေးတပ်က ဆရာဝန်တွေခေါင်းဆောင်တဲ့ အဖွဲ့တွေကတော့ သူတို့လည်း မီနိုင်သလောက် လုပ်ဆောင်ပေးနေတဲ့ အနေအထားတွေရှိပါတယ်။ နယ်တွေကိုတော့ ဘယ်ဆရာဝန်မှ မရောက်ရှိနိုင်သေးပါဘူး။

မေး။ ။ အခုလက်ရှိ မုန်တိုင်းဒုက္ခသည်တွေ စားဝတ်နေရေးအခြေအနေက ဘယ်လိုရှိပါလဲ။

ဖြေ။ ။ စားဝတ်နေရေး အခြေအနေက အာဏာပိုင်တွေလည်း ရွာတိုင်အရောက် လိုက်လို့မပေးနိုင်ဘူး။ ကျေးရွာလူကြီးတွေက သက်ဆိုင်ရာလူကြီးတွေဆီကို စာရင်းတင်ပြီး လာထုတ်လို့ မိသားစု လူဦးရေအရ တနပ်စာ လောက်ဘဲ ပေးနိုင်တဲ့ အခြေအနေရှိတယ်။ နောက်ပြီး အန်ဂျီအိုတွေနဲ့ စေတနာရှင်တွေက လာရောက်လှူဒါန်းတဲ့ ဆန်နဲ့ တခြားပစ္စည်းတွေကို လက်ခံပြီး ဖြန့်ဖြူးပေးနေတာလည်း ရှိတယ်။

မေး။ ။ မုန်တိုင်းဒုက္ခသည်တွေ အရင် နဂိုအနေထား ပြန်ရောက်ဖို့ အခြေအနေဘယ်လောက် လိုအပ်မယ်လို့ထင်လဲ။

ဖြေ။ ။ နဂိုအနေထား ပြန်ရောက်ဖို့ အချိန်က အနည်းဆုံး နှစ်နဲ့ချီပြီး ကြာမယ်လို့ထင်ပါတယ်။ တချို့ နေရာတွေမှာပေါ့။ တချို့ရွာတွေမှာဆို ဘယ်လိုဖြေမလဲ တအိမ်ဘဲကျန်တယ်။ နှစ်အိမ်ဘဲကျန်တယ်။ တချို့နေရာတွေမှာဆို လုံးဝမကျန်ဘူး။ အိမ်ခြေ ၅၀၀ လောက်ရှိတဲ့ ရွာတွေတောင်မှ အိမ်ခြေ ၂၅ ဆောင် ၅၀ လောက်ဘဲကျန်တဲ့ သဘောရှိတယ်။

အရှင်ပညာစာရ၏ တရားခွင်လွှတ်လပ်မှုတမှုနှင့် စပ်လျဉ်း၍ ဆရာတော်၏ရှေ့နေ ဒေါ်အေးနုစိန်ကို ရောဝတီသတင်းထောက် မင်းနိုင်သူက ဆက်သွယ်မေးမြန်းချက်။

သံဃာတော်များ ဦးဆောင်သည့် ရွှေဝါရောင်တော်လှန်ရေး ၃ နှစ်ပြည့် နှစ်ပတ်လည် ကာလအတွင်းမှာပဲ ရခိုင်ပြည်နယ် စစ်တွေမြို့က သက်တော် ၅၇ နှစ်၊ ဝါတော် ၃၇ဝါခန့်ရှိ ဆရာတော် အရှင်ပညာစာရကို စစ်အာဏာပိုင်များက နှစ်ရှည် ထောင်ဒဏ်ချမှတ်ခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်းတိုက်မှ ရခိုင်သမိုင်းသုတေသီ အရှင်ပညာစာရကို ဇူလိုင်လ ၂၇ ရက်နေ့တွင် အာဏာပိုင်များက လာရောက်ဖမ်းဆီးခဲ့ပြီး ကျောင်းတိုက်ကိုပါ ချိပ်ပိတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဆရာတော် စောင့်ရှောက်ထားသော မိဘမဲ့ကလေး ၁၅၀ ကျော်ကို အာဏာပိုင်များက အစိုးရ လူမှုဝန်ထမ်း ဦးစီးဌာနများသို့ ပို့ဆောင်ခဲ့ပြီး ဆရာတော် စုဆောင်းထားသော ရခိုင်ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကိုလည်း သိမ်းယူခဲ့သည်။

ဆရာတော်ကို စစ်တွေခရိုင်တရားရုံးတွင် ပုဒ်မ ၇ ခုနှင့် တရားစွဲဆို စစ်ဆေးခဲ့ကာ စက်တဘၤာ ၂၉ ရက်နေ့တွင် နှစ်ရှည် ထောင်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဆရာတော် အရှင်ပညာစာရ၏ တရားခွင်လွှတ်လပ်မှုတမှုနှင့်စပ်လျဉ်း၍ ဆရာတော်၏ရှေ့နေ ဒေါ်အေးနုစိန်ကို ရောဝတီ သတင်းထောက် မင်းနိုင်သူက ဆက်သွယ်မေးမြန်းထားပါသည်။

မေး။ ။ ပြီးခဲ့တဲ့လ ၂၉ရက်နေ့က အရှင်ပညာစာရကို ထောင်ဒဏ် ၈ နှစ် ၃ လနဲ့ ဒဏ်ငွေ ကျပ် ၁ သောင်း ချမှတ်လိုက်ပြီဆိုတော့ ဘာတွေဆက် လက်ဆောင်ရွက်ပေးသွားဖို့ ရှိပါသလဲ။

ဖြေ။ ။ ဒဏ်ငွေ တသောင်းကိုတော့ ပေးဆောင်လိုက်ပါပြီ။ နောက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂၊ ၂၉၅ ၊ ၄၀၆ နဲ့ နိုင်ငံခြားငွေကြေး လက်ဝယ်ကိုင်ဆောင်တယ်ဆိုတဲ့ ပုဒ်မ၂၄(၁) အမှုတွေအတွက်ကို အယူခံတင်သွင်းသွားဖို့ ရှိပါတယ်။

မေး။ ။ ဆရာတော်ကို မာတေဇ လူမှုရေးအဖွဲ့အစည်းက လူတချို့က တိုင်တန်းခဲ့တယ်လို့ ကြားထားရပါတယ်။ တကယ်တမ်း တရားစွဲဆိုတဲ့အခါမှာ ဘယ်သူက တရားလိုအဖြစ်နဲ့ စွဲခဲ့တာပါလဲ။

ဖြေ။ ။ အမှုတမှုမှာ ဦးထွန်းသိန်းဆိုတဲ့ နာမည်နဲ့ အမှုစွဲတင်ပြီးတော့၊ နောက်တမှုမှာတော့ ဦးထွန်းသိန်းရဲ့ တိုင်တန်းမှုကိုမူတည်ပြီး အမှတ် ၁ ရဲစခန်းမှူး ဦးမြို့ဆွေက တရားလိုအနေနဲ့ ၂ မှုစွဲပြီး စွဲပါတယ်။

ဦးထွန်းသိမ်းရဲ့ ပထမတိုင်စာအရ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀၊ ၂၉၂၊ ၂၉၅၊ ၄၀၆၊ ၅၀၅ (ခ)နဲ့ ပြစ်မှုဆိုင်ရာ မူလအမှုအမှတ် ၆၁/ ၂၀၁၀ နဲ့ စွဲဆိုခဲ့ပြီး ရဲအုပ်ဦးမြို့ဆွေကတော့ ပြစ်မှုဆိုင်ရာ မူလအမှုအမှတ် ၆၂/ ၂၀၁၀ မှာ နိုင်ငံခြားငွေလဲလှယ်ခြင်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်မှု ဥပဒေပုဒ်မ ၂၄(၁)နဲ့ တမှုစွဲဆိုပါတယ်။ နောက် ပြစ်မှုဆိုင်ရာ မူလအမှုအမှတ် ၆၃/၂၀၁၀ မှာ စည်ပင်အက်ဥပဒေပုဒ်မ ၆၁ (ဂ)နဲ့လည်း ဦးမြို့ဆွေကပဲ တရားလိုပြုလုပ်ပါတယ်။

မေး။ ။ ဆရာတော်နဲ့ စွပ်စွဲခံရတဲ့ ဒေါ်မာလာက တရားရုံးမှာ သူနဲ့ ငြိစွန်းမှုမရှိပါဘူးလို့ ထွက်ဆိုခဲ့တယ်လို့ ကြားသိထားရပါတယ်။ ဟုတ်ပါသလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ တရားခွင်အတွင်းမှာ တရားလိုဘက်က သက်သေ ဘယ်နှစ်ဦး တင်သွင်းခဲ့တာပါလဲ။

ဖြေ။ ။ အမှုအမှတ် ၆၁/ ၂၀၁၀ အတွက် တရားလိုပြသက်သေ ၂၅ ဦးတင်သွင်းပါတယ်။ နောက်ထပ် ၂ ဦးတင်သွင်းတဲ့အခါ ၁ ဦးကိုပဲ စစ်မေးပြီး ၁ ဦးကို ပယ်ခဲ့ပါတယ်။ တရားလိုပြသက်သေ ၂၆ဦး စစ်မေးခဲ့ရပါတယ်။

မေး။ ။ ဆရာတော်ဘက်က သက်သေ ၃၄ ဦးတင်ခဲ့တယ်။ ဒီသက်သေတွေကို ရဲက ဖိအားလိုက်ပေးတာတွေရှိခဲ့ပြီး နောက်ပိုင်းမှာ သက်သေတချို့ကို မတင်သွင်းတော့ဘူးလို့သိရပါတယ်။ ဘယ်လိုကြောင့် မတင်သွင်းခဲ့တော့တာပါလဲ။

ဖြေ။ ။ ကျမက အမှုတွေအတွက် သက်သေ ၃၄ ဦး တင်ပြခဲ့ပါတယ်။ ဒါပေမယ့် ၆၁/ ၂၀၁၀ အတွက် ဆရာတော်က စွဲချက်ကို မကျေနပ်လို့ ပြင်ဆင်နေ တဲ့အချိန်မှာပဲ ပြည်နယ်တရားရုံးက အကျဉ်းနည်းနဲ့ ပလပ်လိုက်တယ်။ အဲဒီအချိန်မှာပဲ ဆရာတော်ကို စစ်တယ်ဆိုတော့ ဆရာတော်က ကိုယ်တိုင်ပဲအစစ်ခံပြီး ကျန်သက်သေတွေကို မပြတော့ဘူးဆိုပြီး ရပ်တည်ခဲ့တာပါ။ အဲဒီလို ပြည်နယ်က အကျဉ်းနည်းနဲ့ ပြင်ဆင်မှုကို ပလပ်လိုက်တဲ့အပေါ် တရားရုံးချုပ်ကို ပြင်ဆင်မှုဆက်တင်ပါ တယ်။ ဒါပေမယ့် ဒီမှာတော့ ဒီပုဒ် မနဲ့ပဲ ဆရာတော်ကို စစ်ဆေးပြီး အမိန့်ချလိုက်တဲ့အဆင့်ကို ရောက်သွားခဲ့ပါတယ်။

မေး။ ။ တရားခွင် မစတင်မီကစပြီး တရားလိုပြသက်သေအဖြစ် ထွက်ဆိုမယ့် ဒေါ်မာလာတို့လို အရေးကြီး သက်သေတွေကို တရားလိုပြုလုပ်မယ့် ရဲစခန်း ထဲမှာခေါ်ထားခဲ့တာဟာ တရားဥပဒေနဲ့ လျော်ညီပါရဲ့လား။

ဖြေ။ ။ ကျမ အဲဒီအကြောင်းအချင်းအရာတွေ ပေါ်လွင်အောင် စစ်မေးခဲ့ပါတယ်။ သူတို့ကလည်း ဝန်ခံခဲ့ကြပါတယ်။ ဥပဒေနဲ့ ညီ၊ မညီ သုံးသပ်ဖို့က တရားရုံးရဲ့ အပိုင်းပါ။ ကျမတို့ကတော့ သူတို့ ရှိနေခဲ့တဲ့ အနေအထားတွေကို ရုံးရှေ့ သက်သေခံချက်တွေမှာ ပေါ်လွင်အောင် စစ်မေးထားခဲ့ပါတယ်။

၅၀၅ (ခ) အပါအဝင် ပုဒ်မ ၇ ခုနဲ့ စွဲဆိုတယ်လို့ကြားပါတယ်။ နောက်ပိုင်းမှာ ပုဒ်မ ၂ ခု မပါတော့ဘူး ဆိုတာ ဘယ်လိုကြောင့်ပါလဲ။

ဖြေ။ ။ ၆၁/ ၂၀၁၀ အတွက် မူလစွဲဆိုတဲ့ပုဒ်မက ၅ ခုပါ။ တရားလိုပြသက်သေ ၂၆ ဦးကို စစ်ပြီးတဲ့အခါ ဒီပုဒ်မတွေနဲ့ စွဲသင့်၊ မစွဲသင့် ကျမတို့က လျှောက်လဲချက်ပေးရပါတယ်။ အဲဒီလို ပေးတဲ့အချိန်မှာ ဥပဒေအကြံပြုရုံးကလည်း ပုဒ်မ ၄၂၀ နဲ့ ၅၀၅ (ခ) ၂ ခုဟာ မစွဲသင့်ကြောင်း အကြံပြုတဲ့အတွက် တရားရုံးက ဒီပုဒ်မ ၂ ခုကိုဖြုတ်လိုက်တာပါ။ ကျန်ပုဒ်မတွေနဲ့ စွဲချက်တင်တာကိုလည်း ကျမတို့ မကျေနပ်တဲ့အတွက် ပြည်နယ်ရုံးကို ပြင်ဆင်မှုအမှတ် ၁၁၃/ ၂၀၁၀ နဲ့ တက်ရောက်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီနေ့ ချက်ချင်းပါပဲ ပလပ်ခံခဲ့ရတယ်။ ဒါနဲ့ ၂၉ ရက်နေ့မှာပဲ နိုင်ငံတော်တရားရုံးချုပ်ကို ပြင်ဆင်မှု ဆက်တက်ပါတယ်။ အဲဒီလို ပြင်ဆင်မှု တက်ရောက်ထားဆဲကာလမှာပဲ ခရိုင်တရားရုံးက ဆရာတော်ကို စစ်ဆေးပါတယ်။ ဒါကြောင့် မူလက တင်ပြထားတဲ့ သက်သေ ၃၄ ဦးကို မတင်ပြတော့ဘဲ ဆရာတော်ကိုယ်တိုင်ပဲ အစစ်ခံပါတယ်။ အဲဒီ နောက်နှစ်ဘက် လျှောက်လဲချက်တွေကြားနာပြီး ပြစ်ဒဏ်တွေ ချမှတ်လိုက်ပါတယ်။

မေး။ ။ ဆရာတော်ရဲ့ ရှေ့နေတဦးအနေနဲ့ ဆရာတော် အထိန်းသိမ်းခံနေရစဉ်အတွင်းမှာ အမှုအတွက် ပြင်ဆင်နိုင်ဖို့ ဘယ်နှစ်ကြိမ် တွေ့ဆုံခွင့် ရခဲ့ပါသလဲ။

ဖြေ။ ။ ကျမနဲ့ တွဲဖက်လိုက်ပါတဲ့ ရှေ့နေမလေး ၂ ဦးနဲ့အတူ ဆရာတော် အထိန်းသိမ်းခံထားရတဲ့ ထောင်အတွင်းမှာ ၂ ကြိမ်တွေ့ခွင့်ရပါတယ်။

မေး။ ။ ဒီအမှုအတွက် ၂ ကြိမ်ပဲ တွေ့ခွင့်ရတာဟာ လျှောက်လဲချက်တွေပြင်ဆင်ဖို့ လုံလောက်တဲ့ အချိန်ရခဲ့တယ်လို့ ပြောနိုင်ပါ့မလား။

ဖြေ။ ။ ဒီ အမှုတခုလုံးရဲ့ အနေအထားကို ကြည့်မယ်ဆိုရင်တော့ ပထမ တရားလိုပြသက်သေ ၂၆ ဦးကို စစ်ဆေးတဲ့အဆင့်မှာတော့ တရက်ခြား စစ်ဆေးပါတယ်။ ဆရာတော်ကို စွဲချက်တင်ပြီးတဲ့ နောက်မှာတော့ နေ့စဉ်ရက်ဆက် စစ်ဆေးတဲ့အနေအထားကို ကျမ ကြုံခဲ့ရပါတယ်။ မနက် ၁၀နာရီကနေ ညနေ ၄ နာရီအထိ တောက်လျှောက်ကြီးပဲစစ်တာပါ။ ဒီလို စစ်နေတဲ့ ရုံးချိန်း ၆ချိန်းလောက်ကျော်ပြီး နောက်ပိုင်းမှာမှ ကြားမှာ ၁၅ မိနစ် နားခွင့်ပေးခဲ့ပါတယ်။ အဲဒီလို အနေအထားမျိုးမှာ ကျမတို့ဘက်က အမှုအတွက် ပြင်ဆင်ချိန် လုံလောက်မှုရှိတယ်၊ မရှိတယ်ဆိုတာကို ပြောစရာမလိုဘဲနဲ့ ဘယ်သူမဆို ချင့်ချိန်ပြီး သုံးသပ်နိုင်တယ်လို့ပဲ ကျမပြောချင်ပါတယ်။

ခိုင်လင်း (မေဃဝတီ)

ဒုတိယ အကြိမ်မြောက် ပင်လုံညီလာခံမျိုး နောက်တကြိမ် ကျင်းပဖို့ လိုအပ်တာကြောင့် ဒုတိယ ပင်လုံလို့ပဲ ညွှန်းဆိုခြင်းဟာ လက်လွတ်စပယ် ခေါ်ဆိုခြင်းမျိုး တော့မဖြစ်နိုင်ပါဘူး။ အမှန်တကယ် နှိုက်နှိုက်ချွတ်ချွတ် မညာတမ်းလေ့လာကြည့်ရင် ဒုတိယပင်လုံညီလာခံကို ဦးအောင်ဆန်း ကျဆုံးပြီး နောက်တရက်မှာ ကျင်းပရမှာဖြစ်တယ်။ ဦးအောင်ဆန်း ကျဆုံးခြင်းနဲ့အတူ ပင်လုံစာချုပ်ရော ပြည်ထောင်စုစိတ်ဓါတ်ရော ကျဆုံးခဲ့ရတာဖြစ်တယ်။ ထို့အတူ ရှမ်း၊ ရခိုင်၊ ကရင်၊ ကချင်၊ ကရင်နီ၊ ချင်း၊ မွန် စတဲ့ တိုင်းရင်းသားတွေဟာလည်း ပျော့ပျောင်းညင်သာစွာနဲ့ဘဲ ကိုလိုနီဘဝကို ပြန်လည်ဆင်းသက်ခဲ့ရတယ်။

ဒီ အခင်းအကျင်းတွေကြောင့်ဘဲ လွတ်လပ်ရေးနဲ့အတူ ပြည်တွင်းစစ်ကို မွေးဖွားစေခဲ့တာ ဒီနေ့အချိန်ထိပါဘဲ။ လွတ်လပ်ရေးနဲ့အတူ မွေးဖွားလာတဲ့ ပြည်တွင်းစစ်ဟာ ဦးအောင်ဆန်းကျဆုံးမှုနဲ့အတူ ပင်လုံစာချုပ်ပါ ကျဆုံးသွားရခြင်းရဲ့ အထင်ရှားဆုံးပြယုဂ်တစ်ခုပါ။ ဒါကြောင့် ဒုတိယအကြိမ် ပင်လုံညီလာခံကဲ့သို့သော ညီလာခံမျိုးကျင်းပရန် လိုအပ်တာကိုအခြေခံပြီး ဒုတိယပင်လုံလို့ ညွှန်းဆိုခြင်းဟာ လက်လွတ်စပယ် ခေါ်ဆိုခြင်းမျိုးတော့ မဖြစ်နိုင်ဘူး လို့ ဆိုခြင်းဖြစ်ပါတယ်။

သမိုင်း လိုအပ်ချက်အရ ဒုတိယပင်လုံမှသည် စစ်မှန်တဲ့ ဖယ်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးကို မောင်းနှင်မှသာလျှင် ဒီတိုင်းပြည်ကြီးဟာ ငြိမ်းချမ်းတဲ့ နိုင်ငံတော်အဖြစ်သို့ တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အောက်တိုဘာ(၂၄)၊(၂၀၁၀) ကလေးမြို့ ကြေငြာစာတမ်းဟာ တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်ပါတယ်။ ထို့အတူ အဲဒီ ကြေငြာစာတမ်းအတိုင်း ပင်လုံညီလာခံမျိုး ညီလာခံတစ်ခုကျင်းပရေးကို အားသွန်ခွန်စိုက် လုပ်ဆောင်ရေးကို အပစ်ရပ် တိုင်းရင်းသားအဖွဲ့တွေရော၊ အပစ်မရပ်သေးတဲ့ အဖွဲ့အစည်းတွေရော၊ (၁၉၉၀) ရွေးကောက်ပွဲဝင်ခဲ့တဲ့ တိုင်းရင်းသား ပါတီတွေရော၊ လက်ရှိ ရွေးကောက်ပွဲဝင်ပြိုင်ခဲ့တဲ့ တိုင်းရင်းသား အဖွဲ့အစည်းတွေရော ဒီမိုကရက်တစ် အင်အားစုတွေပါ တကယ့်ကို စစ်မှန်တဲ့ ပြည်ထောင်စုကို သွားချင်တယ်ဆိုရင် ပူးပေါင်းလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

ဒေါ်အောင်ဆန်း စုကြည်ကိုယ်၌ကပင် ဒုတိယ ပင်လုံမျိုး လုပ်ရမယ်ဆိုတာ ပြောဖူးတာတွေ ရှိပါတယ်။ အမှန်တကယ်လည်း သမိုင်းရဲ့ လိုအပ်ချက်အရ ဒုတိယ ပင်လုံကိုသွားသင့်ပါတယ်။ (၁၉၄၇) မှာ ကျင်းပခဲ့တဲ့ ပင်လုံညီလာခံမျိုး နောက်ညီလာခံတစ်ခု ကျင်းပခြင်း ရဲ့အဖြေဟာ တိုင်းပြည်အတွက် မှန်ကန်တဲ့အဖြေဖြစ်မှာပါ။ ဒီလို မဟုတ်ဘဲ ရွေးကောက်ပွဲဟာ ဒီနိုင်ငံရဲ့အဖြေသာဖြစ်တယ်လို့ ယူဆရင်တော့ နောက်ထပ် နှစ်ပေါင်း (၆၀)ဟာလည်း ဒီအတိုင်းဘဲ ရှိနေအုံးမှာပါ။ မတူညီတဲ့ သမိုင်းနောက်ခံတွေဟာ ပြည်တွင်းစစ်ကို ဆက်လက်ရှိနေအုံးမှာ သေချာနေပါတယ်။ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကို ငြင်းဆန်နေတဲ့ အပစ်ရပ်အဖွဲ့တွေရဲ့ ဒီနေ့ အနေအထားဟာ အထင်ရှားဆုံး ပြယုဂ်တစ်ခုပါ။ ဒီအပစ်ရပ်အဖွဲ့တွေဟာလည်း သမိုင်းရဲ့ လိုအပ်ချက်အရ ရပ်တည်နေတာဖြစ်ပြီး သမိုင်းက တင်ပေးလိုက်တဲ့ သမိုင်းပေး တာဝန်တွေဖြစ်လို့ပါ။ တနည်းအားဖြင့် ပြောရရင် ပင်လုံမူကို ကိုင်စွဲလို့ ဒုတိယပင်လုံကို သွားနေတဲ့သူတွေ ဖြစ်ပါတယ်။

ယခု မြန်မာနိုင်ငံ နယ်နိမိတ် အကျယ်အဝန်းဟာလည်း (၁၉၄၇) ပင်လုံညီလာခံရဲ့ အဖြေဖြစ်တယ်။ အဲဒီတုန်းက ပင်လုံညီလာခံရဲ့အဖြေဟာ တိုင်းရင်းသားတွေကို ဗမာကိုလိုနီဘဝ သွတ်သွင်းဖို့မဟုတ်ဘူး ဆိုတာကို ဗိုလ်ချုပ်အောင်ဆန်းက ရဲရဲကြီး အာမခံခဲ့ဖူးတယ်။ ဒါပေမယ့်လို့ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးသည်မှ ယနေ့အချိန်ထိ ဗမာ(မြန်မာ)တွေထဲမှာ (စစ်တပ်အတွင်းရော၊ ဒီမိုကရက်တစ် အင်အားစုတွေမှာပါ) အချင်းချင်း ပဋိပက္ခတခုရှိနေဆဲပါ။ အဲဒါကတော့ တိုင်းရင်းသားတွေကို ဗမာ ကိုလိုနီဘဝသက်သင့်ပြီး က ပြည်ထောင်စနစ် တည်ဆောက်ရေး (ဗမာအမျိုးသားအင်ပါယာ ထူထောင်ရေး)နဲ့ ပင်လုံမူအတိုင်း တန်းတူသော ပြည်ထောင်စုတည်ဆောက်ရေးပဲ ဖြစ်ပါတယ်။

ဒီကိစ္စဟာ (၁၉၄၈) လွတ်လပ်ရေးရသည်မှ ယနေ့အချိန်ထိ စိန်ခေါ်မှုတရပ်အဖြစ် တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုဟာ ပုံစံမျိုးစုံနဲ့ ဖုံးဖိခြင်းကို ခံနေရပါတယ်။ ဦးအောင်ဆန်းတို့လို ဗမာ အပါအဝင် တိုင်းရင်းသားပေါင်းစုံနဲ့ တန်းတူသော ပြည်ထောင်စု (စစ်မှန်သောပြည်ထောင်စု) တည်ဆောက်ရေးအုပ်စုဟာ ဗမာ (မြန်မာ)အမျိုးသားအင်ပါယာ ထူထောင်ရေးအုပ်စုဆီမှာ အမြဲတမ်း ဖိနှိပ်ခံရတာတွေ ရှိခဲ့ဖူးပါတယ်။

တနည်းအားဖြင့်ပြောရရင် ဗမာ (မြန်မာ) အမျိုးသားအင်ပါယာ ထူထောင်ရေးအုပ်စုဟာ အဓိကကျတဲ့ နေရာတွေမှာ လွှမ်းမိုးထားနိုင်ခြင်းဟာလည်း အားသာချက်တစ်ခု ဖြစ်ပါတယ်။ ဘယ်လိုပင်ဖြစ်ဖြစ် ဦးအောင်ဆန်းတို့လို ဗမာအမျိုးသားအင်ပါယာ ထူထောင်ရေးကို ငြင်းဆန်ထားပြီး စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေး အုပ်စုတွေဘက်မှာတော့ ရှမ်း၊ ရခိုင်၊ ကရင်၊ ကရင်နီ၊ ကချင်၊ ချင်း၊ မွန် စတဲ့ တိုင်းရင်းသားအင်အားစုတွေကတော့ အင်နဲ့အားနဲ့ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။

အာဏာသိမ်း ခေါင်းဆောင်များအနေဖြင့် (၁၉၉၀) ရွေးကောက်ပွဲရလာဒ်ကို ငြင်းပယ်ခြင်းရဲ့ အဓိကသော့ချက်ဟာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့် ဗမာ (မြန်မာ) အမျိုးသားအင်ပါယာထူထောင်ရေးကို ငြင်းပယ်ထားပြီး ပင်လုံမူကို အခြေခံ၍ စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးမူကြောင့် ဖြစ်တယ်။ သို့ပေမယ့် ဒီ “မူ”တွေကြောင့် ပါလို့ လူသိရှင်ကြားမပြောဘူး။ ဒီ “မူ”တွေကြောင့်လို့ လူသိရှင်ကြား မပြောခြင်းသည်ပင်လျှင် ပဋ္ဌမ မြန်မာနိုင်ငံတော် ထူထောင်ရေး အစီအစဉ်တွေဖြစ်တယ်။ ပဋ္ဌမ မြန်မာနိုင်ငံတော် ထူထောင်ရေး ယုံကြည်ချက်ဟာ ဗမာ(မြန်မာ) ပညာရှင်အချို့နဲ့ စာပေသမား၊ နိုင်ငံရေးသမားအချို့ရဲ့ အန္တိမရည်မှန်းချက်လည်းဖြစ်တယ်။ ဒီနေရာမှာ သိသိကြီးနဲ့ ယုံကြည်သူများကိုသာညွှန်းလိုပါတယ်။ အချို့က တကယ်မသိသဖြင့် သူများ ပဋ္ဌမ မြန်မာနိုင်ငံတော်ဆိုလျှင် ကိုယ်လည်း ရောယောင်ပြီး ပဋ္ဌမ မြန်မာနိုင်ငံတော်ဟု ပြောဆိုရေးသား လုပ်ဆောင်ခြင်းကို နားလည်နိုင်ပါတယ်။

ပဋ္ဌမ မြန်မာနိုင်ငံတော် အယူအဆဟာ တကယ်တမ်းကျတော့ သိပ် ကြောက်စရာကောင်းတဲ့ အယူအဆတခုဖြစ်ပါတယ်။ ဒီ အယူအဆဟာ ကိုယ့်ကိုယ်ကို မညာကြေးပြောရရင် ဗမာ (မြန်မာ) လူမျိုးကြီးဝါဒ (သို့မဟုတ်) တိုင်းရင်းသားများအား ကိုလိုနီသက်သင့်ရေးဝါဒ (သို့မဟုတ်) ဗမာ(မြန်မာ) အမျိုးသားအင်ပါယာ ထူထောင်ရေးဝါဒလို့ ယုံကြည်တယ်။ ဒီအယူအဆကို စစ်အာဏာသိမ်း ခေါင်းဆောင်များ ယုံကြည်သလို အချို့ ဗမာ(မြန်မာ)များကလည်း သက်ဝင်ယုံကြည်ကြတာဖြစ်တယ်။ ဒီ “ပဋ္ဌမမြန်မာနိုင်ငံတော်” အယူအဆဟာ (၁၉၄၆)နဲ့(၁၉၄၇)မှာ ကျင်းပခဲ့တဲ့ ပင်လုံညီလာခံရဲ့ ဆုံးဖြတ်ချက်တွေ၊ သဘောတူညီချက်တွေနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်တယ်။ ခေတ်ဟောင်း မြန်မာရာဇဝင် နိဒါန်းမှာတော့ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက “အနော်ရထာဦးတည်သော အကြောင်းမှာလည်း မုချကေန် ဖြစ်ရသော အကြောင်းထက် ပိုကဲ၍ ရေးမိခြင်း ဖြစ်မည်။ အဘယ်ကြောင့်ဆိုသော် အနော်ရထာသည် မြောက်ဘက်သို့ နယ်ချဲ့သည်ကားမှန်၏။ သို့သော် ရောဝတီနှင့် ရွှေလီဆုံဆည်းရာအရပ်ထက် မြောက်ကျသောနေရာကို မရောက်ဟု ထင်မိပါသည်။ စင်စစ် ယနေ့ မြန်မာနိုင်ငံ နယ်နိမိတ်ကုန်အောင်မျှ ထိုအခါက မြန်မာလက်အောက်တွင် မရှိချေ”ဟု ရေးသားခဲ့ခြင်းဟာ ပင်လုံမှ မွေးဖွားပေးလိုက်သော ယနေ့ မြန်မာနိုင်ငံတော်နှင့် ပဋ္ဌမ မြန်မာနိုင်ငံတော်အတွက် ဆင်ခြင်စရာတခုပါ ။ ။

အပိုင်း(၂)အား ဆက်လက်ဖော်ပြပါမည်။

ရခိုင်ပါတီကိုဘာကြောင့် မဲပေးခဲ့ကြသလဲ

ကွန်ချပ်ကေ

ရခိုင်ပြည်သူတွေ ထောက်ခံမှုကြောင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ မြို့ကိုပတ်၍ အောင်ပွဲခံနေပုံဖြစ်သည်။ Narinjara.com

နအဖ စစ်အစိုးရဟာ သူအုပ်ချုပ်တဲ့ သက်တမ်း ၂၂ နှစ် အတွင်းမှာ စစ်တွေ– ကျောက်ဖြူ – ရန်ကုန်ကားလမ်းကို ဖေါက်ပေးတာကလွဲပြီး ရခိုင်ပြည်နယ်အတွင်း ဘာမှ တိုးတက်ဖွံ့ဖြိုးအောင် မယ်မယ်ရရ လုပ်ဆောင်ပေးခဲ့တာ မရှိပါဘူး။ ရခိုင်လူငယ်တွေ အလုပ်အကိုင် အခွင့်အလန်းတွေရအောင် စက်ရုံ၊ အလုပ်ရုံတစ်ခုကို တည်ဆောက်ပေးခဲ့တာ မရှိခဲ့ပါဘူး၊ တောင်သူလယ်သမားတွေ တိုးတက်ကြီးပွားရေးအတွက် ဘာဆိုဘာမှ လုပ်ကိုင်ပေးခဲ့တာ မရှိခဲ့ပါဘူး။ ဒေသတစ်ခု တိုင်းပြည်တခု တိုးတက်ရေးအတွက် အခအရာအကျဆုံးဖြစ်တဲ့ လျှပ်စစ်မီးဆိုရင်လည်း တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့တာ မရှိပါဘူး။

နိုဝဘ်ာလ ၇ ရက်နေ့က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ရခိုင်ပြည်သူတွေဟာ ရခိုင်တိုင်းရင်း သားများတိုးတက်ရေးပါတီ (ရတပ)ကို တခဲနက် မဲပေးခဲ့ကြတာကိုတွေ့ရပါတယ်။ ခုလို မဲပေးခဲ့တဲ့အတွက်လည်း ရခိုင်တိုင်းရင်းများ တိုးတက်ရေးပါတီဟာရခိုင်ပြည်နယ်အတွင်း အမတ် ၄၃ နေရာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နေရာမှာ ၃၄ နေရာမှာ အနိုင်ရရှိခဲ့ပါတယ်။ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဟာ ရွေးကောက်ပွဲမှာ အောင်မြင်မှုနှုန်းထားကတော့ ၇၇ ရာခိုင်နှုန်းကျော် ဖြစ်ပါတယ်။ ကြံ့ခိုင်ရေးပါတီပီးရင် ရာနှုန်းအားဖြင့် ဒုတိယအများဆုံး အနိုင်ရရှိတဲ့ ပါတီဖြစ်ပါတယ်။ ရတပ ပါတီ ခုလောက်ထိ နေရာအများအပြားမှာ အနိုင်ရရှိလိမ့်မယ်လို့ ဘယ်သူက မခန့်မှန်းခဲ့ကြသလို ပါတီတွင်းက ခေါင်းဆောင်တွေလည်း ဒီလောက်ထိ နိုင်လိမ့်မယ်လို့ မတွက်ခဲ့ကြပါဘူး၊ အလွန်ဆုံးနိုင်လှ ၁၀ နေရာလောက်ဘဲ နိုင်လိမ့်မယ်လို့ ခန့်မှန်းထားခဲ့ကြတာပါ။ ဘာဖြစ်လို့ ခုလို ခန့်မှန်းခဲ့ကြသလဲဆိုရင် နအဖ စစ်အစိုးရ ဝန်ကြီးတွေ ဦးဆောင်တဲ့ ကြံ့ဖွံ့ပါတီဟာ ငွေအားလူအား အာဏာပါဝါအားတွေကို အသုံးပြုပြီး ပါတီအနိုင်ရရေးအတွက် ဆောင်ရွက်ခဲ့ကြတဲ့အတွက်ဖြစ်ပါတယ်။ တကယ်တန်းရွေးကောက်ပွဲလုပ်တဲ့အခါ ကြံ့ခိုင်ရေးပါတီဟာ ရခိုင်ပြည်နယ်က မြို့နယ် အတော်များများမှာ ရတပ ပါတီကို ရှုံးခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ ကြံ့ခိုင်ရေးပါတီ နိုင်သွားတဲ့ ရခိုင်က မြို့နယ်တွေကို ကြည့်မယ်ဆိုရင်လည်း ရတပပါတီ ရွေးကောက်ပွဲ မဝင်နိုင်တဲ့ ဂွ၊ အမ်းနဲ့တောင်ကုတ်လို မြို့နယ်တွေမှာသာ အနိုင်ရသွားခဲ့တာ ဖြစ်ပါတယ်။ တကယ်လို့ ရတပ ပါတီသာ အဲဒီမြို့နယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရင် ကြံ့ခိုင်ရေးပါတီ အရေးနိမ့် သွားနိုင်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ စဉ်းစားရမှာက လက်ရှိ တိုင်းပြည်ကို ဦးဆောင်နေတဲ့ အစိုးရက ကျော့ထောက်နိုင်ခံပြုပေးထားတဲ့ အင်အားအကြီးမားဆုံး ကြံ့ခိုင်ရေးပါတီဟာ ရခိုင်ပြည်နယ်မှာ ဘာကြောင့် ရတပ ပါတီနဲ့ ပြိုင်တဲ့အခါ ရှုံးနိမ့်သွားရပါသလဲ။ ရတပပါတီအပေါ်မှာကော ရခိုင်လူထုတွေ ဘာကြောင့် ဒီလောက်တောင် ထောက်ခံရသလဲဆိုတဲ့ အချက်တွေဘဲဖြစ်ပါတယ်။

ရခိုင်လူထုတွေဟာ တိုတောင်းလှတဲ့အချိန်အတွင်းမှာ ပါတီတွေ ရွေးကောက်ပွဲဝင်ခဲ့ကြရတဲ့အတွက် သူတို့အနေနဲ့ ဘယ်ပါတီက ဘယ်လို ပေါ်လစီနဲ့ လမ်းစဉ်ရှိတယ်။ ဘယ်ခေါင်းဆောင်က ဘယ်လိုလူမျိုး စတဲ့အချက်တွေကို သိခဲ့ကြတာမဟုတ်ပါဘူး၊ ဒါပေမယ့်လည်း ရခိုင်အမျိုးသားရေး စိတ်ဓါတ်တခုကို အခြေခံပြီး ရတပပါတီကို မဲပေးခဲ့ကြတာပါ။ အခုလို မျိုးချစ်စိတ်တစ်ခုတည်းအပေါ် အခြေခံပြီး ရခိုင်အမျိုးသားတွေ ညီညီညွတ်ညွတ်နဲ့ မဲပေးခဲ့ ကြတာကလည်း နအဖ စစ်အာဏာရှင်တွေအနေနဲ့ ရခိုင်အမျိုးသားတွေ အလွန်အကျွန် ဖိနှိပ်ရာကနေ မခံချင်စိတ်တွေပေါ်ပေါက်လာပြီး ခုလို ရတပပါတီကို မဲပေးခဲ့ကြတာဖြစ်ပါတယ်။

လက်ရှိ အခြေအနေမှာတော့ ရခိုင်လူထုဟာ နအဖ စစ်အစိုးရအပေါ် အထူးနာကျည်းနေပါတယ်။ ခုလို နာကျည်းနေရတာကလည်း ရခိုင်ပြည်သူ လူထုတရပ်လုံးဟာ နအဖ စစ်အစိုးရလက်အောက်မှာ ဆင်းရဲကျပ်တည်းမှု မျိုးစုံနဲ့ ရင်ဆိုင်နေကြရတဲ့အတွက် ဖြစ်ပါတယ်။ နအဖ စစ်အစိုးရဟာ သူအုပ်ချုပ်တဲ့ သက်တမ်း ၂၂ နှစ်အတွင်းမှာ စစ်တွေ– ကျောက်ဖြူ –ရန်ကုန်ကားလမ်းကို ဖေါက်ပေးတာကလွဲပြီး ရခိုင်ပြည်နယ်အတွင်း ဘာမှ တိုးတက်ဖွံ့ဖြိုးအောင် မယ်မယ်ရရ လုပ်ဆောင်ပေးခဲ့တာ မရှိပါဘူး။ ရခိုင်လူငယ်တွေ အလုပ်အကိုင် အခွင့်အလန်းတွေရအောင် စက်ရုံ၊အလုပ်ရုံတစ်ခုကို တည်ဆောက်ပေးခဲ့တာ မရှိခဲ့ပါဘူး၊ တောင်သူလယ်သမားတွေ တိုးတက်ကြီးပွားရေးအတွက် ဘာဆိုဘာမှ လုပ်ကိုင်ပေးခဲ့တာ မရှိခဲ့ပါဘူး။ ဒေသတစ်ခု တိုင်းပြည်တခု တိုးတက်ရေးအတွက် အခအရာ အကျဆုံးဖြစ်တဲ့ လျှပ်စစ်မီးဆိုရင်လည်း တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့တာ မရှိပါဘူး။ ရခိုင်က မြို့ကြီးတွေမှာ အခုအချိန်တိ တနေ့ ၂ နာရီ ၃ နာရီသာသာဘဲ ရပါတယ်။ အဲသလို ရခိုင်ပြည်နယ် တိုးတက်ရေးကို ဘာမှလုပ်ဆောင်ပေးတာတွေ မရှိတဲ့အပြင် တဘက်မှာလည်း ရခိုင်ပြည်သူတွေကို ဖိနှိပ်ဖို့ စစ်တပ်တွေကို တိုးချလာပြီး ရခိုင်တောင်သူလယ်သမားတွေပိုင်တဲ့ လယ်မြေတွေကိုသိမ်းပိုက်တယ်။ ဒေသအတွင်း စီးပွားရေးလုပ်ငန်းတွေမှာ ပြည်သူတွေ လွတ်လပ်စွာ လုပ်ကိုင်စားသောက်ခွင့် မရဘဲ စစ်တပ်က လက်ဝါးကြီးအုပ် သွေးစုတ်တယ်။ စီးပွားရေးအရ အသေသတ်ပြီး ရခိုင်လူမျိုးတွေကို စိတ်ဓါတ်ရေးရာ ပျက်စီးအောင် ဆောင်ရွက်လာခဲ့တယ်၊ နိုင်ငံရေးအရ စာပေယဉ်ကျေးမှု အနုပညာလက်ရာတွေကိုဖျက်ဆီးပြီး ရခိုင်လူမျိုး မှေးမှိန်သိမ်ဖျင်းလာ ဆောင်ရွက်လာတယ်။ ဗမာမှ ဗမာ၊ ဗမာလူမျိုးကို အထင်ကြီးလာအောင် နည်းမျိုးစုံကို အသုံးပြုပြီး ဆောင်ရွက်လာတယ်။ ခုလို စတဲ့စတဲ့ အခြေအနေတွေကြောင့် ရခိုင်ပြည်သူတွေဟာ နအဖ စစ်အစိုးရအပေါ် အထူး နာကျည်းလာခဲ့ကြတယ်။ နဖအ စစ်အစိုးရကို သာမန် ရခိုင်ပြည်သူ လူထုတခုတည်းက နာကျည်းနေ တာမဟုတ်ပါဘူး။ နအဖ စစ်အစိုး ရအဖွဲ့ထဲ ဝင်ရောက် တာဝန်ထမ်းဆောင်နေတဲ့ ရခိုင်စစ်သားတွေ၊ ရဲသားတွေ၊ ဝန်ထမ်းတွေနဲ့ နအဖ နဲ့ ပူပေါင်းဆောင်ရွက်နေတဲ့ ကြံ့ခိုင်ရေးပါတီထဲက လူတွေလည်း နာကျည်းနေကြပါတယ်။ အများစု ပညာတတ်တွေဟာ ရခိုင်ပြည်သူတွေအပေါ် နအဖ စစ်အစိုးရက ဘယ်လိုပေါ်လစီတွေချပြီး ဖိနှိပ် အုပ်ချုပ်နေတယ်ဆိုတာ သာမန်ပြည်သူတွေထက် ပိုသိထားကြတယ်။ မတတ်သာတဲ့အတွက် ရခိုင်ဝန်ထမ်းတွေရော ပြည်သူတွေရော မခံချင်စိတ်တွေကို ကြိတ်မှိတ်ကာ နေခဲ့ကြရတာ ဖြစ်ပါတယ်။ နိုဝဘ်ာလ ၇ ရက်နေ့မှာတော့ ပြည်သူတွေဟာ သူတို့ရဲ့ မကျေနပ်ချက်တွေကို ဖွင့်အံပြသဖို့ တရားဝင် အခွင့်အရေးတွေ ရသွားခဲ့ကြတယ်။ ဒီတော့ ရခိုင်ပြည်သူတွေဟာ ဖိအားပေးမှုတွေ ခြိမ်းခြောက်မှုတွေ အကြီးအကျယ် ရှိတဲ့ကြားထဲက သတ္တိရှိရှိနဲ့ စစ် အစိုးရ ကျော့ထောက်နောက်ခံပြုပေးထားတဲ့ ကြံ့ခိုင်ရေးပါတီကို မဲ တပြားမှ မပေးဘဲနဲ့ ရတပ ပါတီကို တခဲနက်ထောက်ခံပြီး ပုံအော မဲပေးလိုက်ကြတာဖြစ်ပါတယ်။ (ပြီး)

ကြံ့ဖွံ့ပါတီကိုမဲမပေးသဖြင့် တာတမံကိုဖေါက်ချရာ လယ်ကေထောင်ချီ၍ပျက်စီး

၁၂၊ ၁၁၊ ၁၀

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကံချောင်းကျေးရွာတွင် ဆည်မြောင်းဦးစီးဌာနမှ ဆည်ထားသော တာတမံတစ်ခုကို ဆည်မြောင်း အရာရှိများက ဖေါက်ချလိုက်သဖြင့် လယ်ကေထောင်ချီ၍ ပျက်စီးသွားကြောင်း သတင်း ရရှိသည်။

''သူတို့က ရွေးကောက်ပွဲပြီးတဲ့ နောက်တစ်နေ့မှာ မော်တော်ဘုတ်တစီးနဲ့လာပြီး တာမံတုတ်ထားတဲ့ဆည်ကို ဖေါက်ချလိုက်တဲ့အတွက် ဆားငံရေတွေဝင်ပီး လယ်ကေ တထောင်နီးပါးပျက်စီးသွားခဲ့ပါတယ်'' ဟု ရွာသားတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဆည်ကို ဖါက်ချရသည့်အကြောင်းအရင်းကို သူက ယခုကဲ့သို့ ဆက်ပြောသည်။

''ရွေးကောက်ပွဲ မတိုင်မှီက ရယက ဥက္ကဌရယ်၊ ကြံ့ခိုင်ရေး တာဝန်ရှိသူတွေရယ်၊ နောက်ပီး ဆည်မြောင်းက တာဝန်ရှိသူတွေရယ် ကျွန်တော်တို့ရွာကိုရောက်လာပြီး ကြံ့ခိုင်ရေးကို မဲထည့်ဖို့ပြောပါတယ်။ မဲမထည့်ရင် ဒုက္ခတွေ့မယ်ဆိုပီးလည်း သူတို့က ပြောပါတယ်။ ရွေးကောက်ပွဲနေ့မှာ ရွာသားတွေက ကြံ့ခိုင်ရေးပါတီကို မဲမထည့်ဘဲ ရခိုင်ပါတီကို မဲထည့်လိုက်တော့ သူတို့က လုံးဝမကျေနပ်ဖြစ်သွားပါတယ်။ ဒါကို လက်စားချေတဲ့အနေနဲ့ နောက်တစ်နေ့ နံနက်ပိုင်းမှာ တမံတုတ်ထားတာကို လာပြီး ဖေါက်ချလိုက်ပါတယ်။''

စာမျက်နှာ ၁၁ ကော်လံ ၄

ဝမ်းဗိုက်ထဲယာဘားဆေးပြား ၁၅၀၀ ကို ထည့်ပြီး

သယ်ယူသူ မြန်မာနိုင်ငံသား ဗိုက်ခွဲခံရပြီးနောက် ဖမ်းဆီးခံရ

ထွန်းထွန်း

၂၉၊ ၁၀၊ ၁၀

အသက် ၄၄ နှစ်အရွယ် မြန်မာနိုင်ငံသားဟု သင်္ကာမကင်းခံရသူ တစ်ဦးထံမှ ဝမ်းဗိုက်ထဲအိတ်ဖြင့်ထည့်ပြီး သယ်ယူလာသည့် ယာဘားဆေးပြား ၁၅၀၀ ကို ဝမ်းဗိုက်ခွဲခံရပြီးနောက် ဘင်္ဂလာရဲက ဖမ်းဆီးလိုက်သည်။

ဖမ်းဆီးခံရသူမှာ ဘူလူမီယာဖြစ်ပြီး မြန်မာနိုင်ငံမှ မွတ်ဆလင်တစ်ဦးဖြစ်ကြောင်း ဘင်္ဂလာရဲက သံသယရှိနေသည်။

ဘူလူမီယာသည် ငွေအပြင်းအထန် လိုအပ်နေသဖြင့် ယာဘားဆေးပြား ၁၅၀၀ ကို ဗိုက်ဆံ ၂၀၀၀ တာကာဖြင့် ပလစတစ်အိတ်ထဲတွင်ထည့်ကာ ဝမ်းဗိုက်ထဲတွင် မျိုချ၍ နယ်စပ်တက်ကနက်မြို့မှ စစ်တကောင်းသို့ ယူလာစဉ် ဗိုက်အကြီးအကျယ်အောင့်ရာမှ အောက်တိုဘာလ ၂၆ ရက်နေ့က စစ်တကောင်းမြို့ ပြင်ပဆေးခန်းတစ်ခုဖြစ်သော CSCR သို့ သွားရောက်ပြသခဲ့ရသည်။

ဆရာဝန်များမှ ဘူလူ ဝမ်းဗိုက်ထဲ ဓါတ်မှန်ရိုက်ကြည့်ရာ မသင်္ကာဖွယ်ရာ အရာဝတ္ထုတစ်ခုကိုတွေ့ရှိသဖြင့် ဘူလူ၏ဝမ်းဗိုက်ကို အောက်တိုဘာလ ၂၇ရက်နေ့ နံနက်က ခွဲစိတ်ရာ ပလစတစ်အိတ်ငယ်တစ်ခုဖြင့် ထုတ်ထားသော ယာဘားဆေးပြား ၁၅၀၀ ကိုတွေ့ရှိခဲ့သည်။

အဆိုပါ ယာဘားများကို တွေ့ရှိပြီးနောက် ဆရာဝန်များက နီးစပ်ရာရဲစခန်းသို့ အကြောင်းကြားရာ ဘူလူကို ဘင်္ဂလာရဲက ဆေးပြား ၁၅၀၀ နှင့်အတူ ဖမ်းဆီးလိုက်သည်။

ဗိုက်ခွဲပြီးနောက် ဘူလူ၏ကျန်းမာရေး တိုးတက်ကောင်းမွန်လာသည်ဟု ရဲက ပြောသည်။

ယခု ဖမ်းဆီးမိသော ဆေးပြားများ တန်ဖိုးမှာ ကာလပေါက်ဈေး တာကာ ၃ သိန်းကျော်ဖိုးခန့်ရှိကြောင်း ရဲအရာရှိတဦးကပြောကြားသည်။

ဘူလူမှာ ငွေ တာကာ ၂၀၀၀ အတွက် ယာဘားဆေးပြားများကို ဘင်္ဂလာ အာဏာပိုင်များ၏ အဖမ်းဆီးခြင်း မခံရအောင် ဝမ်း

စာမျက်နှာ ၂ ကော်လံ ၆

မြန်မာ့ဒုက္ခသည်စခန်းမှ အမျိုးသမီးတစ်ဦးကို လက်နက်များနှင့်ဖမ်းဆီး

၁၅၊ ၁၀၊ ၁၀

ဘင်္ဂလာဒေ့ရှ်နိုင်ငံ တက်ကနက်မြို့နယ်ရှိ မြန်မာနိုင်ငံမှ မူဆလင်ဒုက္ခသည်များအတွက် ဖွင့်လှစ်ထားသော နာယာပါရာစခန်းတွင် ဒုက္ခသည်အမျိုးသမီးတစ်ဦးကို လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့်အတူ ယမန်နေ့က ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

ဖမ်းဆီးခံရသူ အမျိုးသမီးမှာ မနော်အာရ်ရှာ (အသက်၂၅) ဖြစ်ပြီး နာယာပါရာစခန်းရှိ အဆောင်အမှတ် ၁၀၁၂ မျဉ်းစောင်း ၅ တွင် နေထိုင်သူဖြစ်သည်။

သတင်းအရ ဘင်္ဂလာရဲအဖွဲ့မှ စခန်းကို ဝင်ရောက်စစ်ဆေးစဉ် မနော်အာရ်ရှာထံမှ ဒေသလုပ် လက်နက် ၃ လက်အပါအဝင် ကျည်ဆံ ၁၉ တောင့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မနော်အာရ်ရှာ၏ ထုတ်ဖေါ်ပြောချက်အရ သူမ၏ ခဲအိုနှင့် စုစုပေါင်း စခန်းတွင်းတွင် နေထိုင်နေသူ ဒုက္ခသည် ၁၅ ဦးတို့သည် မြန်မာဘက်မှ ဒေသခံများနှင့်ပူးပေါင်းပြီး ဓါးပြတိုက်မှုများကို မကြာခဏ ကျူးလွန်မှုများ ရှိခဲ့ကြောင်း ရဲအဖွဲ့သို့ပြောသည်ဟုဆိုသည်။

သူမကို ယခုအခါ ကော့ဘဇားမြို့သို့ ပို့ဆောင်လိုက်ပြီ အာဏာပိုင်များက စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်။

ဘင်္ဂလာဒေ့ရှ်တွင် မြန်မာနိုင်ငံမှ ဝင်ရောက်ခိုလှုံလာသော မူဆလင်ဒုက္ခသည်များအတွက် တရားဝင် ဖွင့်လှစ်ထားသော စခန်း၂ခုရှိပြီး နာယာပါရာ ဒုက္ခသည်စခန်းမှာ ထိုအထဲမှ တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ အနောက်ဘက် နယ်စပ်တလျှောက်တွင် မကြာခဏ ဓါးပြတိုက်မှုများ ဖြစ်ပေါ်နေပြီး ယခု ဖမ်းဆီးရမိသောသေနတ်များကို အဆိုပါ ဓါးပြမှုများတွင် အသုံးပြုခဲ့ဖွယ်ရှိသည်ဟု ဘင်္ဂလာရဲအရာရှိများကပြောသည်။

မြန်မာရေတပ်မှ ဘင်္ဂလာငါးဖမ်းသမားများကို

ဆက်ကြေးငွေယူ၍ ပြန်လွှတ်

ဗြာကလူး (နိရဥ္စရာ)

၃၁၊ ၁၀၊ ၁၀

မြန်မာရေတပ်မှ ဘင်္ဂလာဒေ့ရှ်နိုင်ငံ ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက် ဖမ်းဆီးခဲ့သည်ဆိုသည့် ဘင်္ဂလာဒေ့ရှ်နိုင်ငံသား ငါးဖမ်းသမား(၄၄)ယောက်နှင့် ငါးဖမ်းလှေ(၄)စီးကို ဘုတ်ပိုင်ရှင်များထံမှ ဆက်ကြေး တာကာငွေ ၇၅၀၀၀၀ (ကျပ်သိန်း ၁၀၀)ရယူပြီး အောက်တိုဘာလ ၂၉ ရက်နေ့က ပြန်လွှတ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ ငါးဖမ်းသမားများနှင့် ငါးဖမ်းလှေများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ဘက် မြန်မာနယ်စပ်ရှိ ချာပိုရီဒိပ်ခေါ် ရှင်မဖြူကျွန်းမှဖြစ်ကြပြီး၊ လွန်ခဲ့သော အောက်တိုဘာလ ၂၇ ရက်နေ့က ဘင်္ဂလာရေပိုင်နက် စိန့်မာတင် ခေါ် အုန်းကျွန်းအနီး၌ ငါဖမ်းနေကြနေစဉ် မြန်မာရေတပ်မှ ရေပိုင်နက်ကျူးကျော် ဝင်ရောက်ဖမ်းဆီးသွားခြင်းဖြစ်သည်ဟု ဘုတ်ပိုင်ရှင်တစ်ဦးဖြစ်သူ မိုဟာမက် ဟာချိမ်းက နိရဥ္စရာကို ယခုကဲ့သို့ပြောသည်။

''ကျွန်တော်တို့ရဲ့ ငါးဖမ်းလှေ ၄ စီးနဲ့ အလုပ်သမား ၄၄ ယောက်ကို ဘင်္ဂလာရေပိုင်နက် စိန့်မာတင်ကျွန်းနားမှာ ငါးဖမ်းနေစဉ်မှာ မြန်မာရေတပ်က လွန်ခဲ့တဲ့ ဗုဒ္ဓဟူးနေ့ကနေ ရေပိုင်နက်ကျူးကျော်ပြီး ဖမ်းယူသွားခဲ့တာဖြစ်ပါတယ်။ ပြီးတော့ ပွဲစားတွေကနေတဆင့် သူတို့က ကျွန်တော်တို့ကိုအကြောင်း ကြားတယ်လေ။ တာကာငွေ ၁၂ သိန်းပေးရင် ဘုတ်နဲ့လူအကုန်လုံး ပြန်လွှတ်ပေးမယ်ဆိုပြီးတော့ပေါ့။ နောက်ဆုံး သူတို့ကို တာကာ ၇ သိန်းခွဲပေးပြီးမှ ဘုတ်နဲ့လူတွေ အကုန်လုံးကို မနေ့ကပဲ ပြန်လွှတ်ပေးလိုက်တာဖြစ်ပါတယ်'' ဟု ပြောသည်။

တခြား ဘုတ်ပိုင်ရှင်(၃)ဦးမှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချာပိုရီဒိပ်မှဖြစ်ကြပြီး၊ ချမ်ချူမော်ဂူလာနှင့် ယာဆိမ်းဆိုသူများဖြစ်ကြကြောင်း သူကဆက်ပြောခဲ့သည်။

မြန်မာ ငါးဖမ်းသမားများ၏အဆိုအရ အဆိုပါ ဘင်္ဂလာငါးဖမ်းလှေများကို မြန်မာရေတပ်မှ စိန့်မာတင် ကျွန်း၏ အနောက်

စာမျက်နှာ ၂ ကော်လံ ၄

သိန်းရာကျော် ဆုံးရှုံးသည့် နယ်စပ်ဖြတ်ကျော်ဓါးပြတိုက်မှု

ရသေ့တောင် မြို့နယ်တွင် ဖြစ်ပွား

ဝ၆၊ ၁၀၊ ၁၀

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် သိန်းရာကျော် ဆုံးရှုံးခဲ့သည့် နယ်စပ်ဖြတ်ကျော် ဓါးပြတိုက်မှုတစ်ခု အောက်တိုဘာလ ၃ ရက်နေ့က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဓါးပြတိုက်မှုမှာ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာအနီးတွင် တည်ရှိသော ချွတ်ပြင်ကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

'' ဓါးပြတွေက ကုလားဓါးပြတွေ ဖြစ်ပါတယ်။ သိန်း ၃၀၀ ဖိုးလောက်ပါသွားခဲ့ပါတယ်။ သူတို့က ဘင်္ဂလာဒေ့ချ်နိုင်ငံထဲကနေ နတ်မြစ်ကို လှေနဲ့ဖြတ်ကျော်ဝင်ရောက်လာပြီး မေယူတောင်ကိုဖြတ်ကျော်ကာ ရသေ့တောင်နယ်ထဲ

''ဟု ဒေသခံတစ်ဦးက ပြောသည်။

ချွတ်ပြင်ကျေးရွာမှာ မေယူတောင်ခြေရင်း အရှေ့ဘက်ခြမ်းတွင်တည်ရှိသောကျေးရွာဖြစ်ပြီး ရခိုင်နှင့်သက် ဗုဒ္ဓဘာသာဝင်များနေထိုင်သော ကျေးရွာဖြစ်ကြောင်း သိရသည်။

မောင်တော ဒေသခံတစ်ဦးကလည်း '' အခုတော့ မေယူတောင်ကြောတခုလုံးကို ပိတ်ဆို့ပြီးတော့ စစ်တပ်က ရှာဖွေရေးတွေလုပ်နေပါတယ်။ ဖမ်းမိတာတော့ မရှိသေးပါဘူး။ နတ်မြစ်ကိုဖြတ်ပြီး ထွက်မပြေးနိုင်အောင် မောင်တောတောင်ပိုင်းက ငါးဖမ်းလှေတွေကို ပင်လယ်ထဲကိုထွက်ခွင့် ပိတ်ပင်ထားပါတယ်''ဟု ပြောသည်။

ယခုဓါးပြတိုက်မှုမှာ ရသေ့တောင်မြို့ ဖြင့် ပြည်သူလူထုအနေဖြင့် အထူးထိတ်လန့်တကြား ဖြစ်နေကြကြောင်းသိရသည်။

'' အခုတိုက်တဲ့ ချွတ်ပြင်ကျေးရွာနားမှာ တည်ရှိတဲ့ စေတီပြင်မှာ နစက စခန်းရော၊ ရဲစခန်းရော ရှိတယ်လေ။ ဒီလောက်ထိ အတင့်ရဲပြီး အုပ်စုဖွဲ့ဓါးပြတိုက်မှုကြောင့် လူတွေကတော့ အထူးစိုးရိမ်နေကြပါတယ်'' ဟု ဒေသခံပြော သည်။

ယခုကဲ့သို့ ဓါးပြတိုက်မှုကြောင့် အနီးအနားရှိ မူဆလင်ဘာသာဝင်များနေထိုင်သော ချွတ်ပြင်ကျေးရွာအနီးရှိ ချင်းရွာ၊ အထက်နန်းရာ၊ အောက်နန်းရာနှင့် ဘေလာမိကျေးရွာများကို စစ်တပ်က ဝင်ရောက်ရှာဖွေမှုများ ပြင်းပြင်းထန်ထန် ပြုလုပ်နေကြောင်း သိရသည်။

Arakan Post
Monthly Journal
ရခိုင်သတင်းစဉ်
November 2010

ရခိုင်မျိုးစောင့်အုပ်စု ၃ နှစ်ပြည့် အခမ်းအနားဂျပန်တွင်ကျင်းပ

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့(အမေရိကန်) Amnesty International USA မှ လူ့အခွင့်အရေး လှုပ်ရှားသူများ၊ မြန်မာ ဒီမိုကရေစီအရေး လှုပ်ရှားသူများနှင့် ပူးပေါင်းကာ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် လမ်းလျှောက်ချီတက်ပွဲနှင့် ဆန္ဒပြပွဲ အခမ်းအနားကို အမေရိကန် ဆန်ဖရန်စစ္စကိုမြို့တွင် နိုဝင်ဘာလ ၆ ရက်နေ့ ညနေ ၅ နာရီတွင် ပြုလုပ်နေပုံ၊ Photo- Baymyanmar

ဒေါ်အောင်ဆန်းစုကြည် နိုဝင်ဘာလ ၁၃ ရက်နေ့လွတ်မည်

နိရဥ္စရာ (နိုဝင်ဘာ၁၀)

မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်သက်တမ်း နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ကုန်ဆုံးသွားပြီဖြစ်သဖြင့် အဆိုပါနေ့တွင် သူမလွတ်လာမည်ကို နိုင်ငံတကာ မိသားစုနှင့် သူမကိုထောက်ခံသူ မြန်မာပြည်သူများက စိတ်ထက်သန်စွာ စောင့်မျှော်နေကြသည်။

သို့သော်လည်း နအဖ စစ်အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အား စည်းကမ်း ကန့်သတ်ချက်များဖြင့် ပြန်လည်လွှတ်ပေးကောင်း လွှတ်ပေးနိုင်ကြောင်း မြန်မာနိုင်ငံရေးလေ့လာအကဲခတ်သူများက ပြောသည်။

သို့သော်လည်း ထိုကဲ့သို့ စည်းကမ်းကန့်သတ်များနှင့် လွှတ်ပေးမှုမျိုးကို ဒေါ်အောင်ဆန်းစုကြည်က လက်ခံမည်မဟုတ်ကြောင်း သူမ၏ရှေ့နေ ဦးဉာဏ်ဝင်းက ပြောသည်။

‘‘သူမကို ပြန်လွှတ်ပေးတဲ့အခါ လွတ်လွတ်လပ်လပ် လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ချုပ်ချယ်မှုတွေလုပ်လာရင် ဒေါ်အောင်ဆန်းစုကြည်က လက်ခံမှာမဟုတ်ဘူး။ အရင်ကလည်း သူ့အနေနဲ့ လက်ခံခဲ့တာမရှိခဲ့ပါဘူး’’ဟု ဦးဉာဏ်ဝင်းက ပြောသည်။

ယခုအခါ နိုင်ငံတကာအပါအဝင် မြန်မာပြည်သူများက ဒေါ်စုလွတ်မြောက်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်နေကြသည်။

ဒေါ်အောင်ဆန်းစုကြည် ၁၉၈၈ ခုနှစ်မှာ ယနေ့အချိန်ထိ အကျယ်ချုပ် ၁၅ နှစ်ကျခံခဲ့ရသည်။

၁၉၈၉ မှ ၁၉၉၅ ခုနှစ်တကြိမ်၊ ၂၀၀၀ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ တကြိမ်၊ ၂၀၀၃ ခုနှစ်မှ မေလ ၂၀၀၉ ခုနှစ်တကြိမ်၊ ၂၀၀၉ ခုနှစ် ဩဂုတ်စ်လ ၁၁ ရက်နေ့မှ ၂၀၁၀ နိုဝင်ဘာလ ၁၃ ရက်နေ့ထိ တကြိမ် ဖြစ်သည်။

နိုင်ငံရေးအကျဉ်းသားများ အမြန်ဆုံးလွှတ်ပေးဖို့ ကုလအတွင်းရေးမှူးချုပ်တောင်းဆို

၂၉၊ ၁၀ ၊ ၁၀
VOA

မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လုပ်ဆောင်ရန် အချိန်မနှောင်းသေးကြောင်းနှင့် မြန်မာအာဏာပိုင်များအနေဖြင့် နိုင်ငံရေးအကျဉ်းသား အားလုံးကို ပြန်လွှတ်ပေးပြီး အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးအတွက် လမ်းဖွင့်ပေးဖို့ ကုလအတွင်းရေးမှူးချုပ်က တောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုချက်ကို ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပခဲ့သော ၁၇ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ပြင်ပတွင် အောက်တိုဘာလ ၂၉ ရက်နေ့က ပြုလုပ်ခဲ့သည့် အာဆီယံ–ကုလသမဂ္ဂ အစည်းအဝေးတွင် မြန်မာစစ်အစိုးရဝန်ကြီးချုပ် ဦးသိန်းစိန်ကို ပြောဆိုလိုက်ခြင်းဖြစ်သည်။

အခုအချိန်သည် မြန်မာစစ်အာဏာပိုင်များအတွက် အပြောင်းအလဲတစ်ခုကို အမှန်တကယ် လိုလားတယ်ဆိုတဲ့ အချက်ကိုပြသရန် အခွင့်အခါကောင်းဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက ပြောသည်။

၎င်းအပြင် မြန်မာနိုင်ငံအရေးကိစ္စသည် အာဆီယံဒေသအ

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ ၃၅ နေရာအနိုင်ရ

နိုဝင်ဘာလ ၇ ရက်နေ့က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်ကို ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သော ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (ရတပ)သည် အမတ် ၃၅ နေရာ အနိုင်ရရှိခဲ့သည်။

ရတပ ပါတီသည် အမျိုးသားလွှတ်တော်တွင် ၇ နေရာ၊ ပြည်ထောင်စုလွှတ်တော်တွင် ၉ နေရာ၊ ပြည်နယ် လွှတ်တော်တွင် ၁၈ နေရာနှင့် ရန်ကုန်တိုင်း ဒေသကြီးတွင် တစ်နေရာဖြစ်သည်။

ရတပ ပါတီ အမတ်နေရာအားလုံး အနိုင်ရရှိခဲ့သော မြို့နယ်များမှာ ရသေ့တောင်၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ ပေါက်တော၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များ ဖြစ်ကြသည်။

ရခိုင်ပြည်နယ်တွင် စုစုပေါင်း လွှတ်တော် ၃ ရပ်အတွက် အမတ်နေရာ စုစုပေါင်း ၆၄ နေရာရှိရာ ရတပ ၃၄ နေရာ အနိုင်ရရှိခဲ့သဖြင့် အမတ်နေရာ တဝက်ကျော်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

စစ်တွေ ပြည်ထောင်စုလွှတ်တော်နေရာတွင် အနိုင်ရရခဲ့သူ ဆရာဦးမောင်ညိုက ရတပ ပါတီ ရခိုင်ပြည်နယ်တွင် အနိုင်ရရှိခဲ့ခြင်းမှာ ရခိုင်လူငယ်များ နိုင်ငံရေးအသိနိုးကြားလာခဲ့ပြီး မခံချင်စိတ်များကြောင့် ရတပကို မဲပေးခဲ့ကြရာမှ အနိုင်ရရှိခဲ့ခြင်း ဖြစ်ကြောင်း’’ ပြောဆိုသည်။

ရွေးကောက်ပွဲ

ကြံ့ခိုင်ရေးပါတီ ၈၀ ရာနှုန်း အနိုင်ရကြောင်းကျေညာ

စစ်အစိုးရ ကျော့ထောက်နောက်ခံ ပြုထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပပြုလုပ်သော ရွေးကောက်ပွဲတွင် ၈၀ ရာနှုန်းကျော်အနိုင်ရရှိကြောင်း ပါတီတာဝန်ရှိသူများက ပြောသည်။

ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေသည့်ကြားမှ ထိုသို့ အနိုင်ရရှိကြောင်း ကြံ့ဖွံ့ထိပ်တန်းခေါင်းဆောင်များက ပြောကြားခဲ့ခြင်းဖြစ်သည်။

မဲဆန္ဒနယ်မြေ အများအပြားတွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီသည် ကြိုတင်မဲများကို အတင်းစုဆောင်းကောက်ခံပြီး အဆိုပါ ကြိုတင်မဲများကို ကြံ့ခိုင်ရေးပါတီမှ ကိုယ်စားလှယ်များ အနိုင်ရရန်အတွက် အသုံးပြုခဲ့ကြောင်း အတိုက်အခံ နိုင်ငံရေးပါတီများက ပြောကြားသည်။

ကြံ့ဖွံ့ပါတီ မဲမသမာမှုကြောင့် တခြားပါတီများမှ တချို့ကိုယ်စားလှယ်များမှာ အစပိုင်း မဲရုံများတွင် မဲရေတွက်ချိန်၌ အနိုင်ရခဲ့သော်လည်း မြို့နယ် ကော်မရှင်ရုံးများသို့ မဲပုံးများ ရောက်ရှိသောအခါ မဲရလဒ်များ ပြောင်းပြန်ဖြစ်သွားခဲ့ပြီး အရှုံးနှင့် ရင်ဆိုင်ခဲ့ကြရကြောင်း သိရသည်။

ယခုကဲ့သို့ မရိုးမသားလုပ်မှုများအပါအဝင် မဲမသမာမှု မဲလုယက်မှု များကြောင့် လက်ရှိ အစိုးရ ဝန်ကြီးများဦးဆောင် ပါဝင်အရွေးခံသော ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှာ ၈၀ ရာခိုင်နှုန်းကျော် အနိုင်ရရှိနေပြီး ကျန် ဒီမိုကရေစီလိုလားသောပါတီများမှာ အခြေအနေမကောင်း အရှုံးနှင့် ရင်ဆိုင်နေရခြင်း ဖြစ်သည်။

အမတ် ၁၀၀၀ နီးပါး ဝင်ရောက်ယှဉ်ပြိုင်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) အမတ်နေရာ ၅၇ နေရာ အနိုင်ရရှိပြီး ယခင် NLD ဗဟို အလုပ်အမှုဆောင်ဟောင်းများဦးဆောင်သော အမျိုးသားဒီမိုကရေစီ အင်အားစုပါတီမှာလည်း မဲစာရင်းရလဒ်များ အပြောင်းအလဲဖြစ်နေမှုများကြောင့် ယခင်က မျှော်လင့်ထားသကဲ့သို့ အနိုင်မရတော့ဘဲ နေရာ ၁၆၀ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ၁၆ နေရာသာ အနိုင်ရရှိခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း ဦးနု သမီး ဒေါ်သန်းသန်းနုအပါအဝင် ဝန်ကြီးဟောင်းများ သမီးများနှင့် ဦးသုဝေတို့ ဦးစီးသော ဒီမိုကရက်တစ်ပါတီ (မြန်မာ)

စာမျက်နှာ ၂ ကော်လံ ၁